# ကြေးမုံ
The Mirror
၁၉၅၇ မေ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

၁၃၇၇ ခုနှစ်၊ ဝါခေါင်လဆန်း ၄ ရက်၊ ဗုဒ္ဓဟူးနေ့ (19-8-2015) (၈၂၉၇)


သူတော်ကောင်းတရားကို ကောင်းစွာကျင့်ရာ၏၊ မကောင်းသဖြင့် မကျင့်ရာ။ သူတော်ကောင်းတရားကို ကျင့်သောသူသည် ဤဘဝ၌လည်းကောင်း၊ တမလွန်ဘဝ၌လည်းကောင်း ချမ်းသာစွာ နေရ၏။

(ဓမ္မပဒ)

## ဥပဒေကဲ့သို့ အာဏာတည်သောအမိန့် ဆက်လက်အတည်ဖြစ်ကြောင်း ကြေညာ

စာမျက်နှာ - ၃

## စစ်အုပ်ချုပ်ရေးအမိန့် ဆက်လက်ထုတ်ပြန်

စာမျက်နှာ - ၃




# ပြည်တွင်းဘဏ်များအားလုံး ဗဟိုဘဏ်၏ ကြီးကြပ်ကွပ်ကဲမှုနှင့်အတူ

## သတ်မှတ်စည်းကမ်းဘောင်နှင့် အချိုးများအတွင်း ပုံမှန်ဆောင်ရွက်လျက်ရှိကြောင်း ဗဟိုဘဏ်သတင်းထုတ်ပြန်

သတင်း - မိုးသူဇာစိုး
ဓာတ်ပုံ - ထိန်နန်နော်

နေပြည်တော် ဩဂုတ် ၁၈

**ပြည်တွင်းရှိ ပုဂ္ဂလိကဘဏ်အချို့နှင့်ပတ်သက်၍ ထွက်ပေါ်လာသည့် သတင်းများသည် ကောလာဟလများသာဖြစ်ပြီး ဘဏ်များအားလုံးသည် ဗဟိုဘဏ်၏ သတ်မှတ်စည်းကမ်းဘောင်နှင့် အချိုးများအတွင်း ရှိနေကြောင်းနှင့် ဘဏ်များတွင် ငွေကြေးအကျပ်အတည်း ဖြစ်ပေါ်ပါကလည်း လိုအပ်သောအကူအညီများကို ဥပဒေနှင့်အညီ အပြည့်အဝပံ့ပိုးသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ယနေ့ နံနက် ၉ နာရီခွဲတွင် ကျင်းပသည့် သတင်းစာရှင်းလင်းပွဲတွင် ထုတ်ပြန်ကြေညာသည်။**

"တချို့ဘဏ်တွေကို ပိတ်သိမ်းဖို့ လုပ်နေတယ်ဆိုပြီး ကောလာဟလတွေ ဖြစ်လာပါတယ်။ ဒါပေမယ့် ကျွန်တော်တို့ ဗဟိုဘဏ်ကနေ မည်သည့်ဘဏ်ကိုမှ ပိတ်သိမ်းဖို့ အစီအစဉ်လုံးဝမရှိပါဘူး။ ဘဏ်တွေအားလုံးကလည်း ကျွန်တော်တို့ ဗဟိုဘဏ်ရဲ့ စိစစ်မှုအောက်မှာ အကုန်လုံးရှိနေပါတယ်။ ဘဏ်တွေရဲ့ စာရင်းဇယားတွေကို ဗဟိုဘဏ်ကို နေ့တိုင်းပို့ရပါတယ်။ ဗဟိုဘဏ်က သတ်မှတ်ထားတဲ့ စည်းကမ်းဘောင်တွေနဲ့ အချိုးတွေ အများကြီးရှိပါတယ်။ ဒီလို သတ်မှတ်ထားတဲ့ စည်းကမ်းဘောင်အတွင်းမှာ ဘဏ်တွေအားလုံးရှိနေပါတယ်"ဟု မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌ ဦးဆက်အောင်က ဖိတ်ကြားထားသော မီဒီယာများကို ပြောသည်။

ပြည်တွင်းရှိ ဘဏ်များအားလုံးကို ငွေကြေးအကျပ်အတည်းမဖြစ်အောင် နိုင်ငံတကာထုံးစံများနှင့်အညီ အချိုးများ၊ စည်းကမ်းသတ်မှတ်ချက် ဘောင်များအတိုင်း

**စာမျက်နှာ ၃ ကော်လံ ၁ သို့** ❖




ကြေးမုံစာတည်းရှုထောင့် ၁၉-၈-၂၀၁၅၊ ဗုဒ္ဓဟူးနေ့

# အစဉ်အမြဲသတိရှိ

သတိဆိုသည်မှာ ပိုသည်ဟူ၍မရှိဟုဆိုကြသည်။ သတိတရား လက်ကိုင်ထား အမှားမရှိ၊ အန္တရာယ်မရှိ စိတ်ချလက်ချ နေထိုင်ရ၏။ အရာရာတွင် "သတိ" ရှိလျှင် ဘေးကင်းရန်ကွာ လွန်ချမ်းသာ၏။ လောကီနယ်ပယ်တွင်ဖြစ်စေ၊ လောကုတ္တရာနယ်ပယ်တွင်ဖြစ်စေ သတိဗိုလ်ဦးဆောင်လျှင် အရာရာ အောင်မြင်၏ဟု ဆိုထား၏။

ယနေ့မြန်မာနိုင်ငံတစ်ဝန်းတွင် မိုးကြီးရေလျှံမှုကြောင့် ပြည်သူအများ ရေဘေးဒုက္ခနှင့်ကြုံတွေ့နေရ၏။ ဇူလိုင်လမှ စတင်ရွာသွန်းဖြိုးသောမိုးရေသည် အထက်တွင်စီး၍ အောက်တွင်လျှံရ၏။ ရေဘေးကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေးကို အားလုံးတက်ညီလက်ညီ လုပ်ဆောင်နေကြ၏။ အချို့ဒေသ ရေပြန်ကျသွားသော်လည်း ပြည်သူများအခက်အခဲများနှင့် ကြုံတွေ့နေရဆဲဖြစ်၏။

ကြုံတွေ့ခဲ့ရသော သဘာဝရေဘေးကို ရင်ဆိုင်ကျော်လွှားနေကြသည်မှာလည်း အားရစရာဖြစ်သည်။ စေတနာရှင်များနှင့် ကူညီစောင့်ရှောက်ပေးမှုများမှာလည်း သူမတူထူးကဲလှသည်။ ကူညီစောင့်ရှောက်ပေးမှုအင်အားများမှာ အားကောင်းလှသဖြင့် ရေဘေးသင့်ပြည်သူများ ပြန်လည်လူးလွန့်ထူထောင်လာနိုင်မည်ဖြစ်သည်။ သို့သော် "သတိမမူ ဂူမမြင်"အဖြစ်သို့ မရောက်အောင် သတိတရားလက်ကိုင်ထားရမည်ဖြစ်သည်။

သဘာဝဘေးရေကြီးရေလျှံမှုဖြစ်စဉ်မှာ မြန်မာနိုင်ငံတွင် နှစ်စဉ်ကြုံတွေ့လေ့ရှိသည့် သဘာဝတရားဖြစ်သည်။ သို့သော် ယခုနှစ်ရေကြီးရေလျှံမှုဖြစ်စဉ်မှာ ယခင်နှစ်များနှင့်မတူ ပိုမိုဆိုးရွားခဲ့ပါသည်။ ပြည်သူများဘေးဒုက္ခရောက်ရုံမက အသက်အိုးအိမ်များပျက်စီးဆုံးရှုံးခဲ့ရသည်။ မြန်မာနိုင်ငံအထက်ပိုင်းတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်နေသလို မြန်မာနိုင်ငံ အောက်ပိုင်းတွင် ကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်နေရဆဲဖြစ်သည်။

မြန်မာနိုင်ငံတွင် နှစ်စဉ်ရေကြီးမှု သုံးကြိမ်ကြုံတွေ့လေ့ရှိသည်။ ပထမအကြိမ်ကို ဇွန်လတွင်လည်းကောင်း၊ ဒုတိယအကြိမ်ကို ဇူလိုင်လနှင့် ဩဂုတ်လတွင်လည်းကောင်း၊ တတိယအကြိမ် သို့မဟုတ် နောက်ဆုံးအကြိမ်ကို စက်တင်ဘာလ သို့မဟုတ် အောက်တိုဘာလတွင်လည်းကောင်း ကြုံတွေ့လေ့ရှိကြောင်း ပညာရှင်များက ယေဘုယျအားဖြင့် ခန့်မှန်းထားသည်။

ယခုနှစ်ရေကြီးရေလျှံမှုဖြစ်စဉ်ကြီးမားသွားရခြင်းမှာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုအားနည်းခြင်းကြောင့်ဟု ဆိုကြသည်။ ယင်းသည်လည်း မှန်သင့်သလောက်မှန်ကန်ပါသည်။ သို့သော်ပိုမှန်ထက်လွန်ကဲရခြင်းမှာ သဘာဝဖြစ်စဉ်သုံးမျိုးပေါင်းဆုံသွားခြင်းကြောင့်ဟု ဆိုနိုင်ပါသည်။ "ဘူးလေးရာ ဖရုံဆင့်" ဆိုသကဲ့သို့ မုတ်သုံမိုးအားကောင်းနေချိန်တွင် မုန်တိုင်းမိုးက ထပ်ဆင့်ပေါင်းပေးလိုက်သောကြောင့်ဖြစ်သည်။

ဇူလိုင်လလယ်ခန့်က ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံမိုးအားကောင်းခဲ့သည်။ ထိုသို့အားကောင်းနေစဉ် လေဖိအားနည်းရပ်ဝန်းက ပေါ်လာသည်။ လေဖိအားနည်း အားယူနေစဉ် အရှေ့ဘက်ဒေသတွင်းမှ တိုင်ဖုန်းမုန်တိုင်းတစ်လုံးဝင်ခဲ့သည်။ ဘင်္ဂလားပင်လယ်အော်မှ လေဖိအားနည်းရပ်ဝန်းသည် မြောက်ဘက် ဟိမဝန္တာတောင်ခြေသို့ကပ်သွားသည်။ ထို့ကြောင့် မြန်မာနိုင်ငံမြောက်ဘက် အထက်ပိုင်းဒေသများ မိုးအားကောင်းခဲ့သည်။ ကမ်းရိုးတန်းများတွင်လည်း မိုးအားပိုမိုလာသည်။ ထိုအချိန်တွင် ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်း၌ မန်ဆိုင် ဆိုင်ကလုန်းမုန်တိုင်းဝင်ခဲ့သည်။

ထိုသို့ သုံးဖက်သုံးတန် ညှပ်၍သဲသဲမဲမဲ ရွာသွန်းသောကြောင့် မျှော်မှန်းထားသည်ထက် ရေကြီးရေလျှံ ပိုဖြစ်ရသည်။ မြန်မာနိုင်ငံ၌ ယခုမိုးရွာသွန်းမှုဖြစ်စဉ်မှာ ကမ္ဘာပေါ်တွင် မိုးရွာသွန်းမှုအမြင့်ဆုံးအနေအထားသို့ရောက်အောင် စံချိန်ချိုးထားခဲ့သည်ဟု ဆိုကြသည်။ စံချိန်ချိုးလောက်အောင်လည်း ရေကြီးရေလျှံမှု အချိန်ကြာမြင့်ခဲ့သည်။ ရေဘေးသင့်ပြည်သူသုံးသိန်းနီးပါးရှိခဲ့ပြီး သေဆုံးသူ ၁၀၀ ခန့်မြင့်တက်လာသည်။

ဤမျှနှင့်ပြီးဆုံးပါစေဟု မြန်မာလူမျိုးများထုံးစံအတိုင်း ဆုတောင်းရမည်ဖြစ်သော်လည်း လာမည့်စက်တင်ဘာလနှင့် အောက်တိုဘာလတွင်ဖြစ်လေ့ရှိသည့် တတိယရေကြီးတတ်သည့် ကာလကိုလည်း သတိမူရမည်ဖြစ်သည်။ ထို့အပြင် ၂၀၁၅ ခုနှစ်၏ ပူနွေးခြောက်သွေ့မည့် အယ်လ်နီညိုဖြစ်စဉ်ကိုလည်း သတိထားကာ မိမိတို့ ဆောင်ရွက်ဖွယ်ရာများကို ဆက်လက်ဆောင်ရွက်ကြဖို့ တိုက်တွန်းချင်ပါသည်။ ။

## ယခုနှစ် စက်တင်ဘာလတွင် ကညန(မြင်သာ)ရုံး၌ အာမခံရုံးခန်း ဖွင့်လှစ်ဆောင်ရွက်ပေးမည်

**ရန်ကုန် ဩဂုတ် ၁၈**

ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ မော်တော်ယာဉ်များ မှတ်ပုံတင်သက်တမ်းတိုးဆောင်ရွက်ရာတွင် မဖြစ်မနေထားရှိရသော သူတစ်ပါးထိခိုက်မှု အာမခံအတွက် ပရီမီယံကြေးလွယ်ကူစွာပေးသွင်းနိုင်ရန် ယခုနှစ် စက်တင်ဘာလတွင် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန (မြင်သာ)ရုံးတွင် မြန်မာ့အာမခံလုပ်ငန်းမှ ရုံးခန်းဖွင့်လှစ်ဆောင်ရွက်ပေးမည် ဖြစ်ကြောင်း သတင်းရရှိသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း မော်တော်ယာဉ်များ မှတ်ပုံတင်သက်တမ်းတိုးဆောင်ရွက်ရာတွင် လွယ်ကူအဆင်ပြေစေရန်အတွက် ခရိုင်အလိုက် ဆောင်ရွက်ပေးနိုင်ရန် စီစဉ်လျက်ရှိပြီး ကနဦးအနေဖြင့် မြန်မာ့အာမခံလုပ်ငန်းနှင့် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတို့ ညှိနှိုင်းကာ မြန်မာ့အာမခံလုပ်ငန်း (ရုံးချုပ်)မှ ဝန်ထမ်းအင်အားထုတ်နုတ်၍ ကညန(မြင်သာ)ရုံးတွင် အာမခံပရီမီယံကြေး ပေးသွင်းနိုင်ရန် လာမည့် စက်တင်ဘာလတွင် စတင်ဆောင်ရွက်သွားမည်ဟု ဩဂုတ် ၁၇ ရက်က ကျင်းပခဲ့သည့် ပထမအကြိမ် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော် အထူးအစည်းအဝေး (၂/၂၀၁၅) ပထမနေ့တွင် လွှတ်တော်ကိုယ်စားလှယ်တစ်ဦး၏ မေးမြန်းမှုကို သက်ဆိုင်ရာက ပြန်လည်ဖြေကြားခဲ့ခြင်းဖြစ်သည်။

"မြန်မာ့အာမခံရုံးခွဲပေါင်း ၃၈ ရုံးနဲ့ ရုံးချုပ်မှာ အာမခံပရီမီယံပေးသွင်းနိုင်ပါတယ်။ တောင်ပိုင်းခရိုင် သန်လျင်မှာလည်း ပေးသွင်းနိုင်ပါတယ်။ ကနဦးမှတ်ပုံတင်ရုံးထောက်ကြန့်မှာလည်း လက်ခံဆောင်ရွက်ပေးနေပါတယ်။ သူတစ်ပါးထိခိုက်မှု အာမခံဟာယာဉ်ပိုင်ရှင်တိုင်း မထားမနေရ ထားရှိရတဲ့ အာမခံအမျိုးအစားဖြစ်ပြီး ယာဉ်တွေနဲ့ ထိခိုက်မှုဖြစ်ပေါ်တဲ့ ပြည်သူတွေကို နစ်နာမှုလျော်ကြေးငွေ ပြန်လည်ထုတ်ပေးလျက်ရှိပါတယ်။ ဝန်ထမ်းအင်အား အခက်အခဲရှိပေမယ့် ကညနရုံးချုပ်နဲ့ ညှိနှိုင်းပြီး ၂၀၁၅ စက်တင်ဘာလအတွင်းမှာ မြင်သာရုံးမှာ ပထမရုံးခန်း ဖွင့်လှစ်နိုင်အောင် စီစဉ်နေပါတယ်။ ကျန်ခရိုင်ရုံးတွေမှာလည်း ရုံးခန်းတွေ ဆက်လက်ဖွင့်နိုင်အောင် စီစဉ်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်" ဟု ကမာရွတ်မြို့နယ် မဲဆန္ဒနယ် အမှတ်(၂) လွှတ်တော်ကိုယ်စားလှယ် ဦးမြငွေ၏ မေးမြန်းမှုအပေါ် သက်ဆိုင်ရာ တာဝန်ရှိသူတစ်ဦးက ပြန်လည်ဖြေကြားသွားခဲ့ခြင်း ဖြစ်သည်။

သူတစ်ပါးထိခိုက်မှု အာမခံအမျိုးအစားသည် စက်တပ်ယာဉ်တိုင်းအတွက် ထားရှိရသော အာမခံအမျိုးအစားဖြစ်ပြီး ယာဉ်ပိုင်ရှင်က နှစ်စဉ် ယာဉ်မှတ်ပုံတင်သက်တမ်းတိုးရာတွင် မဖြစ်မနေထားရသော အာမခံအမျိုးအစားဖြစ်သည်။ စက်တပ်ယာဉ်များနှင့် ထိခိုက်မိသူ မည်သူမဆို အဆိုပါ အာမခံအမျိုးအစားအရ လျော်ကြေးတောင်းခံခွင့်ရှိပြီး သေဆုံးသူအား ကျပ်ငါးသိန်း၊ ထိခိုက်ဒဏ်ရာရရှိသူအား ဆေးမှတ်တမ်းများနှင့်အတူ အမြင့်ဆုံးလျော်ကြေး ငွေကျပ်လေးသိန်းအထိ လျော်ကြေးပေးအပ်လျက်ရှိကြောင်း သိရသည်။

(၀၀၁)

## အထွေထွေရွေးကောက်ပွဲကို ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပမည်

မဲစာရင်းမှာအမည်ပါမှ မဲပေးနိုင်ကြောင်း သတိချပ်စေလိုပါသည်။ မဲစာရင်းများယွင်းမှု ရှိနေသော်လည်း မဲပေးခွင့်မဆုံးရှုံးနိုင်ပါ။ မဲပေးပိုင်ခွင့်ရှိသူအမှန်ဖြစ်ကြောင်း တာဝန်ခံပြောကြားသူရှိလျှင် ပြင်ဆင်ရေးမှတ်၍ မဲပေးခွင့်ပြုရမည်ဟု လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများ ၅၀(ဂ)တွင် အတိအလင်း ပြဋ္ဌာန်းထားပါသည်။

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဩဂုတ် ၁၈**

| | | | |
|---|---|---|---|
| ရန်ကုန် | ရွှေဈေး | ၇၅၃၅၀၀၀ | - ၇၅၄၅၀၀ |
| မန္တလေး | ရွှေဈေး | ၇၅၃၀၀၀ | - ၇၅၄၀၀၀ |

**စက်သုံးဆီဈေးနှုန်း**

| | | | |
|---|---|---|---|
| (က) | ဒီဇယ် | တစ်လီတာ | ၆၆၀ ကျပ် |
| (ခ) | အောက်တိန်း 95 | တစ်လီတာ | ၈၀၀ ကျပ် |
| (ဂ) | အောက်တိန်း 92 | တစ်လီတာ | ၇၀၀ ကျပ် |
| (ဃ) | ဓာတ်ဆီ | တစ်လီတာ | ၇၁၀ ကျပ် |

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = ၁၂၆၆.၀ |
| (ခ) | ဥရောပ | တစ်ယူရို | = ၁၄၀၂.၀ |
| (ဂ) | တရုတ် | တစ်ယွမ် | = ၁၉၇.၉၅၈ |
| (ဃ) | ထိုင်း | တစ်ဘတ် | = ၃၅.၆၀၂ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = ၃၀၇.၀၂ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = ၁၉.၃၄၉ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = ၁၀၁၇.၂ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = ၁၀၆.၇၈ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = ၉၃၂.၇၇၀ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = ၈၉၈.၆၄ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ်
သတ်မှတ်ရည်ညွှန်းနှုန်း




ကြေးမုံ
နေ့စဉ်သတင်းစာ

**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းများ** - ဦးလှစိန်၊ ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
**သတင်းထောက်မှူး** - ဦးငွေအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေဝမ်းစိုး၊ အောင်ကျော်ကျော်
**အနုပညာစာတည်း** - ခင်ခင်သက်
**အားကစားစာတည်း** - မေလှဲ့သင်း
**ဆောင်းပါးစာတည်း** - စန္ဒာဝင်း
**အကြီးတန်းသတင်းထောက်များ** - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်
**အငယ်တန်းသတင်းထောက်များ** - သီသီမင်း၊ အောင်ကျော်ဦး၊ ခင်ဇာလီ၊ သန့်ဇင်ဝင်း၊ မေသကြိန်၊ အေးအေးမြင့်၊ ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ခင်မောင်ဝင်း၊ ဇေယျာဝင်း(ဖိုးခွား)
**အထူးသတင်းထောက်** - စုနှင်းလှဲ့၊ သီရိ

# ဥပဒေကဲ့သို့ အာဏာတည်သောအမိန့် ဆက်လက်အတည်ဖြစ်ကြောင်း ကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**ဥပဒေကဲ့သို့အာဏာတည်သောအမိန့်အမှတ် (၅/၂၀၁၅)**
**၁၃၇၇ ခုနှစ်၊ ဝါခေါင်လဆန်း ၃ ရက်**
**(၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက်)**

**ဥပဒေကဲ့သို့ အာဏာတည်သောအမိန့် ဆက်လက်အတည်ဖြစ်ကြောင်း ကြေညာခြင်း**

၁။ ရှမ်းပြည်နယ်၊ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၉ ရက်နေ့မှစတင်၍ ကိုးကန့်သောင်းကျန်းသူအဖွဲ့၏ အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် တည်ငြိမ်အေးချမ်းမှုပျက်ပြားသဖြင့် ပြည်သူများ၏လုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းစွာနေထိုင်နိုင်ရေးအတွက် ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက်နေ့တွင် ဥပဒေကဲ့သို့အာဏာတည်သော အမိန့်အမှတ် (၁/၂၀၁၅)ကိုထုတ်ပြန်၍ အရေးပေါ်အခြေအနေကြေညာခဲ့ပြီး ယင်းအမိန့်သည် ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၁၇ ရက်နေ့အထိ ဆက်လက်အတည်ဖြစ်ကြောင်း ဥပဒေကဲ့သို့အာဏာတည်သောအမိန့်အမှတ် (၃/၂၀၁၅)ကို ထပ်မံထုတ်ပြန်ခဲ့ပါသည်။

၂။ ယင်းအမိန့်သည် ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၁၇ ရက်နေ့တွင် သတ်မှတ်ရက်ကုန်ဆုံးသော်လည်း ရှမ်းပြည်နယ်၊ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၏ အုပ်ချုပ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့သည် မူလအခြေအနေသို့ ပြန်လည်ရောက်ရှိခြင်းမရှိသေးသဖြင့် ဥပဒေကဲ့သို့အာဏာတည်သောအမိန့်အမှတ် (၁/၂၀၁၅)ဖြင့် ထုတ်ပြန်ခဲ့သည့် အရေးပေါ်အခြေအနေကြေညာချက်သည် ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၁၇ ရက်နေ့အထိ ဆက်လက်အတည်ဖြစ်ကြောင်း ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ဖြင့် ကြေညာလိုက်သည်။

**(ပုံ) သိန်းစိန်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# စစ်အုပ်ချုပ်ရေးအမိန့် ဆက်လက်ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**ဥပဒေကဲ့သို့အာဏာတည်သောအမိန့်အမှတ် (၆/၂၀၁၅)**
**၁၃၇၇ ခုနှစ်၊ ဝါခေါင်လဆန်း ၃ ရက်**
**(၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက်)**

**စစ်အုပ်ချုပ်ရေးအမိန့် ဆက်လက်ထုတ်ပြန်ခြင်း**

၁။ ဥပဒေကဲ့သို့အာဏာတည်သောအမိန့်အမှတ် (၁/၂၀၁၅) ဖြင့် အရေးပေါ်အခြေအနေကြေညာထားသည့် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် အုပ်ချုပ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကို မူလအခြေအနေသို့ ပြန်လည်ရောက်ရှိစေခြင်းငှာ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၃၊ ပုဒ်မခွဲ(ခ)အရ ထုတ်ပြန်ထားသော စစ်အုပ်ချုပ်ရေးအမိန့်ကို ဆက်လက်တည်စေပြီး ယင်းအမိန့်ပါ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား ဆက်လက်အပ်နှင်းလိုက်သည်။

၂။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ယင်းတာဝန်နှင့် လုပ်ပိုင်ခွင့်များကို မိမိကိုယ်တိုင် ကျင့်သုံးဆောင်ရွက်ခြင်း သို့မဟုတ် သင့်လျော်သည့် စစ်ဘက်အာဏာပိုင်တစ်ဦးဦးကို ကျင့်သုံးဆောင်ရွက်စေခြင်းပြုနိုင်သည်။

**(ပုံ) သိန်းစိန်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**



# ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း လာအိုနိုင်ငံသို့ ရောက်ရှိ

**နေပြည်တော် ဩဂုတ် ၁၈**

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ဦးဆောင်သော မြန်မာ့တပ်မတော်ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် လာအို ဒုတိယကာကွယ်ရေးဝန်ကြီးနှင့် စစ်ဦးစီးဌာနအကြီးအကဲ Major General Souyone Leuangboummy ၏ ဖိတ်ကြားချက်အရ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီး သွားရောက်ရန် ဩဂုတ် ၁၇ ရက် နံနက်ပိုင်းက နေပြည်တော်မှ လေကြောင်းခရီးဖြင့် ထွက်ခွာခဲ့ရာ ဒေသစံတော်ချိန် မွန်းလွဲ ၁၂ နာရီ ၁၀ မိနစ်တွင် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့ရှိ ဝပ်တိုင်း အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိကြပြီး ဆက်လက်ထွက်ခွာခဲ့ရာ တည်းခိုမည့် Landmark Mekong Riverside Hotel သို့ ရောက်ရှိသည်။

ထို့နောက် ဗီယင်ကျန်းမြို့ရှိ ထက်လွှမ်ဘုရားသို့ ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီ ၂၅ မိနစ်တွင် ရောက်ရှိပြီး ဖူးမြော်ကြည်ညို၍ အလှူငွေများပေးအပ်ကာ ဘုရားပရိဝုဏ်အတွင်း လှည့်လည်ကြည့်ရှုသည်။

ဆက်လက်၍ ပတ်တူဆိုင်းသို့ ဒေသစံတော်ချိန် ညနေ ၃ နာရီ ၀၅ မိနစ်တွင်ရောက်ရှိရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ယင်းနောက် ဆီဇာကပ်ဘုရားနှင့် မြဘုရားကျောင်းသို့ ရောက်ရှိဖူးမြော်ကြပြီး မြဘုရားကျောင်းဆောင်ပြုပြင်ရေးအတွက် အလှူငွေများ ပေးအပ်ကာ ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးသည်။

ထို့နောက် ဒေသစံတော်ချိန် ညနေ ၅ နာရီ မိနစ် ၅၀ တွင် ဗီယင်ကျန်းမြို့ရှိ မြန်မာစစ်သံ (ကြည်း၊ ရေ၊ လေ)ရုံးသို့ ရောက်ရှိပြီး စစ်သံရုံးမှ မိသားစုဝင်များအား တွေ့ဆုံအားပေးစကားပြောကြားကာ လက်ဆောင်ပစ္စည်းများနှင့် စားသောက်ဖွယ်ရာများ ပေးအပ်သည်။

**(မြဝတီ)**

❖ **ပြည်တွင်းဘဏ်များမှ**

ငွေကြေးတည်ငြိမ်မှုရှိစေရန် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ဆောင်ရွက်လျက်ရှိသည်။

"တကယ်လို့သာ ဘဏ်တွေက ကျွန်တော်တို့ရဲ့ စည်းကမ်းဘောင်ထဲကနေလွတ်လာရင် ဒါမှမဟုတ် ကျွန်တော်တို့ရဲ့ သတ်မှတ်ချက်အချိုးတွေနဲ့ ကိုက်ညီမှုမရှိဘူးဆိုရင် ဗဟိုဘဏ်က ဒီဘဏ်တွေကို ချက်ချင်းခေါ်ပြီး သတိပေးပါတယ်။ သတိပေးလို့မရရင် အရေးယူမှုတွေ လုပ်ပါတယ်။ ဘဏ်တွေက နေ့စဉ်စာရင်းတွေကို နေ့တိုင်း ဗဟိုဘဏ်ကို ပေးပို့ရပါတယ်။ စာရင်းဆိုတာမှာ Financial Reporting တစ်ခုတည်းမဟုတ်ပါဘူး။ သတ်မှတ်ထားတဲ့ အချိုးတွေ စည်းကမ်းဘောင်အတွင်းရှိမရှိ ဆိုတာတွေကို Quantitative Method တွေနဲ့ စစ်ဆေးတာတွေ ရှိပါတယ်။ ဒါက အမြဲတမ်းလုပ်နေတဲ့ လုပ်ငန်းဖြစ်ပါတယ်" ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ကမ္ဘောဇ Group of Companies မှ ဦးဆောင်ညွှန်ကြားရေးမှူးဖြစ်သူ ဦးမိုးဆန်းအောင်က "ဘဏ်လုပ်ငန်းက ပြိုင်လို့မရတဲ့ လုပ်ငန်းစဉ်ဖြစ်ပြီး အဆုံးမှာ ပူးပေါင်းဆောင်ရွက်ရတာပဲ ဖြစ်ပါတယ်။ တချို့က ရည်ရွယ်ချက်ရှိရှိနဲ့ တိုက်ခိုက်ကြတာမျိုးရှိပြီး လူမှုကွန်ရက်ကနေ ဖြန့်တာမျိုးတွေ ဖြစ်လာပါတယ်။ ဒီလိုလုပ်တာက ဘဏ်လုပ်ငန်းမဟုတ်တဲ့ စီးပွားရေးသမားတွေ ဖြစ်နိုင်သလို နိုင်ငံရေးအရလည်းဖြစ်နိုင်တယ်လို့ ယူဆပါတယ်။ ဘဏ်လုပ်ငန်းနဲ့ ငွေကြေးကဏ္ဍဆိုတာ နိုင်ငံရဲ့စီးပွားရေးနဲ့ တိုက်ရိုက်ပတ်သက်တဲ့လုပ်ငန်းဖြစ်ပါတယ်။ ဒါမျိုးတွေကို ဗဟိုဘဏ်အနေနဲ့ သက်ဆိုင်ရာဝန်ကြီးဌာနတွေနဲ့ ပူးပေါင်းပြီး အရေးယူသွားရင် မီးစကို ငြိမ်းသလိုဖြစ်ပြီး နောင်မှာ ဒါမျိုးတွေ နည်းပါးသွားမယ်လို့ ယူဆပါတယ်"ဟု အဆိုပါသတင်းစာရှင်းလင်းပွဲသို့ တက်ရောက်လာရင်းပြောသည်။



ဦးဆက်အောင်။



ဦးမိုးဆန်းအောင်။



ဦးအောင်ကျော်သန်း။

မြန်မာနိုင်ငံတွင် ဗဟိုဘဏ်၏ကြီးကြပ်မှုဖြင့် လုပ်ကိုင်ဆောင်ရွက်နေသော ပြည်တွင်းပုဂ္ဂလိကဘဏ် ၂၂ ခုရှိပြီး လက်ရှိအချိန်တွင် ဗဟိုဘဏ်သို့ နေ့စဉ်ရောက်ရှိလာသော ဘဏ်များမှ ပေးပို့သည့် စာရင်းဇယား၊ အချိုးများအရ ငွေကြေးအကျပ်အတည်း ကြုံတွေ့ရသည့် ဘဏ်ဟူ၍ မရှိဘဲ သတ်မှတ်ချက်စည်းကမ်းဘောင်များကို ဘဏ်များအားလုံးအတွက် တစ်ပြေးညီ သတ်မှတ်၍ စနစ်တကျ လုပ်ကိုင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"ဒီလိုကောလာဟလတွေထွက်လာပြီး ပြဿနာတွေ ထပ်မကြုံရအောင် နိုင်ငံတော်အနေနဲ့ ဆောင်ရွက်ရမယ့်ကိစ္စတွေလည်း ရှိမှာပါ။ ဒါပေမယ့် ဗဟိုဘဏ်ရဲ့တိုက်ရိုက်ကွပ်ကဲခွင့် (Jurisdiction) အောက်မှာ မရှိပါဘူး။ ဗဟိုဘဏ်နဲ့အတူ ဘဏ်တွေက စနစ်ကျကျ စည်းကမ်းရှိရှိသွားဖို့က အဓိကဖြစ်ပါတယ်။ ဘဏ်တွေမှာ တစ်ခုခု အကျပ်အတည်းဖြစ်လာရင် အချိန်နဲ့ တစ်ပြေးညီ နောက်ကနေ ထောက်ပံ့ပေးဖို့ ဗဟိုဘဏ်က အဆင်သင့် ရှိပါတယ်"ဟု ဦးဆက်အောင်က ဆက်ပြောသည်။

ဘဏ်လုပ်ငန်းများ လှုပ်ခတ်စေရန် ရည်ရွယ်လုပ်ဆောင်နေသော ကောလာဟလများနှင့် ပတ်သက်၍ "အခုနောက်ပိုင်း အီလက်ထရွန်နစ် အက်ဥပဒေဆိုတာလည်း ရှိနေပြီဖြစ်တဲ့အတွက် ကိုယ်တိုင်နစ်နာသူက ဒီလိုကောလာဟလကြောင့် အခက်အခဲပြဿနာတွေ ဖြစ်လာတယ်ဆိုရင် တင်ပြတိုင်ကြားလို့ရပါတယ်။ နစ်နာသူက ပြည်ထဲရေးဝန်ကြီးဌာနနဲ့ သက်ဆိုင်ရာဌာနတွေကို ဆက်သွယ်ဆောင်ရွက်ခွင့်ရှိပါတယ်" ဟု မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ငွေရေးကြေးရေးနှင့် သတင်းစစ်ဆေးရေးနှင့် လေ့လာရေးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ကျော်သန်းက ဖြည့်စွက်ပြောကြားသည်။

ဆက်လက်၍ ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌက ဘဏ်လုပ်ငန်းနှင့် ဆက်နွှယ်ဆောင်ရွက်သူများအနေဖြင့် စိတ်ပူပန်စရာမရှိဘဲ ဆက်လက်ဆောင်ရွက်နိုင်ကြောင်းကို "နောက်တစ်ခုအရေးကြီးတာက အခုလိုမျိုး ကောလာဟလတွေ ဖြစ်ပြီး ဘဏ်တွေအနေနဲ့ ငွေကြေးအကျပ်အတည်းတွေ ဖြစ်ပေါ်လာရင် ဘဏ်တွေအနေနဲ့ ဗဟိုဘဏ်ကိုတောင်လာစရာမလိုပါဘူး။ Interbank Market ကနေပြီး တခြားဘဏ်တွေက ငွေချေးလို့ရပါသေးတယ်။ Interbank Market ကလည်း ချေးလို့မရဘူး၊ တခြားဘဏ်တွေကလည်း ပေးလို့ မရဘူးဆိုရင်တောင် ပူစရာမလိုပါဘူး။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ဘဏ်တွေလိုအပ်တဲ့ငွေကို ချေးပေးမှာဖြစ်ပါတယ်"ဟု ပြောသည်။

ဩဂုတ် ၁၆ ရက်နှင့် ၁၇ ရက်များတွင် လူမှုကွန်ရက်စာမျက်နှာများမှတစ်ဆင့် ထွက်ပေါ်လာသော ဘဏ်အချို့ ပိတ်သိမ်းမည်ဟူသည့် ကောလာဟလများကြောင့် ပြင်ပဘဏ်လုပ်ငန်းများတွင် ငွေသွင်းငွေထုတ်မှု ဂယက်များဖြစ်ပေါ်လာပြီး ယင်းဂယက်များကြောင့် နောက်ဆက်တွဲပြဿနာများ မဖြစ်ပေါ်လာစေရန် မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် အချိန်နှင့်တစ်ပြေးညီ သတင်းထုတ်ပြန်ချက်များ ထုတ်ပြန်ကြေညာလျက်ရှိသည်။

# အမှန်တကယ်လိုအပ်သည့် နေရာတွင် လိုအပ်သလိုပံ့ပိုးပေးနိုင်မည့် အကျိုးရှိသောအကူအညီဖြစ်ရန် လိုပါသည်



မြန်မာနိုင်ငံ ရေဘေးသင့်ပြည်သူများအတွက် အိန္ဒိယနိုင်ငံက ပေးပို့လှူဒါန်းသော ထောက်ပံ့ပစ္စည်းများကို တွေ့ရစဉ်။

ဥရောပသမဂ္ဂ၊ အမေရိကန်၊ အိန္ဒိယ၊ ဒိန်းမတ်၊ ဩစတြေးလျ စသည့် နိုင်ငံတကာမှ ကိုယ်စားလှယ်များက သတ်မှတ်ထားသောထိုင်ခုံများတွင် နေရာယူပြီးဖြစ်သလို မြန်မာနိုင်ငံ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီမှ တာဝန်ရှိသူများကလည်း ခန်းမထဲသို့ဝင်ရောက်လာကြပြီဖြစ်သည်။ နိုင်ငံတကာမိတ်ဖက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များသည် မြန်မာဘက်မှ တာဝန်ရှိသူများ ပြောကြားမည့်စကားများနှင့် ကမ်းလှမ်းချက်များကို စိတ်ဝင်တစားနားစွင့်လျက်ရှိနေကြသည်။

ရေဘေးသင့်ဒေသများ၌ ပြန်လည်ထူထောင်ရေးအတွက် ကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများကို အသိပေးအကြောင်းကြားခြင်းနှင့် ထိရောက်စွာ ပူးပေါင်းဆောင်ရွက်နိုင်ရန် မြန်မာအစိုးရနှင့် နိုင်ငံတကာမိတ်ဖက်အဖွဲ့အစည်းများ တွေ့ဆုံကြသည့် ညှိနှိုင်းအစည်းအဝေးပင်ဖြစ်သည်။

ပြီးခဲ့သည့် ဇွန်လနှင့်ဇူလိုင်လအတွင်း မြန်မာနိုင်ငံတွင် မိုးရွာသွန်းမှု စံချိန်တင်များပြားခဲ့သဖြင့် ကယားပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးမှလွဲ၍ မြန်မာနိုင်ငံအနှံ့အပြားတွင် ရေကြီးရေလျှံမှုများကို ပြည်သူများ ကြုံတွေ့ခံစားခဲ့ကြရသည်။ ထို့ပြင် ဘင်္ဂလားပင်လယ်အော် အရှေ့မြောက်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်းတစ်ခု စတင်ဖြစ်ပေါ်ခဲ့ပြီး ပိုမိုအားကောင်းသောမုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိခဲ့သည်။ ထိုမုန်တိုင်း၏ အရှိန်ကြောင့် ရခိုင်ပြည်နယ်အတွင်း လေပြင်းတိုက်ခတ်မှုများ ဖြစ်ပေါ်ခဲ့သည်။



မစ္စရီနားထား ဒက်ဆဲလီယန်

"မြန်မာနိုင်ငံမှာ မကြာခင်က ဖြစ်ပွားခဲ့တဲ့ ရေကြီးရေလျှံမှု၊ မြေပြိုမှုတွေကြောင့် ပျက်စီးဆုံးရှုံးမှုတွေအတွက် မြန်မာပြည်သူတွေနဲ့ ထပ်တူထပ်မျှ ပူဆွေးဝမ်းနည်းရပါတယ်"ဟု အစည်းအဝေးတွင် ကုလသမဂ္ဂလူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးမှူး မစ္စရီနားထား ဒက်ဆဲလီယန်က ပြောသည်။

အဆိုပါ သဘာဝဘေးကြောင့် ဩဂုတ် ၁၇ ရက်အထိ ပြည်သူပေါင်း ၁ ဒသမ ၅ သန်းခန့်၊ အိမ်ထောင်စုပေါင်း သုည ဒသမ ၄၀ သန်း နေရာရွှေ့ပြောင်းခဲ့ရပြီး ပြည်သူ ၁၀၇ ဦး အသက်ဆုံးရှုံးခဲ့ရကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ သိရသည်။



ဒေါ်မြတ်မြတ်အုန်းခင်

"ပြည်သူတွေအတွက် ကူညီကယ်ဆယ်ရေးလုပ်ငန်းတွေကို ဒေသတွင်း အစိုးရအဖွဲ့တွေ၊ တပ်မတော်၊ ကြက်ခြေနီအဖွဲ့တို့နဲ့ လက်တွဲဆောင်ရွက်နေသလို ပုဂ္ဂလိကအသင်းအဖွဲ့တွေ၊ စေတနာရှင်ပြည်သူတွေ၊ အရပ်ဘက်အဖွဲ့အစည်းတွေ၊ NGO တွေနဲ့လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်" ဟု အစည်းအဝေးတွင် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါ်မြတ်မြတ်အုန်းခင်က အဖွင့်နှုတ်ခွန်းဆက်စကားတွင် ထည့်သွင်းပြောကြားသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် ကျပ်သန်းပေါင်း ၅၉၁ ဒသမ ၅၂ သန်းလှူဒါန်းခဲ့ပြီးဖြစ်သလို ဩဂုတ် ၁၇ ရက်အထိ ရေဘေးသင့်ပြည်သူများအတွက် လှူဒါန်းငွေ ၁၅၆၂၈၄၃၄၂၂ ကျပ်နှင့် အမေရိကန်ဒေါ်လာ ၆၂၉၅၉၆ ဒသမ ၆၇ ဒေါ်လာ၊ ထိုင်းဘတ် ၁၆၈၀၅၅ ဘတ်နှင့် မလေးရှားရင်းဂစ် ၂၀၀၀ တို့ကို လက်ခံရရှိထားပြီး လိုအပ်သည့်ဒေသများသို့ ဖြန့်ဖြူးလှူဒါန်းပေးခဲ့ကြောင်း သိရသည်။



တွိုင်လီကူဗာနော့

"ကူညီကယ်ဆယ်ရေးနဲ့ ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေကို အခုလို အစိုးရနဲ့ ပြည်သူတွေ လက်တွဲဆောင်ရွက်နေကြတာကို လေးစားပါတယ်။ ပြည်ထောင်စုအစိုးရ၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေက အစိုးရအဖွဲ့တွေကြားမှာ အထက်အောက် ပေါင်းစပ်ညှိနှိုင်းရေး၊ အစိုးရအဖွဲ့အစည်းတွေနဲ့ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းတွေကြား တစ်ပြေးညီ ပူးပေါင်းဆောင်ရွက်ရေး၊ သတင်းအချက်အလက် စီမံခန့်ခွဲရေးစနစ်တွေ ဆောလျင်စွာဆောင်ရွက်ရေးနဲ့ အတူတကွ ဆန်းစစ်လေ့လာရေး၊ ထောက်ပံ့ငွေတွေကို စနစ်တကျ ခွဲဝေဖြန့်ဖြူးပေးနိုင်ရေးတွေဟာ အရေးကြီးပါတယ်"ဟု ကုလသမဂ္ဂဌာနေကိုယ်စားလှယ် တွိုင်လီကူဗာနော့က မှတ်ချက်ပြုသည်။



ဦးကျော်လွင်

ရေဘေးကြောင့် ဆုံးရှုံးမှုများအနေဖြင့် စီးပွားရေးအပေါ်တွင် သက်ရောက်မှုများရှိနိုင်ကြောင်းနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အတူတကွလက်တွဲ လုပ်ဆောင်ရန် ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများကိုလည်း ဖိတ်ခေါ်ပါကြောင်းကို ဘေးသင့်ဒေသများ အမြန်ပြန်လည်ထူထောင်ရေး ပေါင်းစပ်ညှိနှိုင်းရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင်က ထည့်သွင်းဆွေးနွေးခဲ့သည်။

ရေဘေးသင့်ဒေသရှိ ပြည်သူများ၏ စီးပွားရေးလုပ်ငန်းများကို ပြန်လည်ဖွံ့ဖြိုးလာစေအောင် စွမ်းဆောင်နိုင်စေရန် လိုအပ်သည့် ကူညီထောက်ပံ့မှုများကိုလည်း ပေးရန်လိုအပ်ကြောင်းနှင့်ပတ်သက်၍ ကုလသမဂ္ဂဌာနေကိုယ်စားလှယ် တွိုင်လီကူဗာနော့က "ပြန်လည်ထူထောင်ရေးလုပ်ဆောင်ရာမှာ အခြားနိုင်ငံတွေရဲ့ အတွေ့အကြုံတွေပေါ် အခြေခံပြီး အရေးပေါ်ဆောင်ရွက်ရမယ့် အချက်အနေနဲ့ ကျေးလက်နေပြည်သူတွေရဲ့ အသက်မွေးဝမ်းကျောင်းလုပ်ငန်းတွေနဲ့ မွေးမြူရေးလုပ်ငန်းတွေကို ထောက်ပံ့ပေးဖို့ အကြံပြုလိုပါတယ်။ လိုအပ်ချက်တွေ ဆန်းစစ်ထားမှုအပေါ် အခြေခံပြီး ပစ္စည်းအကူအညီသာမက ငွေသားအကူအညီတွေလည်း ပေးဖို့လိုအပ်ပါတယ်"ဟု အကြံပြုခဲ့သည်။



မစ္စတာမတ်ဆုယို

မြန်မာနိုင်ငံ၏ သဘာဝဘေးအန္တရာယ်ဆိုင်ရာ အရေးပေါ်ကယ်ဆယ်ရေးလုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများအတွက် ဂျပန်နိုင်ငံအနေဖြင့် အမေရိကန်ဒေါ်လာ ၂ ဒသမ ၆ သန်းကို ကူညီလှူဒါန်းသွားမည်ဖြစ်ပြီး ၎င်းအကူအညီများကို ကုလသမဂ္ဂအဖွဲ့အစည်းများ၊ IFRC၊ ICRC ကဲ့သို့သော အကူအညီပေးနေသည့် အဖွဲ့အစည်းများသို့ ပေးအပ်သွားမည်ဖြစ်ကြောင်း၊ ဘေးအန္တရာယ်ကျရောက်နေသည့် လူမှုအဖွဲ့အစည်းများအား ပြန်လည်ထူထောင်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုအပ်သည့် နေရာများသို့ ကာလတို၊ ကာလရှည်အကူအညီများပေးအပ် သွားမည်ဖြစ်ကြောင်းကို မြန်မာနိုင်ငံရှိ ဂျပန်သံရုံးမှ မစ္စတာမတ်ဆုယိုက ပြောကြားခဲ့သည်။

ရာသီဥတုအခြေအနေများကို ကြိုတင်ခန့်မှန်းတွက်ချက်နိုင်စေရန် ဂျပန်နိုင်ငံအနေဖြင့် မိုးလေဝသခန့်မှန်းရေးဗဟိုဌာနကို ကျောက်ဖြူတွင် တည်ထောင်ပေးထားပြီး ၎င်းစနစ်ဖြင့် တိကျသည့် မိုးလေဝသဆိုင်ရာ သတင်းအချက်အလက်များကို ကြိုတင်ခန့်မှန်းနိုင်မည်ဖြစ်သလို ပိုမိုကောင်းမွန်သည့် ကာကွယ်ရေးစနစ်များကို ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း သိရသည်။



မစ္စတာခရစ်မီလီဂန်

ကူညီထောက်ပံ့ရေးလုပ်ငန်းများ ထိရောက်မြန်ဆန်စေရန် အမေရိကန်ဖွံ့ဖြိုးမှု အထောက်အကူပြုရေးအဖွဲ့မှ မစ္စတာခရစ်မီလီဂန်ကလည်း "ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေကို ဆောင်ရွက်တဲ့အခါ ပွင့်လင်းမြင်သာမှု၊ ဆက်သွယ်ရေးနဲ့ လုပ်ကိုင်နိုင်စွမ်းရည်တွေက အဓိကအရေးပါပါတယ်" ဟု ထောက်ပြခဲ့သည်။

ရေဘေးသင့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်နေကြခြင်းကို ကုလသမဂ္ဂလူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးမှူး မစ္စရီနားထားဒက်ဆဲလီယန်က "မြန်မာပြည်သူတွေရဲ့ စာနာမှု၊ စည်းလုံးမှုနဲ့ ပရဟိတစိတ်ဓာတ်ခိုင်မာမှုတွေကို ဂုဏ်ယူမိပါတယ်။ ပြည်သူတွေကို ခွဲခြားမှုမရှိဘဲ လိုအပ်ချက်အတိုင်း အကူအညီအထောက်အပံ့တွေကို ဆက်လက်ပေးသွားမှာဖြစ်ပါတယ်"ဟု ဆိုသည်။

အဆိုပါအစည်းအဝေးသို့ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများ၊ လူသားချင်းစာနာမှုဆိုင်ရာ အကူအညီပေးရေးအဖွဲ့များ၊ နိုင်ငံတကာသံရုံးများမှ ကိုယ်စားလှယ်များနှင့် ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများမှ တာဝန်ရှိပုဂ္ဂိုလ်များ စုစုပေါင်း ၁၂၀ ခန့် တက်ရောက်ခဲ့ကြသည်။

ရေဘေးသင့်ဒေသများ၌ ပြန်လည်တည်ဆောက်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရန် ရေဘေးအန္တရာယ်ကျရောက်ခဲ့သောဒေသများ၊ လူဦးရေ၊ တိရစ္ဆာန်အရေအတွက်၊ စိုက်ပျိုးမြေဧကများ စသည့် အခြေခံသတင်းအချက်အလက်ရရှိရေးနှင့် အခြားအကြံပြုချက်များကို နိုင်ငံတကာမိတ်ဖက်အဖွဲ့အစည်းများက အားတက်သရောပါဝင်ဆွေးနွေးခဲ့ကြပြီး နိုင်ငံတော်အစိုးရ၏ ညှိနှိုင်းဆောင်ရွက်မှုများကို ပေါင်းစပ်ရန်အသင့်ရှိပါကြောင်းနှင့် ကျေးဇူးတင်စကားပြောကြားခဲ့ကြသည်။

ဩဂုတ် ၁၄ ရက်က နေပြည်တော်ရှိ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၌ ကျင်းပခဲ့သည့် အစည်းအဝေးသည် ရေဘေးသင့်ဒေသများရှိ ပြည်သူများ၏ ပိုမိုကောင်းမွန်သော အနာဂတ်ဘဝရရှိရေးအတွက် အမှန်တကယ် လိုအပ်နေသည့်နေရာတွင် လိုအပ်သည့်ပစ္စည်းများ ပံ့ပိုးပေးနိုင်ရန် အထောက်အကူဖြစ်စေမည့် အကျိုးရှိသော အကူအညီများဖြစ်ရန် ယုံကြည်မျှော်လင့်မိသည်။

နိုင်ငံတော်အနေဖြင့်လည်း သဘာဝဘေးအန္တရာယ် ကာကွယ်ရေးအတွက် သီးသန့်ရန်ပုံငွေမှ ငွေကျပ် ၃၉ ဒသမ ၀၅၄ ဘီလီယံ သုံးစွဲခဲ့ပြီးဖြစ်သည့်အပြင် ပျက်စီးဆုံးရှုံးမှုများအတွက် စာရင်းပြုစုရရှိမှုအလိုက် သဘာဝဘေးအန္တရာယ် ကာကွယ်ရေးအတွက် သီးသန့်ရန်ပုံငွေမှ ဆက်လက်ခွင့်ပြုပေးရန် အမြန်ဆုံးစီစဉ်ဆောင်ရွက်လျက်ရှိကြောင်း ဩဂုတ် ၁၈ ရက် နိုင်ငံပိုင်သတင်းစာများပါ ဖော်ပြချက်များအရ သိရသည်။

နန္ဒာဝင်း

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

# ဥပဒေများနှင့် လွှတ်တော်လုပ်ငန်းများကို ရရှိသည့်အချိန်အတွင်း ပြီးစီးနိုင်သမျှ ပြီးစီးအောင် ဆောင်ရွက်ကြရန်တိုက်တွန်း

**နေပြည်တော် ဩဂုတ် ၁၈**

ပြည်ထောင်စုလွှတ်တော် (၁၂) ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၇၆) ရက်မြောက်နေ့ကို ယနေ့မွန်းလွဲပိုင်းတွင်ကျင်းပရာ ပြည်ထောင်စုလွှတ်တော်နာယက က လွှတ်တော်ဆိုင်ရာလုပ်ငန်းများ ဆက်လက်ဆောင်ရွက်မည့်အခြေအနေများနှင့်စပ်လျဉ်း၍ လွှတ်တော်သို့ ရှင်းလင်းတင်ပြသည်။



ပြည်ထောင်စုလွှတ်တော်နာယက က ရှင်းလင်းတင်ပြရာတွင် ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးကျင်းပခဲ့သည့် ၂၀၁၁ ခုနှစ်မှစ၍ ယနေ့အချိန်အထိ ရုပ်သိမ်းခြင်း၊ ပြင်ဆင်ခြင်း၊ အသစ်ပြဋ္ဌာန်းခြင်းများအပါအဝင် ဥပဒေပေါင်း ၁၈၀ ခု ထုတ်ပြန်ပြီး ဖြစ်ပါကြောင်း၊ လက်ရှိဆောင်ရွက်ဆဲ ဥပဒေကြမ်းများအနေဖြင့် ပြည်ထောင်စုလွှတ်တော်တွင် ၁၀ ခု၊ ပြည်သူ့လွှတ်တော်တွင် ၂၀ ခု၊ အမျိုးသားလွှတ်တော်တွင် ၃၀ ခု ရှိပါကြောင်း၊ ယခုရက်ပိုင်းအတွင်း ပြည်ထောင်စုလွှတ်တော်သို့ နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသည့် ပြည်ထောင်စုလွှတ်တော်၌သာ ဆောင်ရွက်ရမည့် ဥပဒေကြမ်း ၅ ခု၊ ကိုးကန့်ဒေသအရေးပေါ်အခြေအနေအား သက်တမ်းတိုးမြှင့်ရန်၊ ပြည်ထောင်စုဝန်ကြီး ၂ ဦး ခန့်အပ်တာဝန်ပေးနိုင်ရန်၊ ပြည်ပချေးငွေ ချေးယူနိုင်ရေး၊ နိုင်ငံတကာစာချုပ်များတွင် ပါဝင်လက်မှတ်ရေးထိုးနိုင်ရေးတို့ အပါအဝင် မဖြစ်မနေဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့် လွှတ်တော်ဆိုင်ရာလုပ်ငန်းကိစ္စရပ်များ ရှိနေပါကြောင်း။

လွှတ်တော်များအနေဖြင့် ဆောင်ရွက်ရန်ရှိသည့် လုပ်ငန်းကိစ္စများထဲမှ မဖြစ်မနေ ဆောင်ရွက်ရမည့် ဥပဒေကြမ်းများကို လေ့လာစိစစ်ပြီး ပြီးနိုင်သမျှ ပြီးစီးရန် ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ မကြာမီ ကျင်းပမည့် ရွေးကောက်ပွဲနှင့် ရွေးကောက်ပွဲ အောင်မြင်ရေး အပါအဝင် လက်ရှိအခြေအနေများအရ လွှတ်တော်အစည်းအဝေးများ ကျင်းပရာတွင် ကာလအကန့်အသတ်ရှိမည်ဖြစ်ပါကြောင်း၊ ဆောင်ရွက်ပေးရမည့် ဥပဒေများနှင့် လွှတ်တော်လုပ်ငန်းများကို ရရှိသည့်အချိန်အတွင်း ပြီးစီးနိုင်သမျှ ပြီးစီးအောင် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းလိုပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်နိုင်ရေးအကောင်အထည်ဖော်မှု ကော်မတီရုပ်သိမ်းခြင်းကို လွှတ်တော်သို့ တင်ပြခြင်းနှင့် မှတ်တမ်းတင်ခြင်းတို့ကို ဆောင်ရွက်သည်။

ယင်းနောက် နာယက က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌထံမှပေးပို့သော လွှတ်တော်ကိုယ်စားလှယ်တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းဆိုင်ရာ ဥပဒေကြမ်း ပြဋ္ဌာန်းနိုင်ရေးတင်ပြစာနှင့် စပ်လျဉ်း၍ လွှတ်တော်သို့ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတထံမှ သဘောထားမှတ်ချက်များဖြင့် ပြန်လည်ပေးပို့လာသော မြန်မာဗုဒ္ဓဘာသာဝင်မိန်းမများ အထူးထိမ်းမြားခြင်းဆိုင်ရာ ဥပဒေကြမ်း၊ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာဥပဒေကြမ်း၊ ရှေးဟောင်းအဆောက်အအုံများ ကာကွယ်ထိန်းသိမ်းရေး ဥပဒေကြမ်းတို့နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာများကို ဖတ်ကြားခြင်းတို့ကို ဆောင်ရွက်သည်။

ယင်းနောက် နာယက က လစ်လပ်လျက်ရှိသော ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအဖြစ် ဒုတိယဗိုလ်ချုပ်ကြီးစိန်ဝင်းအား လည်းကောင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအဖြစ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေအားလည်းကောင်း ခန့်အပ်တာဝန်ပေးနိုင်ရေးနှင့် စပ်လျဉ်း၍ လွှတ်တော်သို့ တင်ပြခြင်းနှင့် ကန့်ကွက်လိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် နိုင်ငံတော်သမ္မတရုံး၏ ဥပဒေကဲ့သို့ အာဏာတည်သောအမိန့်အမှတ် (၁/၂၀၁၅)ဖြင့် ထုတ်ပြန်ခဲ့သည့် အရေးပေါ်အခြေအနေကြေညာချက်ကို ထပ်မံ၍ ရက်ပေါင်း ၉၀ အထိ ဆက်လက်အတည်ဖြစ်ရေးအတွက် လွှတ်တော်၏ သဘောတူညီချက်ရရှိရန် ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက လွှတ်တော်သို့ အဆိုတင်သွင်းသည်။

ထိုသို့ အဆိုတင်သွင်းရာတွင် ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက လက်ရှိအခြေအနေအရ အဆိုပါဒေသ၌ အုပ်ချုပ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့သည် မူလအခြေအနေသို့ ပြန်လည်ရောက်ရှိခြင်းမရှိသေးပါသဖြင့် ဥပဒေကဲ့သို့ အာဏာတည်သောအမိန့်အမှတ် (၁/၂၀၁၅)ဖြင့် ထုတ်ပြန်ခဲ့သည့် အရေးပေါ်အခြေအနေ ကြေညာချက်သည် ထပ်မံ၍ ရက်ပေါင်း ၉၀ အထိ တတိယအကြိမ်နှင့် နောက်ဆုံးအကြိမ်အဖြစ် ဆက်လက်အတည်ဖြစ်စေရန် လိုအပ်သောကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၁၂၊ ပုဒ်မခွဲ(ဃ)ပါ ပြဋ္ဌာန်းချက်နှင့်အညီ ဆောင်ရွက်နိုင်ရေးအတွက် ပြည်ထောင်စုလွှတ်တော်မှ သဘောတူခွင့်ပြုပေးနိုင်ပါရန် အဆိုတင်သွင်းသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ လောက်ကိုင်မဲဆန္ဒနယ်မှ ဦးကျော်နီနိုင်က ရပ်ရွာတည်ငြိမ်အေးချမ်းရေးအတွက် စစ်အုပ်ချုပ်ရေးဖြင့် ဆက်လက်ဆောင်ရွက်သင့်ပါကြောင်း၊ မကြာမီချုပ်ဆိုတော့မည့် တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေး သဘောတူညီမှု စာချုပ်ချုပ်ဆိုပြီးချိန်နှင့် ရွေးကောက်ပွဲပြီးချိန်တွင် ပြန်လည်ရုပ်သိမ်းပေးရန် လိုအပ်ပါကြောင်း၊ ရွေးကောက်ပွဲနီးချိန်တွင် ဒေသခံများ မဲပေးနိုင်ရန် မှတ်ပုံတင်များ ဆောင်ရွက်ပေးရေးနှင့် ဒေသခံပြည်သူများ ပြန်လည်အခြေကျနေထိုင်နိုင်ရန် ဆောင်ရွက်ပေးသင့်ပါကြောင်းဖြင့် ဆွေးနွေးခဲ့ပြီး အဆိုကို လွှတ်တော်က သဘောတူအတည်ဖြစ်ကြောင်း ဆုံးဖြတ်ခဲ့သည်။

ယင်းနောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့သော မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနလက်အောက်ရှိ တိုင်းဒေသကြီး၊ ပြည်နယ် ၁၄ ခုနှင့် နေပြည်တော်ကောင်စီနယ်မြေတို့တွင် ကျေးရွာလျှပ်စစ်မီးလင်းရေးစီမံကိန်းအတွက် အမေရိကန်ဒေါ်လာသန်း ၉၀၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနလက်အောက်ရှိ နိုင်ငံတော်ဓာတ်အားစနစ်မှ ဆက်သွယ်ပေးသည့် လျှပ်စစ်ဓာတ်အားတိုးချဲ့ရေးစီမံကိန်းအတွက် အမေရိကန်ဒေါ်လာသန်း ၃၁၀ ချေးငွေများနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးတင်ငွေနှင့် ဦးအောင်သန်းဦးတို့က အဆိုပါချေးငွေဖြင့် ဝန်ကြီးဌာနအလိုက် ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြခဲ့ကြသည်။

**(သတင်းစဉ်)**

အမျိုးသားလွှတ်တော်အစည်းအဝေး

# မဲဆန္ဒနယ်အတွင်း ကွင်းဆင်းဆောင်ရွက်နိုင်ရန် အမျိုးသားလွှတ်တော်အစည်းအဝေးကို ရပ်နားပေးနိုင်ရေး အရေးကြီးအဆို တင်သွင်း

**နေပြည်တော် ဩဂုတ် ၁၈**

အမျိုးသားလွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၇၄) ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကြည်ထွန်းက **လွှတ်တော်ကိုယ်စားလှယ်များ၏ မိမိနယ်မြေ၊ မိမိမဲဆန္ဒနယ်ပြည်သူများ ရေဘေးအန္တရာယ်ကျရောက်မှုအတွက် ကာကွယ်ရေးလုပ်ငန်းများ၊ ကယ်ဆယ်ရေးလုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ လုပ်ဆောင်ရန်၊ ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် ပါတီအသီးသီးမှ လွှတ်တော်ကိုယ်စားလှယ်လောင်းများအနေဖြင့် ကိုယ်စားလှယ်စိစစ်ရေးကိစ္စများ ဆောင်ရွက်နိုင်ရန်၊ မကြာမီရောက်ရှိမည့် စည်းရုံးရေးကာလတွင် မဲဆန္ဒနယ်အတွင်း ကွင်းဆင်းဆောင်ရွက်နိုင်ရန် အမျိုးသားလွှတ်တော်အစည်းအဝေးကို ရပ်နားပေးနိုင်ရေး အရေးကြီးအဆို** တင်သွင်းခဲ့သည်။



မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကြည်ထွန်း။



မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါက်တာဝင်းမြင့်အောင်။

အလားတူ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါက်တာဝင်းမြင့်အောင်က မြန်မာနိုင်ငံအနှံ့အပြားတွင် ဇူလိုင်လနှင့် ဩဂုတ်လအတွင်း မိုးသည်းထန်စွာ ရွာသွန်းခြင်း၊ မုန်တိုင်းတိုက်ခတ်ခြင်းများကြောင့် မြစ်ရေကြီးမှုများ၊ ရေတိုက်စားမှုများကြောင့် လူနှင့် တိရစ္ဆာန်များသေဆုံးခြင်း၊ ရေနစ်မြုပ်ခြင်း၊ အိမ်များမျောပါခြင်း၊ မြေပြိုခြင်း၊ တောင်ပြိုခြင်း၊ နွံများပိတ်ဆို့ခြင်း၊ စိုက်ပျိုးသီးနှံများ ပျက်စီးခြင်း၊ ပျိုးထောင်ထားသော စပါးသီးနှံများ ပျက်စီးခြင်း စသည့်ဘေးဒုက္ခများ ကျရောက်ခဲ့ပါကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အစိုးရက ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်တို့ကို အရေးပေါ်သဘာဝဘေး ကျရောက်သည့်ဒေသများအဖြစ် အမိန့်ထုတ်ပြန်ကြေညာခဲ့ပါကြောင်း၊ အလားတူ လွှတ်တော်အစည်းအဝေးများကိုလည်း ရက်ရွှေ့ဆိုင်းခဲ့ပါကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကလည်း ကိုယ်စားလှယ်လောင်းအမည်စာရင်းတင်သွင်းသည့် နေ့ရက်ကို တိုးမြှင့်သတ်မှတ်ပေးခဲ့ပါကြောင်း၊ ထို့ကြောင့် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့်လည်း ရေဘေးသင့်ပြည်သူများအတွက် ကူညီဆောင်ရွက်မှုများ ပြုလုပ်ပေးနိုင်ခဲ့ပါကြောင်း၊ ဆက်လက်၍လည်း ရေဘေးသင့်ပြည်သူများအတွက် ကူညီဆောင်ရွက်ရန်ကိစ္စများ ကျန်ရှိနေပါကြောင်း ဆွေးနွေးကာ **ယခုကျင်းပနေသည့် အမျိုးသားလွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေးကို ရပ်နားပေးပါရန် အရေးကြီးအဆို** တင်သွင်းခဲ့သည်။

ယင်းအရေးကြီးအဆိုများသည် အကြောင်းအရာတူညီသည့်အတွက် တစ်ပေါင်းတည်းဆောင်ရွက်သွားမည်ဖြစ်ပြီး လွှတ်တော်ကလည်း လက်ခံဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

ယနေ့အစည်းအဝေးတွင် ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော တစ်လင်တစ်မယားစနစ် ကျင့်သုံးခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်းသည့် အစီရင်ခံစာကို ဥပဒေကြမ်းကော်မတီဝင်က ဖတ်ကြားတင်သွင်းကာ လွှတ်တော်၏ အဆုံးအဖြတ်ရယူ အတည်ပြုခဲ့သည်။

ထို့နောက် ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော အနုညာတစီရင်ဆုံးဖြတ်ခြင်း ဥပဒေကြမ်းကို လွှတ်တော်၏ အဆုံးအဖြတ်ရယူအတည်ပြုခဲ့သည်။

ယနေ့အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ် နှစ်ဦးက အရေးကြီးအဆို နှစ်ခု တင်သွင်းခြင်း၊ ဥပဒေကြမ်းများနှင့်စပ်လျဉ်း၍ အစီရင်ခံစာဖတ်ကြားခြင်း၊ လွှတ်တော်၏ အဆုံးအဖြတ်ရယူအတည်ပြုခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။

**(သတင်းစဉ်)**

ပြည်သူ့လွှတ်တော် အစည်းအဝေး

# ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများနှင့် စီးပွားရေးလုပ်ငန်းများလုပ်ကိုင်ခွင့်ပြုရာတွင် တင်ဒါစည်းကမ်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရမည်

နေပြည်တော် ဩဂုတ် ၁၈

**ပထမအကြိမ် ပြည်သူ့လွှတ်တော်(၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၈၂)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ဆက်လက်ကျင်းပရာ ရှေးဦးစွာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကားပြောကြားပြီး ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်း က "၂၀၁၅ ခုနှစ် ဇွန်လမှ ဩဂုတ်လအတွင်း တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်း သဘာဝဘေးသင့်မှုများနှင့် နိုဝင်ဘာလ ၈ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးအတွက် ပြင်ဆင်ရမည့်အချိန် အလွန်နီးကပ်နေခြင်းတို့ကြောင့် ကျင်းပနေဆဲ (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးကို ရပ်ဆိုင်းပေးပါရန်" အရေးကြီးအဆိုတင်သွင်းရာ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံဆွေးနွေးသည်။**

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဆိုနှင့်စပ်လျဉ်း၍ ပြန်လည်ဆွေးနွေးသည်။

ယင်းနောက် မလှိုင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးအေးမောက်၏ **"သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနအသီးသီးမှ လုပ်ငန်းများအား တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများသို့ နိုင်ငံတော်သမ္မတကြီးမှချထားသည့်အတိုင်း ဘဏ္ဍာရန်ပုံငွေအသုံးစရိတ် အချိန်မီလွှဲပြောင်းပေးနိုင်ခြင်း ရှိ၊ မရှိနှင့် လုပ်ငန်းများဆောင်ရွက်ရာတွင် ပွင့်လင်းမြင်သာမှုရှိပြီး ပြည်သူများ သိရှိခွင့်ရစေရန် အမိန့်ညွှန်ကြားချက် ထုတ်ပေးနိုင်ခြင်း ရှိ၊ မရှိ သိလိုခြင်း"** မေးခွန်းနှင့်စပ်လျဉ်း၍ ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာလင်းအောင်က ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကို ပြည်ထောင်စုလွှတ်တော်က အတည်ပြုပြီး ၂၀၁၅ ခုနှစ် ဧပြီ ၉ ရက်တွင် နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုး အတည်ပြု ပြဋ္ဌာန်းခဲ့ပါကြောင်း။

ရင်းနှီးမြှုပ်နှံမှုငွေလုံးငွေရင်း အသုံးစရိတ်များ သုံးစွဲရာတွင် ပြည်ထောင်စုက ကိုယ်တိုင်ဆောင်ရွက်သည်များရှိသကဲ့သို့ ပြည်ထောင်စုဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့တို့ ညှိနှိုင်း၍ ပြည်ထောင်စုက တိုင်းဒေသကြီး၊ ပြည်နယ်သို့ ရန်ပုံငွေလွှဲပြောင်းပေးပြီး ဆောင်ရွက်သည်များလည်း ရှိပါကြောင်း၊ ထို့ပြင် မူလကပင် တိုင်းဒေသကြီး၊ ပြည်နယ် ဘဏ္ဍာရန်ပုံငွေ အစီအစဉ်ဖြင့် ဆောင်ရွက်သည်များလည်း ရှိပါကြောင်း၊ မည်သို့ပင်ဆောင်ရွက်သည်ဖြစ်စေ ဘဏ္ဍာရန်ပုံငွေများကို အချိန်မီ လွှဲပြောင်းပေးအပ်ရမည် ဖြစ်ပါကြောင်း။

ဌာန၊ အဖွဲ့အစည်းများသည် ငွေလုံးငွေရင်း အသုံးစရိတ်များဖြင့် တည်ဆောက်ရေး၊ ပစ္စည်းဝယ်ယူရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် နိုင်ငံတော်သမ္မတရုံးမှ ၂၀၁၃ ခုနှစ် ဧပြီ ၅ ရက်ပါ ညွှန်ကြားချက် အမှတ် ၁၊ ၂၀၁၃ ဖြင့် ထုတ်ပြန်ခဲ့သော ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများနှင့် စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ခွင့်ပြုရာတွင် တင်ဒါစည်းကမ်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွက် တင်ဒါခေါ်ယူပြီးစီးမှုနှင့်ပတ်သက်၍ စိစစ်ခဲ့ရာ ပြည်ထောင်စုဝန်ကြီးဌာန (၈)ခုသည် ပထမ(၃)လအတွင်း တင်ဒါခေါ်ယူမှု လုပ်ငန်းစဉ်များ ဆောင်ရွက်ပြီးစီးပြီ ဖြစ်ပါကြောင်း၊ ပြည်ထောင်စုဝန်ကြီးဌာန(၂၂)ခုတွင် တင်ဒါခေါ်ယူရန် ဆောင်ရွက်ဆဲဖြစ်သည်ကို သိရှိရပါကြောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ် အစိုးရအဖွဲ့များအနက် တိုင်းဒေသကြီး၊ ပြည်နယ်(၆)ခုတွင် ပထမ(၃)လအတွင်း ခေါ်ယူပြီးစီးပြီဖြစ်ပြီး တိုင်းဒေသကြီး၊ ပြည်နယ်(၈)ခုတွင် ခေါ်ယူရန် ဆောင်ရွက်ဆဲဖြစ်ပါကြောင်း။

ကျန်ဝန်ကြီးဌာနများအနေဖြင့် တင်ဒါလုပ်ငန်းများအတွက် နိုင်ငံပိုင်သတင်းစာများမှ ကြော်ငြာခေါ်ယူခြင်း၊ ဝန်ကြီးဌာနwebsite တွင် ကြော်ငြာခြင်း စသည်ဖြင့် ဆောင်ရွက်ခဲ့ကြပြီး လုပ်ငန်းနှင့်ပတ်သက်သည့် အချက်အလက်များအား သိရှိလိုပါက သက်ဆိုင်ရာရုံးချုပ်ဌာနများသို့ဖြစ်စေ၊ သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်ရုံးများ သို့ဖြစ်စေ၊ ဝန်ကြီးဌာနများမှ ဖော်ပြထားသော တာဝန်ရှိသူ အဆင့်ဆင့်သို့ဖြစ်စေ စုံစမ်းမေးမြန်းနိုင်ပါကြောင်း ရှင်းလင်းဖြေကြားသည်။


ဒေါက်တာလင်းအောင်။


ဦးအေးမောက်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး နတ်တလင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးရဲထွဋ်ဦး၏ **"တရားဝင်တင်သွင်းလာသော မော်တော်ဆိုင်ကယ်များကို လိုင်စင်( ဗီးတက်)၊ အုံနာဘုတ်ပေးရာတွင် ကြန့်ကြာနေပါသဖြင့် ထိုကာလအတွင်း မတော်တဆ ယာဉ်တိုက်မှုများ ဖြစ်ပွားပါက လိုင်စင်မဲ့ သို့မဟုတ် လိုင်စင်ရှိကို မည်သို့သတ်မှတ်ပြီး မည်သို့စီမံဆောင်ရွက်မည်ကို သိလိုခြင်း"** မေးခွန်းအား ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးချန်မောင်က မော်တော်ဆိုင်ကယ် အရောင်းပြခန်း၊ ကုမ္ပဏီများအနေဖြင့် မူသေနံပါတ်ပြားဖိုးငွေများ ပေးသွင်းခြင်းမရှိပါက ဌာနအနေဖြင့် ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)နှင့် ယာဉ်မှတ်ပုံတင် သက်သေခံလက်မှတ်(အဝိုင်း)တို့ ထုတ်ပေး၍ မရနိုင်ပါကြောင်းနှင့် ငွေပေးသွင်းပြီး စီးရေ အနည်း၊ အများပေါ်မူတည်၍ အများဆုံး(၇)ရက်အတွင်း အပြီး ဆောင်ရွက်ပေးနိုင်ပါကြောင်း။

သို့ဖြစ်ပါ၍ ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)နှင့် ယာဉ်မှတ်ပုံတင် သက်သေခံ လက်မှတ်(အဝိုင်း)တို့ ထုတ်ပေးခြင်းတို့အတွက် နှစ်လကျော်ကြာမြင့်ရသည့် အကြောင်းအရင်းမှာ မော်တော်ဆိုင်ကယ်ရောင်းချသော ကုမ္ပဏီများမှ မူသေနံပါတ်ရယူ၍ ယာဉ်စစ်ဆေးပြီးသော်လည်း ယာဉ်မှတ်ပုံတင်ခများကို ချက်ချင်းပေးသွင်းနိုင်မှု မရှိခြင်း၊ စာရွက်စာတမ်း အထောက်အထားများ မပြည့်စုံခြင်းတို့ကြောင့်သာ ကြန့်ကြာမှု ရှိနိုင်ပါကြောင်း၊ လိုင်စင်မဲ့ဟု သတ်မှတ်မည်ဆိုပါက တရားဝင်မော်တော်ဆိုင်ကယ် ဝယ်ယူစီးနင်းသော အများပြည်သူများအတွက် မည်သို့စီမံဆောင်ရွက်မည်ဆိုသည့် မေးခွန်းနှင့်စပ်လျဉ်း၍ တရားဝင်မော်တော်ဆိုင်ကယ် ဝယ်ယူစီးနင်းသည့်အတွက် သွင်းကုန်လိုင်စင်၊ သွင်းကုန်ကြေညာလွှာ၊ အကောက်ခွန်ဖော်ပြချက် အထောက်အထားများနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းမှ တရားဝင်အခွန်ဆောင်ပြီး စာရွက်စာတမ်းများရှိပြီး ဖြစ်ပါကြောင်း။

တရားဝင်မော်တော်ဆိုင်ကယ် စီးနင်းသူများအနေဖြင့် အဆိုပါ စာရွက်စာတမ်းအထောက်အထားများကို ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရုံးတွင် တင်ပြ၍ မူသေနံပါတ်ရယူခြင်း၊ ယာဉ်စစ်ဆေးခြင်း၊ ကနဦးမှတ်ပုံတင်ခ၊ သူတစ်ပါးထိခိုက်မှု အာမခံပေးသွင်းပြီး ဖောင်းကြွနံပါတ်ပြားဖိုးငွေများ ပေးသွင်းရမည်ဖြစ်ပြီး ငွေပေးသွင်းပြီး မော်တော်ဆိုင်ကယ်များအား ယာဉ်မှတ်ပုံတင် သက်သေခံလက်မှတ် (အဝိုင်း)ကို (၁)ရက်အတွင်း ထုတ်ပေးနိုင်ရေး စီစဉ်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းဖြေကြားသည်။

ယင်းနောက် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်က **"လမ်းနှင့် တံတားအသုံးပြုခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း"** ကိုတင်သွင်းရာ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီဝင် ပေါက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ညိုက အစီရင်ခံစာ ဖတ်ကြားရှင်းလင်းပြီး အဆိုပါဥပဒေကြမ်းကို ဆွေးနွေး၍ ပြင်ဆင်ချက်အဆိုတင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်းကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ကြေညာသည် ။

ထို့နောက် အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့သော **"ကိုးကွယ်ရာဘာသာ ကူးပြောင်းခြင်းဆိုင်ရာ ဥပဒေကြမ်း"** နှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်မရှိ အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ကို ရယူသည်။

ယနေ့အစည်းအဝေးတွင် မေးခွန်း(၃)ခု မေးမြန်းဖြေကြားခြင်း၊ ဥပဒေကြမ်းတစ်ခု ပြင်ချက်မရှိ အတည်ပြုခြင်း၊ ဥပဒေကြမ်းတစ်ခု တင်သွင်းခြင်းနှင့် အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်းတို့ ဆောင်ရွက်ကြသည်။

**(သတင်းစဉ်)**

## ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားများ အထူးသတိပြုနေထိုင်သွားလာကြရန် ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံရုံးမှ သတိပေးနှိုးဆော်ထား

**နေပြည်တော် ဩဂုတ် ၁၈**

ထိုင်းနိုင်ငံ ဘန်ကောက်မြို့ လူစည်ကားရာအရပ်ဖြစ်သည့် ဧရာဝဏ်(လေးမျက်နှာဘုရား)အနီးတွင် ယမန်နေ့ညဦးပိုင်းက ဗုံးပေါက်ကွဲခဲ့မှုကြောင့် သေဆုံးဒဏ်ရာရရှိမှုများ ဖြစ်ပွားခဲ့သည်။

အဆိုပါ သေဆုံးဒဏ်ရာရရှိသူများတွင် တရုတ်နိုင်ငံနှင့် ဖိလစ်ပိုင်နိုင်ငံတို့မှ ကမ္ဘာလှည့်ခရီးသွားများပါဝင်ခဲ့သည်။ သို့အတွက် ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားများ အန္တရာယ်မရှိစေရန်အတွက် မသွားလာသင့်သည့်နေရာများကို ဘန်ကောက်မြို့ရှိမြန်မာသံရုံး၏အင်တာနက်စာမျက်နှာ www.myanmarembassybkk.com တွင် လွှင့်တင်၍ သတိပေးနှိုးဆော်ထားသည်။

အဆိုပါသတိပေးနှိုးဆော်စာတွင် ထိုင်းနိုင်ငံ ဘန်ကောက်မြို့တော် လူစည်ကားရာအချက်အချာကျသည့် (လေးမျက်နှာ) ဧရာဝဏ်ဘုရားအနီး Ratchprasong လမ်းဆုံ၌ ၁၇-၈-၂၀၁၅ ရက် ညနေပိုင်းတွင် ပြင်းထန်သည့် ဗုံးပေါက်ကွဲမှုကြောင့် လူများစွာသေဆုံး၊ ဒဏ်ရာရရှိမှုများဖြစ်ပွားခဲ့ကြောင်း။

သို့ဖြစ်၍ ထိုင်းနိုင်ငံတွင် အလုပ်လုပ်ကိုင်လျက်ရှိသော မြန်မာနိုင်ငံသား အလုပ်သမားများ၊ ထိုင်းနိုင်ငံရှိ တက္ကသိုလ်များတွင် အစိုးရအစီအစဉ်ဖြင့် ဘာသာရပ်ဆိုင်ရာ သင်တန်းတက်ရောက်လျက်ရှိသော အစိုးရဝန်ထမ်းပညာတော်သင်များ၊ ထိုင်းနိုင်ငံရှိ တက္ကသိုလ်/ကောလိပ်များတွင် မိမိအစီအစဉ်ဖြင့် ပညာသင်ကြားလျက်ရှိကြသော မြန်မာကျောင်းသားများ၊ ထိုင်းနိုင်ငံသို့ ခေတ္တအလည်အပတ်လာရောက်ကြသော မြန်မာနိုင်ငံသားခရီးသွားများ၊ ထိုင်းနိုင်ငံရှိ ဆေးရုံ/ဆေးခန်းများတွင် ဆေးဝါးကုသရန်နှင့် ကျန်းမာရေးဆိုင်ရာ စစ်ဆေးမှုများပြုလုပ်ရန် လာရောက်ကြသည့် မြန်မာနိုင်ငံသားများအနေဖြင့် အထူးသတိပြုနေထိုင်သွားလာကြပါရန်နှင့် အန္တရာယ်ဖြစ်ပွားရန် စိုးရိမ်ဖွယ်ပစ်မှတ်ထားဆောင်ရွက်နိုင်သည့် နယ်မြေ (Dangerous Areas) အဖြစ် ထိုင်းအစိုးရက သတ်မှတ်ထားသည့် လတ်ချ်ပစုံလမ်းဆုံ (Ratchaprasong intersection)၊ ပထွန်ဝမ်လမ်းဆုံ (Pathuwan intersection)၊ စီလုံလမ်းဆုံ (Silom Road)၊ ခေါင်းဆန်လမ်းဆုံ (Khao San Road)၊ နာရာထိဝတ်လမ်းဆုံ (Narathiwat intersection)၊ အနုစာဝရီ (Victory Monument)၊ တုချိုင်လမ်းဆုံ (Tuek Chai intersection)၊ ဘိန်ကျစီရိပန်းခြံ (Benjasiri Park)၊ ထောင်လော်လမ်းသွယ် (Soi Thong Lor)၊ စုခွန်ဗစ်လမ်း (Sukhumvit Road)တို့သို့ ရှောင်ရှားသတိပြုနိုင်ကြရန် အထူးသတိပေးနှိုးဆော်ကြောင်း ဖော်ပြထားသည်။ **(သတင်းစဉ်)**

## လွှတ်တော်ကိုယ်စားလှယ်တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ဥပဒေကြမ်းပူးပေါင်းကော်မတီနှင့် လွှတ်တော်အတွင်းရှိ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ ညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် ဩဂုတ် ၁၈**

ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီသည် လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသော လွှတ်တော်ကိုယ်စားလှယ်တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းဆိုင်ရာဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဇူလိုင် ၁၆ ရက်တွင် ကျင်းပခဲ့သည့် ပထမအကြိမ် ပြည်ထောင်စုလွှတ်တော်(၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး(၇၂)ရက်မြောက်နေ့တွင် ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ မူလသဘောထားမှတ်ချက်အပေါ်တွင် ဆုံးဖြတ်ရန်ဖြစ်သော်လည်း နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားဖြစ်ထွန်းစေမည့် မှန်ကန်သောဥပဒေကောင်းတစ်ရပ်ဖြစ်ရန်အတွက် ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ယနေ့တွင် ဥပဒေကြမ်းပူးပေါင်းကော်မတီနှင့် လွှတ်တော်အတွင်းရှိနိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ ညှိနှိုင်းအစည်းအဝေးကျင်းပခဲ့သည်။

ညှိနှိုင်းအစည်းအဝေးသို့ ဥပဒေကြမ်းပူးပေါင်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ဦးနန္ဒကျော်စွာ တက်ရောက်အမှာစကားပြောကြားခဲ့ပြီး ဒုတိယဥက္ကဋ္ဌဦးတီခွန်မြတ်နှင့် ဦးခင်မောင်ရီတို့က ဆွေးနွေးမှာကြားကာ လွှတ်တော်အတွင်းရှိနိုင်ငံရေးပါတီ (၂၀) မှ ကိုယ်စားလှယ်များ၊ တစ်သီးပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ်များနှင့် တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

**(သတင်းစဉ်)**

## အခမ်းအနားမှူး သင်တန်းဖွင့်

**နေပြည်တော် ဩဂုတ် ၁၈**

သာသနာရေး ဝန်ကြီးဌာနက ကြီးမှူး၍ ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ ဝိဇယမင်္ဂလာခမ္မသဘင်ခန်းမ၌ ဩဂုတ် ၁၇ရက်က အခမ်းအနားမှူးသင်တန်းကို ဖွင့်လှစ်ပို့ချရာ ဖွင့်ပွဲအခမ်းအနားသို့ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမိုးဇော်ရွှေတက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

သာသနာရေးဝန်ကြီးဌာနမှ ဖွင့်လှစ်သည့် အခမ်းအနားမှူးသင်တန်းကို ဩဂုတ် ၁၇ရက်မှ ဩဂုတ် ၂၄ ရက်အထိ ပို့ချသွားမည်ဖြစ်ပြီး သင်တန်းဆရာများအဖြစ် ဦးမင်းကြည် ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း) သာသနာတော်ထွန်းကားပြန့်ပွားရေး ဦးစီးဌာန၊ ဦးစံသင်းလှိုင် ညွှန်ကြားရေးမှူး(ငြိမ်း) သာသနာတော်ထွန်းကားပြန့်ပွားရေး ဦးစီးဌာနနှင့် ဦးသူရ လက်ထောက်ညွှန်ကြားရေးမှူး သာသနာရေး ဦးစီးဌာနတို့က ပို့ချသွားမည်ဖြစ်ပြီး သာသနာရေးဦးစီးဌာနနှင့် သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနတို့မှ သင်တန်းသားဝန်ထမ်း ၂၈ဦးတို့ တက်ရောက်ကြကြောင်း သာသနာရေး ဦးစီးဌာနမှ သိရသည်။ **(ကြေးမုံ)**

## ရေဘေးသင့်ပြည်သူများအတွက် ပြည်တွင်း ပြည်ပ အလှူရှင်များ၏ အလှူပစ္စည်းများ လက်ခံရရှိ

**နေပြည်တော် ဩဂုတ် ၁၈**

မြန်မာနိုင်ငံအတွင်း ရေဘေးသင့်ပြည်သူများအတွက် ပြည်တွင်း ပြည်ပ အလှူရှင်များက အလှူပစ္စည်းများ ပေးပို့လှူဒါန်းလျက်ရှိရာ ဩဂုတ် ၁၆ ရက်က မန္တလေးတံတားဦးလေဆိပ်သို့ တရုတ်နိုင်ငံ ရွှေလီမှ ခန့်မှန်းတန်ဖိုး ယွမ် ၂၀၄၅၀၀ တန်ဖိုးရှိ ခေါက်ဆွဲခြောက်ဖာ၅၀၀၊ စားသုံးဆီပုံး ၅၀၀၊ ဆန်တန် ၃၀၊ မုန့်အမျိုးမျိုးဘူး ၅၀၀၊ ရေသန့်ဖာ ၅၀၀၊ အင်္ကျီအထည် ၅၀၀ တို့ကို လေကြောင်းမှတစ်ဆင့် ပေးပို့ခဲ့သည်။

အလားတူ ဩဂုတ် ၁၇ ရက်က မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ်တွင် General Point Company Ltd က မာမားခေါက်ဆွဲခြောက် ၁၉ ဖာ၊ အဝတ်အထည်ဆာလာအိတ် ရှစ်အိတ်၊ ဓာတ်ဆား ဆာလာအိတ် သုံးအိတ်၊ ရေသန့် ခြောက်လုံးတွဲ ၄၅ တွဲတို့ကို ရခိုင်ပြည်နယ်အတွက် လည်းကောင်း၊ ရခိုင်အမျိုးသမီးအသင်းက ပလတ်စတစ်ပုံး(ကြီး) ၅၀၊ ပလတ်စတစ်ပုံး (သေး) နှစ်ပုံးကို ရန်ကုန်နှင့် ရခိုင်ပြည်နယ်အတွက် လည်းကောင်း၊ ပဲခူးမြို့သူ မြို့သားများအဖွဲ့က အဝတ်အထည်အိတ် ၁၀၀ ကိုကလေးမြို့နယ်အတွက် လည်းကောင်း၊ ဖျာပုံ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအဖွဲ့က ဆန် ၇၅ အိတ်၊ ငါးပိလေးအိတ်ကို ကလေးမြို့အတွက် လည်းကောင်း လက်ခံရရှိခဲ့သည်။

ထို့အတူ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအောက်ရှိ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး၊ မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး၊ နေပြည်တော်ရုံးများသို့ လှူဒါန်းသည့် ပစ္စည်းများမှာ ရွှေသိမ်တော်မြတ်စွာဘုရား ရုပ်ပွားတော် အဆူ ၃၀၊ အဝတ်အထည် မျိုးစုံ ၉၁ ထုပ်၊ ချပ်ဖာ နှစ်ဖာ၊ ဆန် ၂၄ ပြည် တစ်အိတ်၊ အိတ်ပိုင်း ငါးအိတ်၊ ခေါက်ဆွဲခြောက်လေးဖာ၊ ဖယောင်းတိုင် တစ်ထုပ်၊ လူသုံးကုန် တစ်အိတ်၊ ခြင်ထောင်၊ စောင်တစ်အိတ်၊ ထီးတစ်လက်၊ ဆပ်ပြာ တစ်အိတ်၊ ဆေးမျိုးစုံ တစ်အိတ်၊ ရေသန့် (ခြောက်ဘူးပါ) ၈၅၅ ကတ်၊ ရေသန့် သုံးကတ်၊ ကော်သေတ္တာပုံးနှစ်ပုံး၊ ပစ္စည်းစုံ (အဝတ်အထည်+စာအုပ်)တစ်ဖာ ခန့်မှန်းတန်ဖိုးငွေကျပ် ၅၁၁၂၆၀၀ ရှိကြောင်း သိရသည်။

ထို့ပြင် ဩဂုတ် ၁၇ ရက်က ထိုင်းဘုရင့်သမီးတော်က ရေဘေးသင့်ပြည်သူများအတွက် ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးသို့ လှူဒါန်းလက်ခံရရှိသော ပစ္စည်းများမှာ ပစ္စည်းစုံအထုပ်၄၅၀၀၊ အဝတ်အထည်အထုပ် ၁၅၀၀၊ ရေသန့်စင်မှုန့်ဘူး ၂၀၊ စောင်အထည် ၁၀၀၀၊ မိုးကာတဲအလုံး ၁၀၀၀၊ ခေါင်းအုံးအလုံး ၁၀၀၀၊ အမိုးတာလပတ် ငါးလိပ်၊ ပလတ်စတစ်မိုးကာလိပ် ၅၅၀၊ ဓာတ်မီးအလုံး ၁၀၀၀၊ ဖျာ အချပ် ၈၄၀၀၊ ဆန်အိတ်ကြီး ခြောက်အိတ်၊ ဆန်အိတ်သေး ၂၄ အိတ်၊ မာမားဖာ(သေး) ၆၅ ဖာ၊ ပစ္စည်းစုံငါးဖာ၊ ဆီခုနစ်ကတ်၊ အမျိုးသမီးသုံးပစ္စည်း ၂၄ ထုပ်၊ ပဲနို့ တစ်ကတ်၊ စာအုပ် ၅၉ ထုပ်၊ ငါးသေတ္တာ ၁၀ ကတ်၊ ကြာဆံ သုံးထုပ်၊ မုန့်ပုံး တစ်ပုံး၊ ဓာတ်မီး ၁၂ ဖာ၊ ဆေး လေးဖာ၊ အနွေးထည် သုံးအိတ်၊ ခေါင်းအုံး ငါးအိတ်၊ ရေသန့်ကတ် ၉၀၊ အချိုရည် ငါးကတ်တို့ကို ရရှိခဲ့ပြီး ယင်းပစ္စည်းများကို ဧရာဝတီတိုင်းဒေသကြီးသို့ ဆက်လက်ပေးပို့ လှူဒါန်းခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

## ရေဘေးသင့်ဒေသများသို့ လေယာဉ်များဖြင့် ကယ်ဆယ်ရေးပစ္စည်းပို့ဆောင်

**နေပြည်တော် ဩဂုတ် ၁၈**

သဘာဝဘေးအန္တရာယ်ကြုံတွေ့နေရသည့် ရေဘေးသင့်ဒေသများရှိ ပြည်သူများထံသို့ ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးအပ်နိုင်ရန် ပြည်တွင်းလေကြောင်းလိုင်းများမှ လေယာဉ်များဖြင့် ဆက်လက်ပေးပို့လျက်ရှိသည်။

ပြည်တွင်းလေကြောင်းလိုင်းဖြစ်သည့် ကမ္ဘောဇလေကြောင်းမှ လေယာဉ်ဖြင့် ကယ်ဆယ်ရေးနှင့် ထောက်ပံ့ပစ္စည်းများ ပို့ဆောင်ပေးလျက်ရှိရာ ဩဂုတ် ၁၈ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး ကလေးလေဆိပ်သို့ ခေါက်ရေတစ်ခေါက်ဖြင့် ဆေးပစ္စည်း၊ မိုးရေကာဖျင်လိပ်နှင့် အဝတ်အထည်များ ပေးပို့လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## အလှူငွေနှင့်ပစ္စည်းများ ကြိုတင်ဆက်သွယ်လှူဒါန်းနိုင်ရန် မေတ္တာရပ်ခံနှိုးဆော်ထား

**နေပြည်တော် ဩဂုတ် ၁၈**

ရေဘေးသင့်စာသင်ကျောင်းများနှင့် ကျောင်းသား ကျောင်းသူများ ပြန်လည်ထူထောင်ရေးအတွက် အလှူငွေနှင့်ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ရန်ကုန်တက္ကသိုလ်စိန်ရတုခန်းမ၌ ဩဂုတ် ၂၀ ရက် မွန်းလွဲ ၁ နာရီတွင် ကျင်းပမည်ဖြစ်ရာ လှူဒါန်းလိုသူများအနေဖြင့် အလှူငွေများကို မြန်မာ့စီးပွားရေးဘဏ် (နေပြည်တော်)ရှိ အခြေခံပညာဦးစီးဌာန ငွေစာရင်းအမှတ် (OA 011919)သို့လည်းကောင်း၊ အလှူငွေနှင့် ပစ္စည်းများစာရင်းကို အောက်ဖော်ပြပါပုဂ္ဂိုလ်များထံသို့လည်းကောင်း ကြိုတင်ဆက်သွယ်အကြောင်းကြားပေးကြရန် ပညာရေးဝန်ကြီးဌာနက မေတ္တာရပ်ခံနှိုးဆော်ထားသည်-

(က) ဦးဇော်ဝင်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ၀၉-၈၃၀၆၇၃၃၊ ၀၆၇-၄၀၇၆၈၄။
(ခ) ဦးအောင်မြင့်၊ ညွှန်ကြားရေးမှူး(ပညာ)၊ ၀၉-၅၆၆၁၁၄၈၊၀၆၇-၄၀၇၆၉၀။
(ဂ) ဒေါ်ဝင်းဝင်းမြင့်၊ ဒုတိယညွှန်ကြားရေးမှူး၊ ၀၉-၄၂၀၁၃၃၁၆၉၊၀၆၇-၄၀၇၃၉၂။
(ဃ) ဒေါက်တာဥမ္မာသန်း၊ လက်ထောက်ညွှန်ကြားရေးမှူး၊ ၀၉-၅၁၇၉၉၅၀၊၀၆၇-၄၀၇၆၉၀။

စေတနာရှင် ပြည်သူများအနေဖြင့် လှူဒါန်းနိုင်သောအဆောက်အအုံ၊ ပရိဘောဂပစ္စည်း၊ စာရေးကိရိယာ အမျိုးအစားနှင့် ဈေးနှုန်းများမှာ ဖော်ပြပါအတိုင်းဖြစ်ကြောင်းသိရသည်-

**အဆောက်အအုံ**

| | | | |
|---|---|---|---|
| (က) မူလတန်းကျောင်းဆောင် | ပေ(၆၀ × ၃၀) | ခြေတံရှည် (၈ပေ) | RC - သိန်း၄၀၀ |
| (ခ) မူလတန်းလွန် ကျောင်းဆောင် | ပေ(၉၀ × ၃၀) | ခြေတံရှည် (၈ပေ) | RC - သိန်း၆၀၀ |
| (ဂ) အလယ်တန်းကျောင်းဆောင် | ပေ(၁၂၀ × ၃၀) | ခြေတံရှည် (၈ပေ) | RC - သိန်း၈၀၀ |

**ပရိဘောဂပစ္စည်း**

| | |
|---|---|
| (ဃ) အထက်တန်း/အလယ်တန်းဆင့်သုံးပလတ်စတစ်စာရေးစားပွဲနှင့် ထိုင်ခုံ (၁)စုံ | - ၂၆၇၇၅ ကျပ် |
| (င) အထက်တန်း/အလယ်တန်းဆင့်သုံး လေးယောက်တွဲ သစ်သားစာရေးစားပွဲနှင့် ထိုင်ခုံ (၁)စုံ | - ၄၃၀၀၀ ကျပ် |
| (စ) မူလတန်းဆင့်သုံး(၄)ယောက်တွဲ သစ်သားစာရေးစားပွဲနှင့် ထိုင်ခုံ (၁)စုံ | - ၃၈၇၀၀ ကျပ် |
| (ဆ) မူလတန်းဆင့်သုံးပလတ်စတစ် စာရေးစားပွဲနှင့် ထိုင်ခုံ (၁)စုံ | - ၂၃၁၀၀ ကျပ် |
| (ဇ) မူလတန်းဆင့်သုံးပလတ်စတစ်(၂)ယောက်တွဲစာရေးစားပွဲနှင့် ထိုင်ခုံ (၂)လုံး (၁)စုံ | - ၁၁၅၅၀ ကျပ် |

**စာရေးကိရိယာ**

| | | |
|---|---|---|
| (ဈ) ဗလာစာအုပ် | (၁) ဒါဇင် | - ၁၅၀၀ ကျပ် |
| (ည) ခဲတံ | (၁)ဒါဇင် | - ၈၅၀ ကျပ် |
| (ဋ) ဘောပင် | (၁)ဒါဇင် | - ၁၂၀၀ ကျပ် |
| (ဌ) ခဲဖျက် | (၁)ဒါဇင် | - ၅၄၀ ကျပ် |
| (ဍ) ချွန်စက် | (၁)ဒါဇင် | - ၈၄၀ ကျပ် |

**(သတင်းစဉ်)**

## ကြံခင်းမြို့နယ်အတွင်း ရေကြီးနစ်မြုပ်ခဲ့သည့်ကျေးရွာများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**ကြံခင်း ဩဂုတ် ၁၈**

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ် ကဇင်းကြီးအုပ်စု သမ္ဘရာအင်းကြီးရွာနှင့် မဲကုန်းအုပ်စု အုတ်ပုံကွင်း၊ ကမ်းနား၊ မြေနီကုန်းကျေးရွာများသို့ ကြံခင်းမြို့နယ် ရွေ့လျားကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့က ဩဂုတ် ၁၆ ရက်က သွားရောက်၍ ကျေးရွာနေပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးကြသည်။

ထို့ပြင် ဖြိုးစည်သူ ကုမ္ပဏီနှင့် ရန်ကုန်မြို့ တိရစ္ဆာန်ချစ်သူများအသင်းတို့ ပူးပေါင်း၍ ကျွဲနွားများ ကာကွယ်ဆေးထိုးခြင်းကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ ကြံခင်းမြို့နယ် ရွေ့လျားကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့တွင် မြို့နယ်ဆရာဝန်ကြီး ဒေါက်တာဝင်းနိုင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်သူဝင်း၊ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဒေါက်တာမောင်ဝင်းနှင့် ဌာနဆိုင်ရာဝန်ထမ်းများလိုက်ပါ၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းနှင့် ရေကျချိန်တွင် ဖြစ်ပွားတတ်သော ရောဂါများအကြောင်းနှင့် ရောဂါဖြစ်ပွားမှုမရှိစေရန် ဆောင်ရန်ရှောင်ရန် ကျန်းမာရေးအသိပညာဗဟုသုတများကို ရှင်းလင်းဆွေးနွေးဟောပြောခဲ့ကြကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် ကြံခင်းမြို့နယ် သမ္ဘရာအင်းကြီးကျေးရွာတွင် လူနာ ၅၄ ဦးအား ဆေးဝါးကုသပေးပြီး နွား ၈၃ ကောင်ကို ကာကွယ်ဆေးထိုးပေးခဲ့သည်။ ကြံခင်းမြို့နယ် မဲကုန်းအုပ်စု အုတ်ပုံကွင်း၊ ကမ်းနား၊ မြေနီကုန်းကျေးရွာ သုံးရွာမှ လူနာ ၇၁ ဦးအား ဆေးဝါးကုသပေးပြီး နွား ၇၅ ကောင်ကို ကာကွယ်ဆေးထိုးခြင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ဝင်းဗိုလ်(မြို့နယ်ပြန်/ဆက်)**




## သတင်းဓာတ်ပုံမြင်ကွင်း

ဓာတ်ပုံ – ဌေးအောင်



ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ်အတွင်း ရေကြီးရေလျှံ၍ ပျက်စီးသွားသောလမ်းများအနက် မြောက်ဦးမှ လောင်းကြက်ကျေးရွာသို့ သွားလမ်း ပြန်လည်ပြုပြင်ပြီးစီးမှုကို ဩဂုတ် ၁၄ ရက်က တွေ့ရစဉ်။



မြောက်ဦးမြို့နယ်တွင် ရေများပြန်လည်ကျဆင်းသွား၍ တောင်သူများ လယ်ယာလုပ်ငန်းသို့ ပြန်လည်ဝင်ရောက်လုပ်ကိုင်နေသည်ကို ဩဂုတ် ၁၄ ရက်က တွေ့ရစဉ်။

# ဟားခါးမြို့ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် ထောက်ပံ့ငွေများ ပေးအပ်



**နေပြည်တော် သြဂုတ် ၁၈**

အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်သည် သြဂုတ် ၁၇ ရက်တွင် ချင်းပြည်နယ် ဟားခါးမြို့၏ မြေပြိုမှုအခြေအနေကို ကြည့်ရှုလေ့လာ၍ အိမ်တွင်းမှုလုပ်ငန်းပညာသင်ကျောင်း၌ စက်ချုပ်သင်တန်းပို့ချနေမှုနှင့် မူကြိုကျောင်းတို့ကို စစ်ဆေးသည်။

ထို့နောက် မြို့ဟောင်းရပ်ကွက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးသင်တန်းကျောင်း၊ ပြည်တော်သာရပ်ကွက်သို့ သွားရောက်ပြီး လမ်းများ၊ နေအိမ်များနှင့် ဌာနဆိုင်ရာအဆောက်အအုံများ ပျက်စီးနေမှု၊ ရုန်းတောင်မြေပြိုမှုနှင့် တော်လှန်ရေးရေကန်ပျက်စီးမှုတို့ကို ကြည့်ရှုလေ့လာပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် လိုအပ်သည်များ ဖြည့်ဆည်းပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အ. ထ. က(၂) ကယ်ဆယ်ရေးစခန်း၌ ကျင်းပသော ချင်းပြည်နယ် ရေဘေးသင့်ပြည်သူများနှင့် စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများအား ထောက်ပံ့ငွေပေးအပ်ပွဲ အခမ်းအနား၌ အမှာစကားပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ် ဦးဟုန်းငိုင်းက အမှာစကားပြောကြားသည်။

အခမ်းအနားတွင် မင်းတပ်မြို့နယ် ထင်းချောင်းကျေးရွာနေ အသက် (၁၀၄) နှစ်ရှိ အဘွားဒေါ်လိန်းအွဲအတွက် နိုင်ငံတော်သမ္မတကြီး၏ ဂုဏ်ပြုလွှာနှင့် ချီးမြှင့်ငွေကျပ် နှစ်သိန်း၊ ချင်းပြည်နယ်အတွင်း ရေဘေးသင့်ပြည်သူများ၏ အိမ်ခြေ ၂၆၁၇ အိမ်အတွက် ငွေကျပ် ၅၂၃ ဒသမ ၄ သိန်း၊ သေဆုံးခဲ့သူ ငါးဦးအတွက် ငွေကျပ် ငါးသိန်း၊ အ. ထ. က(၂) ကယ်ဆယ်ရေးစခန်းရှိ အိမ်ထောင်စု ၈၁စုအတွက် ကယ်ဆယ်ရေးပစ္စည်း ခုနစ်မျိုးစီ၊ ဟားခါးမြို့နယ်ရှိ အိမ်ထောင်စု ၇၇၂စုအတွက် ကယ်ဆယ်ရေးပစ္စည်း ငါးမျိုးစီ၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးသင်တန်းကျောင်းအတွက် အမျိုးသားဝတ်လုံချည်နှင့် တီရှပ် ၁၂၄ ထည်စီ၊ ဟားခါးခရိုင်ရှိ ဘိုးဘွားရိပ်သာတစ်ခု၊ လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာလေးခုနှင့် ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်း ၁၂ ကျောင်းအတွက် ငွေကျပ် ၁၄၅ ဒသမ ၁၄သိန်း၊ ဖလမ်းခရိုင်ရှိ လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာငါးခုနှင့် ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်း ၁၈ ကျောင်းအတွက် ငွေကျပ် ၂၀၂ ဒသမ ၃၅ သိန်း၊ မင်းတပ်ခရိုင်ရှိ ဘိုးဘွားရိပ်သာတစ်ခု၊ လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာ ၁၀ခု နှင့် ကိုယ့်အားကိုယ်ကိုးမူလတန်းကြိုကျောင်းလေးကျောင်းအတွက် ငွေကျပ် ၂၅၀ ဒသမ ၈၅ သိန်းနှင့် ရေဘေးသင့်ပြည်သူများအတွက် ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၅၈)မှ ငွေကျပ် ငါးသိန်း စုစုပေါင်း ငွေကျပ် ၁၁၃၃ ဒသမ ၇၄ သိန်းနှင့် ငွေကျပ် ၈၃ သိန်းခန့်တန်ဖိုးရှိ ကယ်ဆယ်ရေးပစ္စည်းများကို ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့က ထောက်ပံ့ပေးအပ်ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ရေဘေးသင့်ပြည်သူများနှင့် တွေ့ဆုံအားပေးစကားပြောကြားကာ ဟားခါး-ဂန့်ဂေါလမ်း ၂မိုင် ၂ဖာလုံ၌ တောင်ပြိုနေမှုကို ကြည့်ရှုခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**

# ရန်ကုန်တိုင်းဒေသကြီး ဗဟိုသိုလှောင်ရုံသို့ ရေဘေးသင့်ပြည်သူများအတွက် ဆက်သွယ်ထောက်ပံ့လှူဒါန်းမှုများ ဖြန့်ဖြူးပေးလျက်ရှိ

**နေပြည်တော် သြဂုတ် ၁၈**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး ဗဟိုသိုလှောင်ရုံသို့ ရေဘေးသင့်ပြည်သူများအတွက် ပြည်တွင်း ပြည်ပမှ စေတနာရှင်များက အစားအစာ၊ ကယ်ဆယ်ရေးပစ္စည်းများ၊ အိမ်သုံးပစ္စည်းများနှင့် မိသားစုသုံးပစ္စည်းများအား လာရောက်လှူဒါန်းလျက်ရှိသည်။ သြဂုတ် ၁၈ ရက်အထိ ရောက်ရှိလှူဒါန်းမှုနှင့် ဖြန့်ခွဲမှု စာရင်းများအရ ရန်ကုန်တိုင်းဒေသကြီး ဗဟိုသိုလှောင်ရုံသို့ ရောက်ရှိလာသည့် အစားအသောက်များ၊ လူသုံးပစ္စည်းများအားလုံးကို ပြည်နယ်နှင့်တိုင်းဒေသကြီးများရှိ ရေဘေးသင့်ဒေသများသို့ အချိန်နှင့်တစ်ပြေးညီ စနစ်တကျ ဖြန့်ခွဲပေးလျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

# လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ၂၀၁၅ ခုနှစ် ဇွန်လ၊ ဇူလိုင်လနှင့် သြဂုတ်လအတွင်း တိုင်းဒေသကြီး/ပြည်နယ်များအလိုက် ရေဘေးဖြစ်ပွားမှုအပေါ် ထောက်ပံ့မှုအခြေအနေဇယားချုပ် (၁၈-၈-၂၀၁၅)

**နေပြည်တော် သြဂုတ် ၁၈**

မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ဇွန်၂၄ ရက်မှ ၂၈ ရက်အထိ တိုင်းဒေသကြီးသုံးခုနှင့် ပြည်နယ်နှစ်ခုတွင်လည်းကောင်း၊ ဇူလိုင် ၁၆ ရက်မှ သြဂုတ် ၁၈ရက်အထိ တိုင်းဒေသကြီးခြောက်ခုနှင့် ပြည်နယ်ခြောက်ခုတို့တွင်လည်းကောင်း သဘာဝဘေးအန္တရာယ်များကြောင့် အိမ်ထောင်စု ၄၀၂၂၄၇ စုမှ လူဦးရေ ၁၆၀၂၀၃၂ ဦး ရေဘေးသင့်ခဲ့ပြီး ၁၁၇ ဦးသေဆုံးခဲ့မှုအပေါ် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ဆန်ရိက္ခာ တန်ဖိုးငွေကျပ် ၉၃၈၅၇၆၅၀၊ အရေးပေါ်အစားအစာတန်ဖိုးငွေကျပ်၁၅၂၄၄၂၃၀၊ အိမ်ဆောက်ပစ္စည်းတန်ဖိုးငွေကျပ် ၁၅၀၈၅၀၀၀၀၊ ကယ်ဆယ်ရေးပစ္စည်းတန်ဖိုးငွေကျပ် ၃၂၂၂၇၃၃၇၄ နှင့် သေဆုံးမှုထောက်ပံ့ကြေး ငွေကျပ် ၉၃၀၀၀၀၀ စုစုပေါင်းတန်ဖိုးငွေကျပ် ၅၉၁၅၂၅၂၅၄ ကို ပေးပို့ထောက်ပံ့ခဲ့သည်။

| စဉ် | ဘေးဖြစ်ပွားသည့် တိုင်းဒေသကြီး/ပြည်နယ် | ဘေးသင့်အိမ်ထောင်စု | | ဘေးသင့်လူဦးရေ | သေဆုံး | ထောက်ပံ့မှု (ကျပ်) | | | | | | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | မျောပါ/ပျက်စီး | ပြောင်းရွှေ့ | | | ဆန်ရိက္ခာ | အရေးပေါ် အစားအစာ | အိမ်ဆောက် ပစ္စည်း | ကဆရ ပစ္စည်း | သေဆုံး | စုစုပေါင်း | |
| **ဇွန်လ (၂၄) ရက်နေ့မှ (၂၈) ရက်နေ့အထိ** | | | | | | | | | | | | |
| ၁။ | ရခိုင်ပြည်နယ် | ၃၈၉ | ၁၈၆၇ | ၁၃၅၄၂ | ၆ | ၂၈၃၅၀၀၀ | ၂၈၃၅၈၄၀ | ၄၀၃၀၀၀၀၀ | ၁၃၆၆၉၆၁၄ | ၆၀၀၀၀၀ | ၆၀၂၄၀၄၅၄ | |
| ၂။ | တနင်္သာရီတိုင်းဒေသကြီး | - | ၅၆ | ၂၆၄ | - | ၁၇၄၆၀၀ | - | - | ၄၅၅၂၈၀ | - | ၆၂၉၈၈၀ | |
| ၃။ | ကရင်ပြည်နယ် | - | ၇၂ | ၃၈၉ | - | - | ၉၅၆၉၄၀ | - | - | - | ၉၅၆၉၄၀ | |
| ၄။ | ဧရာဝတီတိုင်းဒေသကြီး | ၄ | ၁၄၉ | ၇၁၆ | ၁ | ၅၃၇၇၅၀ | - | - | ၁၂၉၉၆၃၄ | ၁၀၀၀၀၀ | ၁၉၃၇၃၈၄ | |
| ၅။ | ပဲခူးတိုင်းဒေသကြီး | ၁၂ | ၂ | - | - | - | - | - | ၂၈၁၀၅၂ | - | ၂၈၁၀၅၂ | |
| | **စုစုပေါင်း** | **၄၀၅** | **၂၁၄၆** | **၁၄၉၁၁** | **၇** | **၃၅၄၇၃၅၀** | **၃၇၉၂၇၈၀** | **၄၀၃၀၀၀၀၀** | **၁၅၇၀၅၅၈၀** | **၇၀၀၀၀၀** | **၆၄၀၄၅၇၁၀** | |
| **ဇူလိုင်လ (၁၆) ရက်နေ့မှ သြဂုတ်လ (၁၈)ရက်နေ့အထိ** | | | | | | | | | | | | |
| ၁။ | စစ်ကိုင်းတိုင်းဒေသကြီး | ၁၆၀၆ | ၆၅၆၈၃ | ၃၉၈၀၈၃ | ၁၉ | ၃၉၈၇၃၁၅၀ | - | ၁၇၅၀၀၀၀ | ၅၅၂၇၄၀၆၀ | ၁၃၀၀၀၀၀ | ၉၈၁၉၇၂၁၀ | |
| ၂။ | ကချင်ပြည်နယ် | ၅၃ | ၁၁၄၅ | ၆၂၁၉ | ၁ | ၁၂၉၅၀၃၀၀ | - | ၂၅၀၀၀၀၀ | ၂၉၁၀၅၄၀ | ၁၀၀၀၀၀ | ၁၈၄၆၀၈၄၀ | |
| ၃။ | ရှမ်းပြည်နယ် | ၁၂၇ | ၁၄၈၆ | ၇၆၁၁ | ၉ | ၈၉၁၀၀ | - | ၁၀၀၀၀၀၀ | ၅၀၉၉၇၂၂ | ၅၀၀၀၀၀ | ၆၆၈၈၈၂၂ | |
| ၄။ | မန္တလေးတိုင်းဒေသကြီး | ၁၈၈ | ၃၇၅၅ | ၁၅၆၀၂ | ၁၂ | ၉၄၁၆၅၀၀ | - | ၄၉၀၀၀၀၀ | ၃၀၅၂၅၆၁၀ | ၁၁၀၀၀၀၀ | ၄၅၉၆၂၁၁၀ | |
| ၅။ | ချင်းပြည်နယ် | ၂၇၅၉ | ၂၆၇၉ | ၁၃၂၉၈ | ၅ | - | - | - | ၄၈၅၄၆၈ | ၁၀၀၀၀၀ | ၅၈၅၄၆၈ | |
| ၆။ | ရခိုင်ပြည်နယ် | ၁၀၄၈၅ | ၁၆၇၂၈ | ၉၈၀၂၆ | ၅၆ | - | - | - | ၇၀၄၀၃၆၉၄ | ၅၅၀၀၀၀၀ | ၇၅၉၀၃၆၉၄ | |
| ၇။ | ကရင်ပြည်နယ် | - | ၁၃၉၉ | ၇၃၂၅ | - | ၆၅၂၄၄၀၀ | ၇၂၉၃၄၅၀ | - | - | - | ၁၃၈၁၇၈၅၀ | |
| ၈။ | မွန်ပြည်နယ် | - | ၁၅၁၅ | ၆၆၃၂ | - | - | ၄၁၅၈၀၀၀ | - | ၂၃၄၉၅၇၀ | - | ၆၅၀၇၅၇၀ | |
| ၉။ | ပဲခူးတိုင်းဒေသကြီး | ၂၁၃ | ၈၇၉၅၅ | ၁၇၇၃၁၅ | ၂ | - | - | - | ၃၀၄၁၂၃၂၀ | - | ၃၀၄၁၂၃၂၀ | |
| ၁၀။ | မကွေးတိုင်းဒေသကြီး | ၄၆၄ | ၆၃၂၂၃ | ၃၀၈၀၄၆ | ၂ | ၅၇၆၀၀၀၀ | - | ၁၀၀၀၀၀၀၀၀ | ၅၇၃၅၂၆၅၀ | - | ၁၆၃၁၁၂၆၅၀ | |
| ၁၁။ | ဧရာဝတီတိုင်းဒေသကြီး | ၁၈၆၀ | ၁၂၀၁၈၄ | ၄၈၅၆၈၃ | ၃ | ၁၅၆၆၀၂၀၀ | - | ၄၀၀၀၀၀ | ၄၁၂၀၁၄၂၀ | - | ၅၇၂၆၁၆၂၀ | |
| ၁၂။ | ရန်ကုန်တိုင်းဒေသကြီး | ၂၇ | ၁၆၁၆၂ | ၆၃၂၇၁ | ၁ | ၁၆၆၅၀ | - | - | ၁၀၅၅၂၇၄၀ | - | ၁၀၅၆၉၃၉၀ | |
| | **စုစုပေါင်း** | **၁၇၇၈၂** | **၃၈၁၉၁၄** | **၁၅၈၇၁၂၁** | **၁၁၀** | **၉၀၃၁၀၃၀၀** | **၁၁၄၅၁၄၅၀** | **၁၁၀၅၅၀၀၀၀** | **၃၀၆၅၆၇၇၉၄** | **၈၆၀၀၀၀၀** | **၅၂၇၄၇၉၅၄၄** | |
| | **ဇွန်လ၊ ဇူလိုင်လနှင့် သြဂုတ်လ စုစုပေါင်း** | **၁၈၁၈၇** | **၃၈၄၀၆၀** | **၁၆၀၂၀၃၂** | **၁၁၇** | **၉၃၈၅၇၆၅၀** | **၁၅၂၄၄၂၃၀** | **၁၅၀၈၅၀၀၀၀** | **၃၂၂၂၇၃၃၇၄** | **၉၃၀၀၀၀၀** | **၅၉၁၅၂၅၂၅၄** | |

## ကူညီထောက်ပံ့မှုများ

# အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီသို့ အလှူငွေနှင့် ပစ္စည်းများပေးအပ်လှူဒါန်း

**နေပြည်တော် ဩဂုတ် ၁၈**

ရေဘေးသင့်ပြည်သူများအတွက် အလှူငွေနှင့် ပစ္စည်းများကို နေပြည်တော်ရှိ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန၊ တိုင်းဒေသကြီး/ပြည်နယ် ဦးစီးမှူးရုံးများသို့ လာရောက်လှူဒါန်းလျက်ရှိရာ ဩဂုတ် ၁၈ ရက်တွင် နေပြည်တော် (ရုံးချုပ်) အလှူခံဌာန၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံ Mongolia Leah Energy Development (Hong Kong) Limited ၏ CEO ဖြစ်သူ MR. SUYALETU က တရုတ်ယွမ် ၅၀၀၀၊ လားရှိုးခရိုင် မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နှင့် အမျိုးသမီးရေးရာအဖွဲ့မှ အလှူငွေကျပ် ၁၀၀၀၀၀၀ ကို မြန်မာ့စီးပွားရေးဘဏ် နေပြည်တော် ငွေစာရင်းအမှတ် (CF-002301) သို့ တိုက်ရိုက်ထည့်သွင်းလှူဒါန်းရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် တာဝန်ခံ ညွှန်ကြားရေးမှူးချုပ် ဦးစိုးအောင်က လက်ခံရယူကာ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့သည်။

မန္တလေးတိုင်းဒေသကြီး ဦးစီးမှူးရုံး၌ ဩဂုတ် ၁၈ရက်တွင် ငွေကျပ် ၆၁၄၄၅၀ လက်ခံရရှိခဲ့ရာ ဇူလိုင် ၂၉ ရက်မှ ဩဂုတ် ၁၈ ရက်အထိ အလှူရရှိငွေ စုစုပေါင်းမှာ ငွေကျပ် ၁၅၆၄၄၅၇၈၇၂ အမေရိကန်ဒေါ်လာ ၆၂၉၅၉၆ ဒသမ ၆၇ ၊ ထိုင်းဘတ် ၁၆၈၀၅၅၊ မလေးရှားရင်းဂစ် ၂၀၀၀၊ တရုတ်ယွမ် ၅၀၀၀ ဖြစ်ပြီး လက်ခံရရှိသော အလှူငွေနှင့် ပစ္စည်းများကို ရေဘေးသင့်ပြည်သူများသို့ ထောက်ပံ့လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မြန်မာနိုင်ငံအတွင်း ရေဘေးသင့်ပြည်သူများအတွက် အလှူပစ္စည်းရရှိမှု

**နေပြည်တော် ဩဂုတ် ၁၈**

မြန်မာနိုင်ငံအတွင်း ရေဘေးသင့်ပြည်သူများအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနလက်အောက်ရှိ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး၊ မန္တလေးတိုင်းဒေသကြီး ဦးစီးမှူးရုံးနှင့် နေပြည်တော်ရုံးများသို့ ယနေ့ ပြည်သူလူထုက လှူဒါန်းသည့် အလှူပစ္စည်းရရှိမှုများမှာ ဆန် ၄၆ အိတ်၊ ကလိုရင်းရေသန့်ဆေးရည် သုံးဘူး၊ ဆပ်ပြာမှုန့် ၁၀၀ ဂရမ် အထုပ် ၅၀ နှစ်အိတ်၊ ခြင်ထောင် ၂၀၂ လုံး၊ မျက်နှာသုတ်ပဝါ သုံးအိတ်၊ အဝတ်အထည်မျိုးစုံ ၇၅ အိတ်၊ ရေသန့်ခြောက်ဘူးပါ ၂၅ ကတ်၊ ကော်ဖီမစ် နှစ်ဘူး၊ စောင်အထည် ၁၀၀၊ ပစ္စည်းစုံ ၅၁ ထုပ်၊ သကၠန်း ရှစ်စုံ၊ ရေသန့်ဆေးပြား ၁၀၀၀၊ မုန့်ထုပ် နှစ်အိတ်၊ ဖျာအချပ် ၃၀ နှင့် ခန့်မှန်းတန်ဖိုး ငွေကျပ် ၄၃၀၁၀၀၀ ဖြစ်ပြီး မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ်တွင် လက်ခံရရှိသော အလှူပစ္စည်းများမှာ စာအုပ်-ဘောလ်ပင် လေးအိတ်၊ အဝတ် အထည်-ကော်ဖီ သုံးအိတ်၊ ခေါက်ဆွဲ နှစ်ဖာ၊ ကော်ပုံး တစ်ပုံး၊ ရေသန့် ခြောက်လုံးတွဲ ခြောက်ကတ်၊ ဆန်နှစ်အိတ်တို့ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

**လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ၂၀၁၅ ခုနှစ် ဇွန်လ၊ ဇူလိုင်လနှင့် ဩဂုတ်လအတွင်း သီးနှံများရေကြီးနစ်မြုပ်မှု၊ ထိခိုက်ပျက်စီးမှုစာရင်း ၂၀၁၅ ခုနှစ် ဩဂုတ်(၁၈)ရက်**

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | သီးနှံစုစုပေါင်း (ဧက) | | | | |
|---|---|---|---|---|---|---|
| | | ရေမြုပ် | ရေပြန်ပေါ် | ထိခိုက် | ပျက်စီး | ပြန်စိုက် |
| ၁။ | နေပြည်တော် | ၂၃ | ၂၃ | - | - | - |
| ၂။ | ကချင်ပြည်နယ် | ၃၂၁၂၇ | ၂၇၅၉၉ | ၁၅၆၆၃ | ၁၂၇၉၁ | ၅၁၅၃ |
| ၃။ | ကယားပြည်နယ် | ၁၄၆ | ၁၄၆ | ၁၀၄ | ၆၇ | - |
| ၄။ | ကရင်ပြည်နယ် | ၁၁၆၂ | ၁၁၆၂ | ၆၄၈ | ၁၀၆ | ၇၄ |
| ၅။ | ချင်းပြည်နယ် | ၅၀၃၁ | ၅၀၃၁ | ၅၀၃၁ | ၂၉၀၉ | - |
| ၆။ | စစ်ကိုင်းတိုင်းဒေသကြီး | ၁၈၇၈၅၆ | ၁၇၆၆၉၇ | ၁၄၂၇၈၂ | ၁၁၃၂၂၁ | ၂၂၀၈၅ |
| ၇။ | ပဲခူးတိုင်းဒေသကြီး | ၃၇၅၉၂၅ | ၃၇၅၉၂၅ | ၂၂၉၉၈၉ | ၁၅၂၈၄၇ | ၅၅၅၁ |
| ၈။ | မကွေးတိုင်းဒေသကြီး | ၉၆၈၄၆ | ၉၁၀၇၉ | ၉၆၈၄၆ | ၆၅၈၅၈ | ၅၄၁၇ |
| ၉။ | မန္တလေးတိုင်းဒေသကြီး | ၃၅၈၃ | ၃၅၈၃ | ၂၆၂ | ၂၈ | ၅ |
| ၁၀။ | မွန်ပြည်နယ် | ၁၃၀၁၀ | ၁၃၀၁၀ | ၂၂၉၄ | - | - |
| ၁၁။ | ရခိုင်ပြည်နယ် | ၂၉၁၂၁၉ | ၂၉၁၂၁၉ | ၂၇၃၁၅၄ | ၂၁၇၂၄၆ | ၁၅၄၈၈၅ |
| ၁၂။ | ရန်ကုန်တိုင်းဒေသကြီး | ၁၀၇၈၄၅ | ၅၃၉၅၉ | ၆၆၅၄၈ | ၇၉၆၈ | ၇၁၅ |
| ၁၃။ | ရှမ်းပြည်နယ် | ၁၃၃၄၉ | ၁၃၃၂၉ | ၃၈၁၂ | ၂၆၀၀ | ၃၀၅ |
| ၁၄။ | ဧရာဝတီတိုင်းဒေသကြီး | ၃၁၂၂၁၉ | ၁၂၈၉၄၀ | ၁၁၇၄၁၃ | ၇၃၁၆၃ | ၅၃၃၇ |
| | **စုစုပေါင်း** | **၁၄၄၀၃၄၁** | **၁၁၈၁၇၀၂** | **၉၅၄၅၄၆** | **၆၄၈၈၀၄** | **၁၉၉၅၂၇** |

# ကလေးမြို့နယ်ရေကြီးရေလျှံမှုကြောင့် ပျက်စီးသောလယ်မြေများအတွက် အထူးအထွက်တိုးစပ်မျိုးစပါး ၆၂၀၈ ဧကစာဖြန့်ဝေ

**ကလေး ဩဂုတ် ၁၈**


ကလေးမြို့နယ်တွင် ဇူလိုင်လကုန်နှင့် ဩဂုတ်လပထမပတ်အတွင်း ရေကြီးရေလျှံမှုဖြစ်ပွားကာ စိုက်ပျိုးမြေဧက ပေါင်း ၆၀၀၀၀ ခန့် ရေလွှမ်းမိုးပြီး ၄၆၀၅၉ ဧက ထိခိုက်ကာ ၃၂၈၉၈ ဧက ပျက်စီးကြောင်း သိရသည်။

ယခုအခါ ကလေးမြို့နယ်တွင် ရေဘေး ပြန်လည်ထူထောင်ရေး ရှေ့တန်းစခန်းလေးနေရာ၌ ဖွင့်လှစ်ထားရှိရာ ထိခိုက်ပျက်စီးသွားသောလယ်မြေများကို အချိန်မီပြန်လည်စိုက်ပျိုးနိုင်ရေးအတွက် စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ ပေးပို့သော GW-1 အထူးအထွက်တိုးစပ်မျိုးစပါး ၄၉၈၃ ဧကစာ၊ ရွှေသွယ်ရင်စပ်မျိုးစပါး ၁၂၂၅ ဧကစာ စုစုပေါင်း ၆၂၀၈ဧကစာအား ကျေးရွာအုပ်စု ၁၇ စုသို့ ဖြန့်ဝေရာတွင် ယနေ့အထိ တောင်သူပေါင်း ၈၀၉ ဦးတို့အတွက် အဆိုပါစပ်မျိုးစပါး စုစုပေါင်း ၁၅၂၉၀ ကီလိုကို ဖြန့်ဝေပေးပြီးဖြစ်ကြောင်း သိရသည်။

**(မြို့နယ်ပြန်/ဆက်)**

**ဥတုရာသီ တောကို မှီ၏**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ်၊ ဇလွန်မြို့နယ်နှင့် ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ်များအတွင်း (၁၇.၈.၂၀၁၅) ရက်နေ့က ရေဝင်ရောက်မှု အခြေအနေပြ ဂြိုဟ်တုရေဒါ ဓာတ်ပုံ





Ref: Myanmar Information Management Unit


အနီရောင်ပြထားသော နေရာအားလုံးသည် ရေလွှမ်းမိုး (Flooding) ဝင်ရောက်နေသောဧရိယာ

အပြာနုရောင်များသည် သာမန်အချိန်တွင်ရှိ ရေမျက်နှာပြင်ဧရိယာ


ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်၊ ဒေးဒရဲမြို့နယ်နှင့် ဖျာပုံမြို့နယ်များအတွင်း (၁၅-၈-၂၀၁၅)ရက်နေ့က ရေဝင်ရောက်မှု အခြေအနေပြဂြိုဟ်တုရေဒါဓာတ်ပုံ




ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ်နှင့် ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ်၊ ကော့မှူးမြို့နယ်များအတွင်း (၁၅-၈-၂၀၁၅)ရက်နေ့က ရေဝင်ရောက်မှုအခြေအနေပြဂြိုဟ်တုရေဒါဓာတ်ပုံ




ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ်၊ ရွှေတောင်မြို့နယ်နှင့် သဲကုန်းမြို့နယ်များအတွင်း (၁၇-၈-၂၀၁၅)ရက်နေ့က ရေဝင်ရောက်မှု အခြေအနေပြဂြိုဟ်တုရေဒါဓာတ်ပုံ



# ရေလှောင်တမံကြီးများနှင့် ရေလှောင်တမံများ ကျိုးပေါက်မှုမရှိ ရေကင်းများချထားပြီး စောင့်ကြပ်ကြည့်ရှုလျက်ရှိ

**နေပြည်တော်      ဩဂုတ်      ၁၈**

မြန်မာနိုင်ငံတစ်ဝန်းတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဆည်တာတမံများ ကျိုးပေါက်မှုမရှိစေရေး ရေကင်းများချထားပြီး စောင့်ကြပ်ကြည့်ရှုဆောင်ရွက်လျက်ရှိရာ ယနေ့ညနေ ၆ နာရီ တိုင်းထွာချက်အရ ရေလှောင်တမံကြီး ၃၉ ခုတွင် သတ်မှတ်ရေလှောင်ပမာဏပြည့်မီသဖြင့် ရေပိုလွှဲများမှရေထုတ်လွှတ်လျက်ရှိပြီး တာတမံများကျိုးပေါက်မှုမရှိကြောင်း လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ သိရသည်။

## သတ်မှတ်ရေလှောင်ပမာဏပြည့်မီသဖြင့် ရေပိုလွှဲမှ ရေထုတ်လွှတ်လျက်ရှိသည့် ရေလှောင်တမံကြီးများ

| စဉ် | ဆည်အမည် | ကန်ရေပြည့်ရေလှောင်ပမာဏ (ဧကပေ) | ရေပိုလွှဲမှရေကျော်ကျမှု (ပေ) |
|---|---|---|---|
| ၁။ | မုန်းချောင်းရေလှောင်တမံ | ၆၇၄၄၀၇ | ၄. ၃၀' |
| ၂။ | ကြီးအုံကြီးဝရေလှောင်တမံ | ၃၁၉၇၀၀ | ၄. ၄၀' |
| ၃။ | ပေါင်းလောင်းရေလှောင်တမံ | ၅၄၉၄၂၀ | ၂. ၂၉' |
| ၄။ | ရေဘုတ်ရေလှောင်တမံ | ၂၈၄၇၄ | ၂. ၀၅' |
| ၅။ | လိုင်ဗားရေလှောင်တမံ | ၁၉၅၄ | ၀. ၈၀' |
| ၆။ | ကင်းတပ်ရေထိန်းတမံ | ၃၈၂၉၅ | ၅. ၃၀' |
| ၇။ | လင်ပန်းရေလှောင်တမံ | ၁၀၁၈၀ | ၀. ၉၀' |
| ၈။ | ကိုးပင်ကန် ရေလှောင်တမံ | ၉၇၆၄ | ၀. ၃၀' |
| ၉။ | ရာဇဂြိုဟ်ရေလှောင်တမံ | ၅၂၀၀၀ | ၁. ၆၀' |
| ၁၀။ | မင်းမြင်ရေလှောင်တမံ | ၁၉၀၁၀ | ၀. ၀၅' |
| ၁၁။ | သိန်ရင်ရေလှောင်တမံ | ၂၅၂၆၀ | ၁. ၇၅' |
| ၁၂။ | ကျေးပင်အက်ရေလှောင်တမံ | ၄၄၀၀၀ | ၀. ၇၀' |
| ၁၃။ | မြောက်ယမားရေလှောင်တမံ | ၁၄၀၅၇ | ၂. ၄၀' |
| ၁၄။ | မြောက်ယမားရေကူ ရေလှောင်တမံ | ၁၂၂၉၀၀ | ၁. ၆၀' |
| ၁၅။ | ဆွာချောင်းရေလှောင်တမံ | ၂၁၆၃၅၀ | ၂. ၁၀' |
| ၁၆။ | ပသိရေလှောင်တမံ | ၃၀၅၀၀ | ၁. ၅၀' |
| ၁၇။ | မင်းရဲချောင်းရေလှောင်တမံ | ၂၃၅၀ | ၀. ၆၀' |
| ၁၈။ | ငမြွေရေလှောင်တမံ | ၂၃၈၀ | ၀. ၃၀' |
| ၁၉။ | ဘောနီရေလှောင်တမံ | ၃၅၂၀၀ | ၀. ၇၀' |
| ၂၀။ | ပျဉ်ပုံကြီးရေလှောင်တမံ | ၁၁၁၃၀ | ၁. ၃၅' |
| ၂၁။ | မဇင်းရေလှောင်တမံ | ၂၆၁၈၆ | ၁. ၂၀' |
| ၂၂။ | ဇလပ်ထော်ရေလှောင်တမံ | ၁၈၉၁၂ | ၁. ၁၀' |
| ၂၃။ | ရွှေပြည်(၃)ရေလှောင်တမံ | ၃၇၀၀ | ၀. ၁၀' |
| ၂၄။ | တောင်နဝင်းရေထိန်းတမံ | ၂၁၁၉၆ | ၁. ၃၁' |
| ၂၅။ | စဥ့်ကူးချောင်းဂေါင်း ရေလှောင်တမံ | ၂၂၂၉ | ၀. ၃၀' |
| ၂၆။ | ညောင်ကိုင်းရေလှောင်တမံ | ၁၇၅၉၄ | ၀. ၈၀' |
| ၂၇။ | သဲကောရေလှောင်တမံ | ၅၂၅၀၀ | ၀. ၈၀' |
| ၂၈။ | တောင်ညိုရေလှောင်တမံ | ၂၁၀၀၀၀ | ၁. ၉၀' |
| ၂၉။ | ဘော်ဘင်ရေလှောင်တမံ(၁) | ၉၇၆၄၆ | ၀. ၄၀' |
| ၃၀။ | ဘော်ဘင်ရေလှောင်တမံ(၂) | ၂၆၅၈၈ | ၀. ၅၀' |
| ၃၁။ | စလင်းရေလှောင်တမံ | ၁၃၃၀၀၀ | ၀. ၇၀' |
| ၃၂။ | မန်းရေလှောင်တမံ | ၁၂၀၀၀၀ | ၀. ၆၀' |
| ၃၃။ | မာလဲနတ်တောင် ရေလှောင်တမံ | ၅၀၉၇၀ | ၁. ၈၀' |
| ၃၄။ | ဆင်လမ်းရေလှောင်တမံ | ၆၈၄၆ | ၀. ၁၀' |
| ၃၅။ | ရှောက်ချောင်းရေလှောင်တမံ | ၁၁၄၀ | ၁. ၀၀' |
| ၃၆။ | ငမိုးရိပ်ရေလှောင်တမံ | ၁၈၀၀၀၀ | ၁. ၄၀' |
| ၃၇။ | ဘန့်ဘွေးကုန်းရေလှောင်တမံ | ၁၇၃၅ | ၀. ၆၅' |
| ၃၈။ | ဇာမဏီအင်းရေလှောင်တမံ | ၅၃၆၄ | ၀. ၅၀' |
| ၃၉။ | ကညင်ရေလှောင်တမံ | ၁၄၅၀၀၀ | ၀. ၇၀' |

**(သတင်းစဉ်)**


# ငါးသိုင်းချောင်းမြို့နယ်တွင် ရေကျသော်လည်း စိုးရိမ်ရေအမှတ် ကျော်လွန်လျက်ရှိ

**နေပြည်တော်   ဩဂုတ်   ၁၈**

ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ငါးသိုင်းချောင်းမြို့နယ်၏ ဝေန်မြစ်စိုးရိမ်ရေမှတ်သည် ဇူလိုင်လကုန်ခန့်မှစ၍ နေ့စဉ်ကျော်လွန်မြင့်တက်ခဲ့ရာမှ ဩဂုတ် ၈ ရက်မှစ၍ နေ့စဉ်လျော့နည်းကျဆင်းလျက်ရှိသော်လည်း သတ်မှတ်စိုးရိမ်ရေအမှတ်အထက်တွင် ရှိနေသေးကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ မှတ်တမ်းများအရ သိရှိရသည်။

**(သတင်းစဉ်)**

ဧရာဝတီတိုင်းဒေသကြီး၊ ငါးသိုင်းချောင်းမြို့နယ်ရှိ ဝေန်မြစ်၏ နေ့အလိုက်ရေမှတ်များ



# ပွင့်ဖြူမြို့နယ်၌ ရေနစ်မြုပ်လယ်မြေများ ထွန်ယက်စိုက်ပျိုးလျက်ရှိ

**ပွင့်ဖြူ   ဩဂုတ်   ၁၈**

ပွင့်ဖြူမြို့နယ်၌ ရေနစ်မြုပ်သွားသည့် လယ် ၄၈၃၂၃ ဧကကို ပြန်လည်စိုက်ပျိုးလျက်ရှိရာ ဩဂုတ် ၁၁ရက်မှစ၍ တောင်မုန်းမြောင်းမကြီးနှင့် မြောက်မုန်းမြောင်းမကြီးတို့ ရေစတင်လွှတ်ပေးမှုဖြင့် တောင်သူများသည် လယ်ယာလုပ်ငန်းခွင်တွင် ခိုင်းနွားကြီးများ၊ စက်ယန္တရားကြီးများဖြင့် ဆောင်ရွက်လျက်ရှိပြီး ယနေ့အထိ ၆၇၅ ဧက စိုက်ပျိုးပြီးဖြစ်ကြောင်းသိရသည်။ **သန်းဌေး(မင်းဘူး)**

# ရေကြီးနစ်မြုပ်ခဲ့သောငါးမွေးကန်လုပ်ငန်းရှင်များကို ငါးသားပေါက်ငါးသိန်း ထောက်ပံ့ပေးအပ်

**ကောလင်း   ဩဂုတ်   ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ်၌ ဇူလိုင်လအတွင်းက မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုများကြောင့် မြို့နယ်အတွင်းရှိ ငါးမွေးကန်လုပ်ငန်းရှင် ၅၃ ဦး၏ ငါးကန်ဧက ၁၁၄ ဒသမ ၇၈ ဧက ရေကြီးနစ်မြုပ်ခဲ့သည်။ ရေနစ်မြုပ်ခဲ့သော ငါးမွေးကန်လုပ်ငန်းရှင်များအား ငါးသားပေါက်ငါးသိန်း ပြန်လည်ထောက်ပံ့နိုင်ရေးအတွက် ငါးလုပ်ငန်းဦးစီးဌာန ကောလင်းမြို့နယ်ရုံးမှ စီစဉ်ဆောင်ရွက်ခဲ့သည်။

ငါးသားပေါက်များကို စစ်ကိုင်းတိုင်းဒေသကြီး ငါးလုပ်ငန်းအဖွဲ့ချုပ်က ကောင်ရေသုံးသိန်း၊ ထီးချိုင့်မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ ကောင်ရေတစ်သိန်း၊ ကသာခရိုင် ငါးလုပ်ငန်းအဖွဲ့ချုပ်က ကောင်ရေငါးသောင်း၊ ကသာမြို့နယ် ငါးလုပ်ငန်းအဖွဲ့ချုပ်က ကောင်ရေငါးသောင်းတို့ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ ငါးကန်ရေကြီးနစ်မြုပ်ခဲ့သော လုပ်ငန်းရှင်တစ်ဦးက ယခုလိုငါးသားပေါက်များထောက်ပံ့ပေးမှုကြောင့် ငါးမွေးကန်လုပ်ငန်းရှင်များအနေဖြင့် ငါးသားပေါက်ဝယ်ယူမှု ကုန်ကျစရိတ်များ များစွာသက်သာမည်ဖြစ်ကြောင်း၊ ပြည်သူများကလည်း ငါးများပြန်လည်ဝယ်ယူစားသုံးရာတွင် ဈေးနှုန်းသက်သာမည်ဖြစ်ကြောင်း ပြောကြားသည်။

**ကိုကိုမောင်(ကောလင်း)**



# မြေပြိုကျခဲ့သည့် ဂန့်ဂေါ-ဟားခါးလမ်းပိုင်းပြုပြင်



**မန္တလေး ဩဂုတ် ၁၈**

မြန်မာပြည်အနှံ့အပြားတွင် မိုးများအဆက်မပြတ် ရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုများ၊ မြေပြိုမှုများ ဖြစ်ပေါ်ခဲ့ခြင်းကြောင့် သဘာဝဘေးသင့်ခဲ့သော ချင်းပြည်နယ်ကို ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် ဆည်မြောင်းဦးစီးဌာန (ရုံးချုပ်)၏ စီစဉ်ညွှန်ကြားမှုဖြင့် တာဝန်ရှိသူများသည် မြေတူးစက်ယန္တရားကြီးနှစ်စီးကို မုံရွာ-ဂန့်ဂေါ-ဟားခါးလမ်းအတိုင်း ခက်ခက်ခဲခဲ ပို့ဆောင်ခဲ့ကြောင်း၊ ပို့ဆောင်ရာလမ်းတစ်လျှောက် ဂန့်ဂေါ-ဟားခါးလမ်းပိုင်း မိုင်တိုင်(၄၂)မှ စတင်၍ လမ်းပိုင်းပျက်စီးမှုများကို လိုအပ်သလိုပြုပြင်ပေးပြီး ဟားခါးမြို့အထိ သွားရောက်ကာ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ စတင်ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

**တင်မောင်(မန္တလေး)**

# ညောင်တုန်းမြို့နှင့် ဓနုဖြူမြို့နယ်များရှိ ရေကာတာ၊ တာတမံများနှင့် ရေဘေးကာကွယ်ရေးလုပ်ငန်းများအား နယ်သာလန်နိုင်ငံမှ ပညာရှင်များလာရောက်လေ့လာ

**ညောင်တုန်း ဩဂုတ် ၁၈**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နှင့် ဓနုဖြူမြို့နယ်များသို့ နယ်သာလန်နိုင်ငံမှ High Expert Team အဖွဲ့သည် ဆည်မြောင်းဦးစီးဌာန ဒီဇိုင်းနှင့် ပုံထုတ်ဌာန ညွှန်ကြားရေးမှူးနှင့် ဆည်မြောင်းပညာရှင်များနှင့်အတူ ဩဂုတ် ၁၇ ရက်က လာရောက်လေ့လာကြသည်။

ထို့နောက် ဧရာဝတီမြစ်ရေမြင့်တက်မှုကြောင့် ရေကြီးမှု၊ ရေကာတာ၊ တာတမံအကြောင်းအရာများနှင့် အခြေအနေများကို ဆည်မြောင်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးက ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ အဆိုပါ ပညာရှင်အဖွဲ့သည် ညောင်တုန်းမြို့၏ မြို့ရေဘေးကာကွယ်ရေးတာတွင် ဆည်မြောင်းဦးစီးဌာနမှ စက်ယန္တရားများဖြင့် တာတမံကြံ့ခိုင်ရေး ဆောင်ရွက်နေမှုများကို ကြည့်ရှုလေ့လာပြီး လတ်တလော ဆောင်ရွက်လျက်ရှိသော ရေဘေးကာကွယ်ရေးလုပ်ငန်းများနှင့် ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များအား တိုင်းဒေသကြီး ဒုတိယညွှန်ကြားရေးမှူးက အသေးစိတ်ရှင်းလင်းသည်။

ညောင်တုန်းမြို့သည် မြစ်ရေတက်ရောက်မှု သဘာဝဘေးအန္တရာယ်ကို ကာကွယ်တားဆီးနိုင်ရန် လိုအပ်လျက်ရှိရာ ယခုရောက်ရှိနေသော နယ်သာလန်နိုင်ငံ Expert Team မှ အဖွဲ့များ၏ အကြံပေးချက်များ၊ နည်းပညာများနှင့် ပေါင်းစပ်ကာ ဆည်မြောင်းဦးစီးဌာန၏ ရေဘေးကာကွယ်ရေးလုပ်ငန်းများကို အဆင့်မြှင့်တင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ ထို့နောက် အဆိုပါအဖွဲ့သည် ဓနုဖြူမြို့နယ် ကဇင်းတော်ကျေးရွာအနီး ဧရာဝတီမြစ်ဟသ်ာတဘက် ကမ်းတာနှင့် ရေကင်းစခန်းများအား သွားရောက်ကြည့်ရှုခဲ့ကြောင်း သိရသည်။

**သတင်း-ထွန်းကျော်(ညောင်တုန်း)**
**ဓာတ်ပုံ-ဝင်းမြင့်ကျော်**

# ဘန်ကောက်မြို့ပေါက်ကွဲမှု သံသယရှိသူ၏ ရုပ်ပုံ ထိုင်းရဲတပ်ဖွဲ့ထုတ်ပြန်

**ဘန်ကောက် ဩဂုတ် ၁၈**

လူအများအပြား သေဆုံးခဲ့သော ဘန်ကောက်မြို့လယ် ဗုံးပေါက်ကွဲမှု အနီးတစ်ဝိုက် စောင့်ကြည့်ရေး ကင်မရာတစ်လုံးမှ ရိုက်ကူးထားသည့် ရုပ်ပုံဖြင့် သံသယရှိသူ အမျိုးသား တစ်ဦးကို ထိုင်းရဲတပ်ဖွဲ့က ရှာဖွေ စုံစမ်းလျက်ရှိသည်။ တနင်္လာနေ့ ညနေပိုင်းက လူစည်ကားရာ ဘန်ကောက်မြို့လယ် ဗုံးပေါက်ကွဲမှုတွင် နိုင်ငံခြားသားများအပါအဝင် အနည်းဆုံး လူ ၂၂ ဦး သေဆုံးခဲ့သည်ဟု အတည်ပြုထားပြီး ၁၂၅ ဦး ဒဏ်ရာရရှိခဲ့သည်။

ဂျပန်နိုင်ငံသားတစ်ဦး ဝမ်းဗိုက်တွင် ဒဏ်ရာပြင်းထန်စွာရရှိခဲ့သော်လည်း အခြေအနေမှာ စိုးရိမ်စရာမရှိတော့ဟု သိရသည်။ ထိုင်းရဲတပ်ဖွဲ့က ပေါက်ကွဲမှုဖြစ်ပွားခဲ့သည့်နေရာကို အင်္ဂါနေ့တွင် ဆက်လက်စုံစမ်းစစ်ဆေးခဲ့သည်။

ထိုင်းရဲတပ်ဖွဲ့က ပေါက်ကွဲမှုဖြစ်ပွားသည့် အနီးဝန်းကျင်တွင် စောင့်ကြည့်ရေးကင်မရာမှ ရိုက်ကူးထားသည့် အဆိုပါအမျိုးသား၏ လှုပ်ရှားမှုများကို သတင်းမီဒီယာများသို့ ထုတ်ဖော်ပြသခဲ့သည်။ အဆိုပါ အမျိုးသားသည် ပေါက်ကွဲမှုမဖြစ်ပွားမီက ကျောပိုးအိတ် သယ်ဆောင်လာသည်ကို တွေ့ရသော်လည်း ပေါက်ကွဲမှုဖြစ်ပွားပြီးနောက် ကျောပိုးအိတ်မရှိဖြစ်နေသည်ကို တွေ့ရသည်။ စုံစမ်းစစ်ဆေးသူများက ယင်းပေါက်ကွဲမှုနောက်ကွယ်တွင် မည်သူများ စီမံလုပ်ဆောင်ခဲ့သည်ကို ဖော်ထုတ်နိုင်ခြင်း မရှိသေးပေ။

ထိုင်းဝန်ကြီးချုပ် ပရာယွတ် ချန်အိုချာက ယင်းဖောက်ခွဲမှုကို မည်သည့်အဖွဲ့အစည်းက လုပ်ဆောင်ခဲ့သည်ကို မသိရသေးကြောင်း အင်္ဂါနေ့တွင် သတင်းထောက်များကို ပြောကြားသည်။ **အင်န်အိတ်ချ်ကေ။**



# ပင်ဒိုပတ္တဇုန်များ၌ မောင်းသူမဲ့လေယာဉ်ပျံသန်းမှု တိုးချဲ့ပြုလုပ်ရန် အမေရိကန်စီစဉ်

**ဝါရှင်တန် ဩဂုတ် ၁၈**

ယူကရိန်းနှင့် တောင်တရုတ်ပင်လယ်တို့အပါအဝင် ကမ္ဘာတစ်ဝန်းရှိ ပဋိပက္ခဇုန်နယ်မြေများ၌ မောင်းသူမဲ့လေယာဉ်ခရီးစဉ်များကို တိုးချဲ့ကာ ထောက်လှမ်းရေးသတင်းအချက်အလက်များ ရယူသွားမည်ဖြစ်ကြောင်း ဝေါလ်စထရိဂျာနယ်၏ ရေးသားဖော်ပြချက်ကို ကိုးကားလျက် ရိုက်တာသတင်းဌာနက သတင်းထုတ်ပြန်သည်။

လာမည့်လေးနှစ်တာကာလတွင် မောင်းသူမဲ့လေယာဉ်ခရီးစဉ်ပျံသန်းမှုများကို ၅၀ရာခိုင်နှုန်းတိုးမြှင့်မည်ဖြစ်ကြောင်း၊ ၂၀၁၉ခုနှစ်ထက်နောက်မကျဘဲ မောင်းသူမဲ့လေယာဉ် ခရီးစဉ်ပျံသန်းမှုကို ၆၁ ကြိမ်မှ အကြိမ် ၉၀ အထိ တိုးမြှင့်မည်ဖြစ်ကြောင်း ပင်တဂွန်စစ်ဌာနချုပ် အထက်တန်းတာဝန်ရှိသူများက ပြောကြားသည်။

အီရတ်၊ ဆီးရီးယားနှင့် အာဖရိကမြောက်ပိုင်းဒေသတို့ကဲ့သို့သော ကမ္ဘာ့ဒေသများတွင်လည်း မောင်းသူမဲ့လေယာဉ်ပျံသန်းမှုများကို တိုးမြှင့်ပြုလုပ်သွားမည်ဖြစ်ကြောင်း အမေရိကန်အထက်တန်းကာကွယ်ရေး တာဝန်ရှိသူများက ပြောကြားကြသည်။

အဆိုပါသတင်းနှင့် ပတ်သက်၍ ရိုက်တာသတင်းဌာနက အတည်ပြုချက်မရသေးပေ။ ပင်တဂွန်စစ်ဌာနချုပ်က ရိုက်တာသတင်းဌာနအား ချက်ချင်းဝေဖန်ပြောကြားခြင်းမရှိဟု သတင်းတွင်ရေးသားထားသည်။

မောင်းသူမဲ့ ထောက်လှမ်းရေးလေယာဉ်များသည် ထောက်လှမ်းရေးသတင်းအချက်အလက်များနှင့် ရုပ်ပုံများကို စုဆောင်းပေးနိုင်သည့်အပြင် လေကြောင်းမှ တိုက်ခိုက်မှုများကိုလည်း လုပ်ဆောင်နိုင်သည်။ **ရိုက်တာ။**

# ဘန်ကောက်ဗုံးပေါက်ကွဲမှု တရုတ်နိုင်ငံသား ငါးဦးသေ

**ဘန်ကောက် ဩဂုတ် ၁၈**

ထိုင်းနိုင်ငံ ဘန်ကောက်မြို့တော်တွင် တနင်္လာနေ့ညနေပိုင်းက ဗုံးပေါက်ကွဲမှုတွင် တရုတ်ပြည်မကြီးမှသုံးဦး၊ ဟောင်ကောင်အထူးကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှနှစ်ဦး စုစုပေါင်းတရုတ်နိုင်ငံသား ငါးဦးသေဆုံးခဲ့ကြောင်း ထိုင်းနိုင်ငံရှိ တရုတ်သံရုံးက အတည်ပြုပြောကြားသည်။

ဒဏ်ရာရသူများအနေဖြင့် တရုတ်ပြည်မကြီးမှ ၁၉ ဦး၊ ဟောင်ကောင်မှ နှစ်ဦးနှင့် ထိုင်ဝမ်မှသုံးဦး စုစုပေါင်း တရုတ်နိုင်ငံသား ၂၄ ဦးမှာ ဆေးရုံတွင် ဆေးကုသမှုခံယူလျက်ရှိပြီး ၁၀ ဦးကျော်မှာ ဒဏ်ရာမပြင်းထန်သည့်အတွက် ဆေးရုံမှဆင်းသွားပြီဖြစ်ကြောင်း ဆက်လက်ပြောကြားသည်။ တရုတ်သံရုံး၏ ပြောကြားချက်အရ တရုတ်နိုင်ငံသားတစ်ဦး ပျောက်ဆုံးနေဆဲဖြစ်သည်ဟု သိရသည်။ **ဆင်ဟွာ။**

# ပေါက်ကွဲမှုများဖြစ်ပွားခဲ့သည့် ကုန်လှောင်ရုံ၌ ဓာတုပစ္စည်းများကို လိုင်စင်မရှိဘဲ သိုလှောင်ခဲ့

**ထျန်ကျင်း ဩဂုတ် ၁၈**

တရုတ်နိုင်ငံ ထျန်ကျင်းမြို့၌ လွန်ခဲ့သည့် ရက်သတ္တပတ်က ပေါက်ကွဲမှုဖြစ်ပွားခဲ့သော ကုန်သိုလှောင်ရုံတစ်ခု၌ ဘေးအန္တရာယ်သင့်ရောက်စေနိုင်သော ဓာတုပစ္စည်းများကို ကုမ္ပဏီတစ်ခုက လိုင်စင်မရှိဘဲ သိုလှောင်ထားခဲ့ကြောင်း နိုင်ငံပိုင် ဆင်ဟွာသတင်းဌာနက သတင်းထုတ်ပြန်သည်။

တရုတ်နိုင်ငံအရှေ့မြောက်ပိုင်းရှိ ကမ္ဘာ့အကြီးဆုံးဆိပ်ကမ်း ၁၀ ခုတွင် ပါဝင်သော ထျန်ကျင်း ပင်လယ်ဆိပ်ကမ်းစက်မှုဇုန်တွင် ဩဂုတ် ၁၂ ရက်က ကြီးမားသောပေါက်ကွဲမှုကြီး နှစ်ကြိမ်ဖြစ်ပွားခဲ့ရာ လူ ၁၀၀ ကျော် သေဆုံးခဲ့ရသည်။ လေထုအတွင်း အဆိပ်သင့်ဓာတုပစ္စည်းများ ပျံ့နှံ့နေကြောင်း စုံစမ်းသိရှိခဲ့ရပြီး ဒေသခံပြည်သူထောင်ပေါင်းများစွာကို ပြောင်းရွှေ့စေခဲ့သည်။

ပေါက်ကွဲမှုများကြောင့် သေဆုံးသူဦးရေမှာ ၁၁၄ ဦးအထိမြင့်တက်လာပြီး ထိခိုက်ဒဏ်ရာရရှိသူ ၇၀၀ ကျော်ရှိသည်။ လူပေါင်း ၇၀ ခန့်မှာ ယခုတိုင် ပျောက်ဆုံးနေဆဲဖြစ်ပြီး ပျောက်ဆုံးနေသူအများစုမှာ မီးသတ်သမားများဖြစ်ကြသည်။

ပေါက်ကွဲမှုများကြောင့် ထျန်ကျင်းဆိပ်ကမ်းစက်မှုဇုန်နှင့် အနီးရှိလူနေအိမ်ခြေများ အကြီးအကျယ် ပျက်စီးခဲ့သည်။ ပေါက်ကွဲမှုအရှိန်ကြောင့် ကီလိုမီတာအတော်အတန်အကွာအထိ တုန်ခါမှုများဖြစ်ပေါ်ခဲ့သည်။

ဘေးဥပဒ်ဖြစ်စေနိုင်သော ဓာတုပစ္စည်းများကို ထျန်ကျင်းဒေါင်ကျန်း နိုင်ငံတကာထောက်ပံ့ပို့ဆောင်ရေးကုမ္ပဏီက ပိုင်ဆိုင်ပြီး ပေါက်ကွဲမှုမဖြစ်ပွားမီ နှစ်လအလိုအထိလိုင်စင်မရှိဘဲ ယင်းဓာတုပစ္စည်းများကို သိုလှောင်ထားခဲ့ကြောင်း နိုင်ငံတော်စက်မှုနှင့် ကူးသန်းရောင်းဝယ်ရေးဆိုင်ရာအုပ်ချုပ်ရေးဌာနက ပြောကြားသည်။ **ရိုက်တာ။**



# ကေဆောင်စက်မှုဇုန်မှ မြောက်ကိုရီးယားလုပ်သားများ၏ လုပ်ခတိုးမြှင့်ရန် သဘောတူ

**ဆိုးလ် ဩဂုတ် ၁၈**

မြောက်ကိုရီးယား နယ်စပ်မြို့ ကေဆောင်ရှိ ပူးတွဲစက်မှုဇုန်တစ်ခုမှ မြောက်ကိုရီးယား လုပ်သားများ၏ အနိမ့်ဆုံးလုပ်ခကို ငါးရာခိုင်နှုန်း တိုးမြှင့်ပေးရန် ကိုရီးယားနှစ်နိုင်ငံက သဘောတူညီလိုက်ကြောင်း တောင်ကိုရီးယား ပြန်လည်ပေါင်းစည်းရေးဝန်ကြီးဌာနက ဩဂုတ် ၁၈ ရက်တွင် ပြောကြားသည်။

အဆိုပါ သဘောတူညီချက်မှာ တောင်ကိုရီးယားကုမ္ပဏီ ၁၂၀ နီးပါးက ငှားရမ်းထားသော မြောက်ကိုရီးယားလုပ်သား ၅၄၀၀၀ ခန့်အတွက် လုပ်ခလစာ ၅ ဒသမ ၁၈ ရာခိုင်နှုန်း တိုးမြှင့်ပေးရန် ပြီးခဲ့သည့် ဖေဖော်ဝါရီလက မြောက်ကိုရီးယားနိုင်ငံ၏ တောင်းဆိုချက်ကြောင့် ဖြစ်ပေါ်လာသော လုပ်ခအငြင်းပွားမှုတစ်ရပ်ကို ဖြေရှင်းပေးလိုက်သည့် ဩဂုတ် ၁၇ ရက်က ကေဆောင်မြို့၌ ကျင်းပသော နှစ်နိုင်ငံကြား အစည်းအဝေးတစ်ရပ်တွင် ရရှိခဲ့ခြင်းဖြစ်သည်။ သဘောတူညီချက်သစ်အရ မြောက်ကိုရီးယားလုပ်သားများသည် တစ်လလျှင် အမေရိကန်ဒေါ်လာ ၇၃ ဒသမ ၈၇ ရရှိမည်ဖြစ်ကြောင်း အဆိုပါ ဝန်ကြီးဌာနကဆိုသည်။

လုပ်သားလမ်းညွှန်ချက်များအပါအဝင် အခြားကိစ္စများကို ဆွေးနွေးရန် စက်မှုဇုန် ပူးတွဲကြီးကြပ်ရေးကော်မတီအစည်းအဝေး တစ်ရပ်ကျင်းပရန်လည်း နှစ်နိုင်ငံကစီစဉ်ခဲ့သည်။ မြောက်ကိုရီးယားနိုင်ငံသည် ပြီးခဲ့သည့်ရက်သတ္တပတ်က နယ်စပ်ဒေသတွင် မြေမြှုပ်မိုင်းများ ထောင်ခဲ့ပြီး တောင်ကိုရီးယားစစ်သားနှစ်ဦး ပြင်းထန်စွာ ဒဏ်ရာရရှိစေခဲ့ကြောင်း တောင်ကိုရီးယားနိုင်ငံကစွပ်စွဲပြီးနောက် ကိုရီးယားကျွန်းဆွယ်တွင် စစ်ရေးတင်းမာမှုများ မြင့်တက်လာစဉ် အဆိုပါတိုးတက်မှု ဖြစ်ပေါ်လာခြင်း ဖြစ်သည်။ မြောက်ကိုရီးယားနိုင်ငံက အဆိုပါ ပေါက်ကွဲမှုများတွင် ပါဝင်ခဲ့မှုမရှိကြောင်း ငြင်းဆန်ခဲ့သည်။

ကေဆောင် ပူးတွဲစက်မှုဇုန်ကို တောင်ကိုရီးယားနိုင်ငံမှ အရင်းအနှီး၊ နည်းပညာနှင့် မြောက်ကိုရီးယားနိုင်ငံမှ လုပ်အားခသက်သာမှုပေါင်းစပ်ကာ ၂၀၀၄ ခုနှစ်တွင် တည်ထောင်ခဲ့သည်။ **ကျိုဒို။**

## ပါကစ္စတန် အတိုက်အခံအမတ်တစ်ဦး တိုက်ခိုက်ခံရ

**ကရာချိ ဩဂုတ် ၁၈။** ပါကစ္စတန်နိုင်ငံ ကရာချိ မြို့၌ အတိုက်အခံအမတ်တစ်ဦး သေနတ်ပစ်ခတ်ခံရမှုကြောင့် ဒဏ်ရာရရှိခဲ့ကြောင်း ရဲတပ်ဖွဲ့က ဩဂုတ် ၁၈ ရက်တွင် ပြောကြားသည်။

ပါကစ္စတန်နိုင်ငံတောင်ပိုင်းရှိ ပင်လယ်ဆိပ်ကမ်းမြို့ဖြစ်သော ကရာချိမြို့၌ အင်အားကြီးမားသော မွတ်တားဟီဒါကွေမီလှုပ်ရှားမှု(အမ်ကျူအမ်)အမည်ရှိ နိုင်ငံရေးပါတီ၏အဖွဲ့ဝင်တစ်ဦးဖြစ်သူ အဗ္ဗဒူလ်ရာရှစ်ဂေါဒီး ချုံခိုတိုက်ခိုက်ခံရခြင်းဖြစ်သည်။ ပါလီမန်အမတ်ဂေါဒီးသည် ၎င်း၏မော်တော်ယာဉ်ဖြင့် လိုက်ပါလာစဉ် သေနတ်ဖြင့် ပစ်ခတ်ခံခဲ့ရခြင်းဖြစ်ကြောင်း၊ ၎င်းမှာဒဏ်ရာရရှိခဲ့ကာ ၎င်း၏ယာဉ်မောင်းမှာ သေဆုံးခဲ့ရကြောင်း ရဲတပ်ဖွဲ့ကပြောကြားသည်။ အမ်ကျူအမ်ပါတီသည် ကရာချိမြို့၏ နိုင်ငံရေးကို လွှမ်းမိုးထားသည်။ ကရာချိမြို့ရှိ အသွားအလာရှုပ်ထွေးသော လမ်းတစ်လမ်း၌ ယင်းချုံခိုတိုက်ခိုက်မှု ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ **ရိုက်တာ။**

အနုပညာ

# လမ်းခွဲလိုက်ပြီဖြစ်တဲ့ လီဆောင်ဂီနဲ့ ယွန်န

အာရှပရိသတ်များစွဲလမ်းနှစ်သက်သော တောင်ကိုရီးယားနာမည်ကျော် အမျိုးသမီးတေးဂီတအဖွဲ့တစ်ခုဖြစ်တဲ့ “Girls’ Generation”မှ အဖွဲ့ဝင် ယွန်နနှင့် အဆိုတော်သရုပ်ဆောင်မင်းသားချောလီဆောင်ဂီတို့၏ အချစ်ဇာတ်လမ်းမှာ တစ်ခန်းရပ်သွားပြီဖြစ်ကြောင်း ဩဂုတ် ၁၃ရက်က ယွန်န၏ အေဂျင်စီ “SM Entertainment”က ထုတ်ဖော်ပြောကြားခဲ့သည်။

သူတို့နှစ်ဦးသည် ၂၀၁၄ခုနှစ် ဇန်နဝါရီ ၁ရက်က ချစ်သူများဖြစ်နေကြောင်းထုတ်ဖော်ပြောကြားခဲ့ကာ တစ်နှစ်ကျော်လက်တွဲပြီးနောက် လမ်းခွဲခဲ့ကြခြင်းဖြစ်သည်။

မင်းသားလီဆောင်ဂီ၏ အေဂျင်စီ “Hook Entertainment”ကလည်း “သူတို့နှစ်ဦးရဲ့အချစ်ဇာတ်လမ်းကတော့ ပြီးဆုံးသွားပါပြီ။ မကြာသေးမီကမှ လမ်းခွဲခဲ့ကြတာပါ။ ရှေ့ဆက်မိတ်ဆွေတွေလိုပဲ ပတ်သက်ကြတော့မှာပါ” ဟု အတည်ပြုပြောကြားခဲ့သည်။

သူတို့နှစ်ဦးသည် များပြားလှသော အနုပညာလုပ်ရှားမှုအစီအစဉ်များကြောင့် တစ်ဦးနှင့်တစ်ဦးမတွေ့ဆုံနိုင်ဘဲရှိရာ ယင်းအခြေအနေများကြောင့် လမ်းခွဲခြင်းဆီသို့ ဦးတည်ရောက်ရှိခဲ့ခြင်းဖြစ်သည်။ ယခင်ကလည်း လမ်းခွဲသည့်သတင်းများပေါ်ထွက်ခဲ့ဖူးပြီး ချစ်သူနှစ်ဦးက ပြန်လည်ငြင်းချက်ထုတ်ခဲ့သော်လည်း ယခုတစ်ကြိမ်တွင်မူ သူတို့နှစ်ဦးဘက်မှ တစ်ခွန်းတစ်ပါဒမျှ တုံ့ပြန် ပြောကြားခြင်းမရှိခဲ့ပေ။



# ဖက်ရှင်မဂ္ဂဇင်းရဲ့မျက်နှာဖုံးရှင်ဖြစ်လာတဲ့ဘီယွန်းစေး

အမေရိကန်ပေါ့ပ်အဆိုတော် ဘီယွန်းစေးသည် အောင်မြင်သည့်အဆိုတော်တစ်ဦးဖြစ်သည်သာမက ဖက်ရှင်ကျလှသည့်ဝတ်စားဆင်ယင်မှုကြောင့်လည်း ကျော်ကြားသူတစ်ဦးဖြစ်ပြီး ကမ္ဘာ့နာမည်ကြီးဖက်ရှင်မဂ္ဂဇင်းဖြစ်သော “Vogue”၏ စက်တင်ဘာလထုတ်မဂ္ဂဇင်းတွင် မျက်နှာဖုံးရှင်အဖြစ် ရိုက်ကူးဖော်ပြခြင်းခံခဲ့ရသည်။

ဘီယွန်းစေးသည် Vogue မဂ္ဂဇင်းတွင် ၂၀၀၉ မတ်လက တစ်ကြိမ်၊ ၂၀၁၃ မတ်လကတစ်ကြိမ်၊ မျက်နှာဖုံးရှင် နှစ်ကြိမ်ဖြစ်ခဲ့ဖူးရာ ယခုအကြိမ်သည် တတိယမြောက်ဖြစ်သည်။ ထို့ပြင်သူသည် အဆိုပါမဂ္ဂဇင်း၏ မျက်နှာဖုံးရှင်အဖြစ် ဖော်ပြခံခဲ့ရသော တတိယမြောက် လူမည်းအမျိုးသမီးလည်း ဖြစ်သည်။

အဆိုပါ Vogueမဂ္ဂဇင်းသည် လူအများအပေါ် လွှမ်းမိုးနိုင်စွမ်းရှိသော အမျိုးသမီးများကိုသာ ရွေးချယ်ပြီး မျက်နှာဖုံးရှင်အဖြစ်ဖော်ပြခြင်းဖြစ်သည်။



## အနာဂတ်ရင်သွေးလေးတွေအတွက် နာမည်တောင်စဉ်းစားပြီးပြီလို့ဆိုတဲ့ ကမ္ဘာကျော်စုံတွဲ

ယခုနှစ်အစပိုင်းကစတင်ကာ ချစ်သူများအဖြစ်ရွှေလက်တွဲခဲ့ကြတဲ့ ကမ္ဘာကျော်အနုပညာရှင်နှစ်ဦးဖြစ်တဲ့ အမေရိကန်ပေါ့ပ်အဆိုတော်တေလာဆွစ်နဲ့ ဒီဂျေပညာရှင်လည်းဖြစ်၊ အဆိုတော်တစ်ဦးလည်းဖြစ်တဲ့ ကယ်လ်ဗင်ဟယ်ရစ်တို့နှစ်ဦးဟာ အနာဂတ်မှာ ရင်သွေးလေးများရလာပါက မှည့်ခေါ်နိုင်ရန် အမည်များကို ဆွေးနွေးတိုင်ပင်ကာ ရွေးချယ်ခဲ့ကြပါတယ်။

အသက်(၂၅)နှစ်ရှိပြီဖြစ်တဲ့ ဂရမ်မီဆုများရှင်တေလာဆွစ်နဲ့ (၃၁)နှစ်အရွယ် ကယ်ဗင်တို့နှစ်ဦးဟာ ယောကျ်ားလေးမွေးဖွားခဲ့ပါက “Hunter”၊ မိန်းကလေးမွေးခဲ့ပါက “Rose” လို့ အမည်ပေးဖို့ သဘောတူထားခဲ့ပါတယ်။

တောလာအနေနဲ့ ရင်သွေးလေးရလာပါက သူ့ရဲ့ အနုပညာလှုပ်ရှားမှုတွေကို ရပ်နားထားရမှာဖြစ်လို့ လတ်တလောမှာတော့ ရင်သွေးရယူရန်မဖြစ်နိုင်သေးကြောင်းနဲ့ မိမိရင်သွေးနောက်ကို မီဒီယာများတောက်လျှောက်လိုက်နေမည်ကို စိတ်ပူပန်မိကြောင်းလည်း ဟောလိဝုဒ်လိုက်ဖ်ဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။

အေးပြည့် - စုစည်းသည်။

## 2015 Teen Choice Awards ဆုပေးပွဲကို

# တက်ရောက်လာတဲ့ နီနာဒေါ့ဘ်ရုပ်ဗ်



ပြီးခဲ့သည့် တနင်္ဂနွေနေ့က ကျင်းပခဲ့သော 2015 Teen Choice Awards ဆုပေးပွဲတွင် ထိတ်လန့်ဖွယ်သွေးစုပ်ဖုတ်ကောင်ဇာတ်လမ်းတွဲ “ The Vampire Diaries”တွင် ပါဝင်သရုပ်ဆောင်ထားသော မျက်နှာသစ်မင်းသမီး နီနာဒေ့ါဘ်ရုပ်ဗ်တက်ရောက်ခဲ့ရာ လှပသောဝတ်စုံကြောင့် မီဒီယာများ၏စိတ်ဝင်စားမှုကိုအထူးရရှိခဲ့သည်။

အသက် (၂၆)နှစ်အရွယ်နီနာသည် “The Vampire Diaries”ရုပ်ရှင် ဇာတ်လမ်းတွဲများအတွက် အကောင်းဆုံးအမျိုးသမီးရုပ်သံသရုပ်ဆောင်ဆု ရရှိရန် အမည်စာရင်း တင်သွင်းခြင်းခံရသောကြောင့် လော့စ်အိန်ဂျယ်လိစ်ရှိ ယူအက်စ်စီဂါလန်စင်တာတွင် ပြုလုပ်ခဲ့သော အဆိုပါ ဆုပေးပွဲ၏ အပြာရောင်ကော်ဇောပေါ်သို့ လျှောက်လှမ်းခွင့်ရလာခဲ့ခြင်းဖြစ်သည်။

မင်းသမီးသည် စီးကွမ့်များဖြင့် ဒီဇိုင်းဖော်ကာချုပ်ထားသော ဆွဲဆောင်မှုရှိလှသည့်ဝတ်စုံကြောင့် ပွဲမစမီကပင် မီဒီယာများ၏ စိတ်ဝင်စားမှုရရှိခဲ့ပြီး ဆုပေးပွဲအပြီးတွင်လည်း အမည်စာရင်းတင်သွင်းခြင်းခံခဲ့ရသည့်အတိုင်း အကောင်းဆုံးအမျိုးသမီးရုပ်သံသရုပ်ဆောင်ဆုကို ရရှိခဲ့သည့်အတွက် မီဒီယာများကြား ရေပန်းစားသူဖြစ်လာခဲ့ရသည်။

“The Vampire Diaries ”တွင် အယ်လ်နာဂဲလ်ဘာ့ထ်အဖြစ်ပါဝင်သရုပ်ဆောင်ထားသော နီနာ၏ဇာတ်ကောင်သည် ပြီးဆုံးသွားခဲ့ပြီဖြစ်ကာ နီနာသည်သူ၏ခြေလှမ်းသစ်ကို စတင်နေပြီဖြစ်သည်။ သူက “ကျွန်မသရုပ်ဆောင်ထားတဲ့ စိတ်ကူးယဉ်ဇာတ်ကောင်ဖြစ်တဲ့ သွေးစုပ်ဖုတ်ရဲ့ ဇာတ်လမ်းတွေက ပြီးသွားပြီ။ နောက်ရုပ်ရှင်သစ်ကိုလည်း စနေပြီလေ။ ကျွန်မရဲ့ တစ်ဆင့်တက်လာတဲ့ ခြေလှမ်းအတွက်လည်း စိတ်လှုပ်ရှားမိနေတယ်” ဟု သည်ဟောလိဝုဒ်ရက်ပေါ်တာ သတင်းစာသို့ ပြောခဲ့သည်။

နီနာ၏ရုပ်ရှင်သစ် “ The Final Girls ”ကို အောက်တိုဘာလ၌ စတင်ကာ အမေရိကန်ရှိ ရုပ်ရှင်ရုံများတွင် ရုံတင်ပြသသွားမည်ဖြစ်သည်။

## ရုပ်မြင်သံကြားအစီအစဉ်များ

၁၉ - ၈ -၂၀၁၅ (ဗုဒ္ဓဟူးနေ့)

### မြဝတီ

- ၆း၀၃ တရားတော်
- ၆း၁၆ မေတ္တာပို့
- ၆း၂၁ ဓမ္မပူဇာတေး
- ၆း၂၅ ကိုယ်လက်လှုပ်ရှားအားကစား
- ၈း၀၅ VOA အင်္ဂလိပ်စာသင်ခန်းစာ
- ၈း၁၅ မွေးမြူသုတ
- ၈း၃၀ DVD Hits
- ၈း၃၅ ဇာတ်လမ်းတို
- ၈း၅၀ သူနှင့်သူ၏သီချင်းများ
- ၉း၀၀ စာပေအလင်းစာပေသတင်း
- ၄း၁၅ လျှပ်တစ်ပြက်
- ၄း၄၅ ရင်ခုန်စီးဆင်းအချစ်သီချင်း
- ၄း၅၅ ရှေးဟောင်းသုတ
- ၅း၁၀ သာယာသီကြွေးခေတ်ဆန်းတေး
- ၅း၂၅ ပန်းကလေးများပွင့်တော့မည်
- ၅း၃၅ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - အတိတ်ရဲ့ချစ်ခြင်း အပိုင်း(၆၅)
- ၆း၀၆ Amazing Cities
- ၆း၁၅ Meet Whith The Celebrities
- ၇း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - အရာထက်မင်း (အပိုင်း-၅) - ရယ်စရာပျော်စရာဟာသကမ္ဘာ - ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင် - ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ပြည်သူ့တရားရှင်ပေါင်ချိန် (ဒုတိယတွဲ) အပိုင်း(၁၈)

### MRTV - 4

- ၅း၀၀ ပဌာန်းပါဠိတော်+ ခန္ဓသုတ်၊ မောရသုတ်၊ ဝဋ္ဋသုတ်
- ၆း၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “လျှို့ဝှက်ဒဏ္ဍာရီ” (အပိုင်း-၂၆)
- ၉း၀၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “နေရောင်အောက်မှာပွင့်သောပန်း” (အပိုင်း-၅၈)
- ၁၁း၀၀ ဟင်းချက်ရအောင်
- ၁၂း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “သွေးနဲ့ရေးတဲ့သမိုင်းမှတ်တမ်း” (အပိုင်း-၃၁)
- ၂း၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ “အိမ်နီးချင်း” (အပိုင်း-၁၉)
- ၂း၅၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “လျှို့ဝှက်ဒဏ္ဍာရီ” (အပိုင်း-၂၆)
- ၆း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “လျှို့ဝှက်ဒဏ္ဍာရီ” (အပိုင်း-၂၇)
- ၇း၁၅ မြန်မာရုပ်သံဇာတ်လမ်းတွဲ “အိမ်နီးချင်း” (အပိုင်း-၂၀)
- ၈း၁၀ ရသစုံညွှန်းတမ်းများ
- ၈း၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “နေရောင်အောက်မှာပွင့်သောပန်း” (အပိုင်း-၅၉)
- ၉း၁၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “သွေးနဲ့ရေးတဲ့ သမိုင်းမှတ်တမ်း” (အပိုင်း-၃၂)
- ၁၁း၅၅ နယ်ဉ်ဆန်းထွင်ပန်းအလှဆင် (ပန်းအိုးအရှည်နှင့်ပန်းအလှဆင်နည်း)
- ၃း၀၀ MRTV-4 Stage

### mitv

- Yangon Markets: Mingalar Wholesale Market
- Myanma Agarwood
- Farming: Duck Breeder
- Shwe Maw Daw: The Glory Of Bago City
- Gardener: Rose Plantation
- Myanmar Masterclass: Artist Zay Yar Aye
- Htan Taw Drums (Part-II) "Dobat"
- Myanmar Puppet
- Size Does Matter (Ep-3) Human-Elephant Conflict, "Existing Laws"
- A Worth Studying Site For Ancient Myanmar Heritages
- A Journey To Southern Shan State (Ep-1)
- Today Myanmar: Impacts of Social Media
- Pride of Myanmar - Bagan arts and handicrafts
- Art Students: Theatrical Art
- Local Tour Guide: Pho Khant
- Today Myanmar & ICT "Sectorwise Integration with ICT"
- Art Students: Their Dream
- Parents' Day
- The Legend Of An ambulatory Surgeon (EP- 2)
- Culture Shows: Composer Ma Mya Lay
- Choral Dance (Duel)
- Crab Business (Part-II) Soft Shell Crab
- Amazing: Magician Sak Kaw Ma
- The Mountain with antique stone sculptures & Mural Painting
- Mahar Thakya Atula Man Aung - Nga Htat Kyee

## မန်စီးတီးအားရှုံးနိမ့်ပြီးနောက် ကစားသမားသစ်သုံးဦးအား ချယ်လ်ဆီး ထပ်မံဝယ်ယူတော့မည်

ချယ်လ်ဆီးအသင်းသည် ပရီမီယာလိဂ်ပွဲစဉ်(၂)၌ မန်စီးတီးအား သုံးဂိုးပြတ်ဖြင့်အရေးနိမ့်ခဲ့ပြီးနောက် အသင်းပိုင်ရှင် ရိုမန်အေဘရာမိုဗစ်ချ်က မော်ရင်ဟိုအလိုရှိနေသော ကစားသမားသစ် သုံးဦးအား ယခုနှစ်နွေဈေးကွက် မပိတ်သိမ်းမီ စတန်းဖို့ဒ်ဘရစ်ချ်သို့ အရောက် ခေါ်ယူနိုင်ရန်အတွက် ငွေကြေးသုံးစွဲခွင့်ကို ခွင့်ပြုပေးခဲ့ပြီဖြစ်သည်။ မန်စီးတီးအား ယခုကဲ့သို့ဂိုးပြတ်အရေးနိမ့်ခဲ့ရခြင်းအပေါ် စိတ်မချမ်းမသာဖြစ်နေသော မိုဗစ်ချ်က အဆိုပါပွဲစဉ် ကစားအပြီးနာရီပိုင်းအတွင်းမှာပင် အသင်းမှလိုအပ်နေသော နောက်ခံလူနှစ်ဦးနှင့်တိုက်စစ်မှူးတစ်ဦးအား နွေဈေးကွက်အတွင်းမှာပင် ခေါ်ယူရန်မီးစိမ်းပြလိုက်ခြင်းဖြစ်သည်။

မော်ရင်ညိုက လောလောဆယ်တွင် အသက် (၂၁) နှစ်အရွယ်ရှိ အဲဗာတန်နောက်ခံလူ ဂျွန်စတုန်းအားခေါ်ယူရန်ကြိုးပမ်းနေသော်လည်း ချယ်လ်ဆီး၏ တတိယအကြိမ်မြောက်ပေါင်သန်း၃၀ဖြင့် ကမ်းလှမ်းမှုကိုလည်း အဲဗာတန်အသင်းတာဝန်ရှိသူများက ထပ်မံပယ်ချခဲ့ပြီးဖြစ်သည်။မော်ရင်ဟိုအနေဖြင့် ချယ်လ်ဆီး၏ အားနည်းနေသော ခံစစ်တံတိုင်းအတွက် ဂျွန်စတုန်းအပြင် နောက်ထပ် ဗဟို ခံစစ်ကစားသမားတစ်ဦးနှင့် ကော်စတာတစ်ဦးတည်းသာ လောက်လောက်လားလားရှိသော တိုက်စစ်နေရာအတွက် တိုက်စစ်မှူးတစ်ဦးအား ခေါ်ယူရန်ပစ်မှတ်ထားနေခြင်းဖြစ်သည်။

ချယ်လ်ဆီးသည် ယခုနှစ်နွေဈေးကွက်တွင် ဂိုးသမား ပီတာဆက်ချ်၊ဒရော့ဘာနှင့် ဖိလစ်ပီလူးဝစ်တို့အား ထွက်ခွာခွင့်ပေးခဲ့ပြီး ဘီကိုဗစ်ချ်၊ ဖယ်လ်ကာအိုနှင့် အဒူဘာဘာ ရာမန်တို့ဖြင့် ပြန်လည် အားဖြည့်ခဲ့ရာ အသင်း၏ ချန်ပီယံအိပ်မက် အားကောင်းစေရန် မလုံလောက်သည်ကိုမန်စီးတီးနှင့်ပွဲစဉ်၌ မြင်တွေ့ခဲ့ရသည်။ထို့ကြောင့် ရုရှားဘီလီယံနာသူဌေး မိုဗစ်ချ်က မော်ရင်ဟိုခေါ်ယူချင်သည့် ကစားသမားများကို အားဖြည့်ခေါ်ယူကာ ချယ်လ်ဆီး၏ ရာသီအစ ရလဒ်များ ဆိုးရွားနေမှုကို ပြန်လည်ကုစားရန် ဘဏ္ဍာရေးအင်အားဖြည့်ဆည်းပေးခဲ့ခြင်းဖြစ်သည်။

**ရှိုင်ယန်ဟေဒင်**



**လီဗာပူး-တွင် ကဝ-နေရခြင်း-အပေါ်အလုံ-ဝုံကျေနပ်နေသည့် ဘန်တီကီ**

ဒီနှစ်နွေဈေးကွက်ကမှ ဗီလာကနေ လီဗာပူးကိုပြောင်းရွှေ့လာခဲ့တဲ့ ဘန်တီကီဟာ သူ့အနေနဲ့ လီဗာပူးရှေ့တန်းမှာ အဓိကတိုက်စစ်မှူးအဖြစ်ကစားနေရတဲ့အပေါ် တကယ့်ကို ကျေနပ်ပျော်ရွှင်မှုရရှိနေတယ်လို့ ထုတ်ဖော်ပြောကြားလာခဲ့ပါတယ်။ ဘန်တီကီဟာ လီဗာပူးက ဘုန်းမောက်အသင်းကို တစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရရှိတဲ့ပွဲစဉ်မှာ တစ်လုံးတည်းသော အနိုင်ဂိုးကို သွင်းယူပေးခဲ့သူဖြစ်ပါတယ်။

ဘန်တီကီဟာ မနှစ်ကဗီလာမှာ ပြသခဲ့တဲ့ခြေစွမ်းကြောင့် သူ့ကိုမြင့်မားတဲ့ပြောင်းရွှေ့ကြေးဖြစ်တဲ့ ၃၂ ဒသမ ၅ သန်းအထိပေးချေပြီး လီဗာပူးက ခေါ်ယူခဲ့တာဖြစ်ပါတယ်။ ဘုန်းမောက်နဲ့ပွဲမှာ သွင်းယူခဲ့တဲ့ဂိုးဟာ လူကျွံအနေအထားက သွင်းယူခဲ့တာဖြစ်ပေမယ့် ဒီနှစ်မှာပြဋ္ဌာန်းခဲ့တဲ့ စည်းမျဉ်းအသစ်ကြောင့် ဂိုးအဖြစ်ခွင့်ပြုခံခဲ့ရတဲ့ဂိုးဖြစ်ခဲ့တဲ့အတွက် ဘုန်းမောက်နည်းပြအက်ဒီအောက်က ယခုပွဲရဲ့အပေါ်ဝေဖန်ခဲ့ပေမယ့် ဘန်တီကီကတော့သူ့ရဲ့လီဗာပူး ကစားသမားဘဝ အဖွင့်လှခဲ့ပြီလို့ ဆိုလိုက်ပါတယ်။

ဒါ့အပြင်သူက ဗီလာကစားသမားဘဝကို ကျေနပ်ပေမယ့် လီဗာပူးကစားသမားဘဝကသာ ပိုမိုပြည့်စုံတဲ့ခံစားချက်မျိုးရရှိခဲ့တယ်လို့လည်း ကျူးရင့်လိုက်ပါတယ်။ ဘန်တီကီဟာ ပြိုင်ဘက်ဂိုးဧရိယာအတွင်းမှာ အကောင်းဆုံး အဆုံးသတ်နိုင်တဲ့ တိုက်စစ်မှူးဖြစ်သလို ရှေ့တန်းနဲ့ အလယ်တန်းချိတ်ဆက်ကစားနိုင်မှုမှာလည်း ပါးနပ်မှုအပြည့်ရှိသူပါ။ ဒါ့ကြောင့် လီဗာပူးဟာ ဆွာရက်ဇ်ထွက်ခွာသွားပြီးနောက်ပိုင်း လိုအပ်နေတဲ့ တိုက်စစ်ကွက်လပ်ကို ဖြည့်ဆည်းပေးနိုင်ဖို့ ဘန်တီကီကို မျက်စိကျနေခဲ့တာဟာ မနှစ်ကဆောင်းရာသီအပြောင်းအရွှေ့ကာလကတည်းကဖြစ်ပါတယ်။ ဒါပေမယ့် အဲဒီအချိန်တုန်းက ဘန်တီကီက အပြောင်းအရွှေ့ကိစ္စကို ဘောလုံးရာသီကုန်မှသာ စဉ်းစားမယ်လို့ တုံ့ပြန်ခဲ့တဲ့အတွက် လီဗာပူးအသင်းအနေနဲ့ လက်လျှော့ခဲ့ရတာဖြစ်ပါတယ်။

ဒီဘယ်လ်ဂျီယံတိုက်စစ်မှူးကို ဗီလာအသင်းကလည်း လုံးဝမရောင်းချလိုပေမယ့် ကစားသမားကိုယ်တိုင်က လီဗာပူးကို ထွက်ခွာဖို့ နွေဈေးကွက်တရားဝင် မဖွင့်လှစ်မီကတည်းက ကြိုးပမ်းနေခဲ့တာကြောင့် နောက်ပိုင်းမှာ ဒီအပြောင်းအရွှေ့ကိစ္စရပ်ဟာ လျင်လျင်မြန်မြန်နဲ့ ပြီးပြတ်ခဲ့တာပါ။ အခုတော့ ဘန်တီကီဟာ ရာသီကြို ခြေစမ်းပွဲတွေမှာ ခြေစွမ်းပြခဲ့သလို လီဗာပူးအတွက် ပရီမီယာလိဂ်အဖွင့်ဂိုးကို စတင်သွင်းယူနိုင်ခဲ့ပြီဆိုတော့ သူ့ရဲ့သွင်းဂိုးအမြောက်အမြားကို ဘောလုံးပရိသတ်တွေ မကြာမီမြင်တွေ့ရတော့မှာလို့ မျှော်လင့်ရပါတယ်။

**ရှိုင်ယန်ဟေဒင်**

## မြန်မာပြည်တွင်းပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ ၂၀၁၅ ပဉ္စမပွဲစဉ်(ပြင်ဦးလွင်)တွင် ကျင်းပမည်

မြန်မာနိုင်ငံတွင် ထူးချွန်သော ဂေါက်သီးအားကစားသမားများပေါ်ထွက်လာစေရေးအတွက် CB Bank Ltdမှ အဓိက ကူညီပံ့ပိုးမည်ဖြစ်သော မြန်မာပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲပဉ္စမပွဲစဉ်အား ဩဂုတ် ၂၇ ရက် မှ ၃၀ ရက်အထိ ပြင်ဦးလွင်မြို့ရှိ ပြင်ဦးလွင်ဂေါက်ကွင်းတွင် ကျင်းပသွားမည် ဖြစ်သည်။

အဆိုပါပြိုင်ပွဲကို ပရော်ဖက်ရှင်နယ်အဆင့်၊ အပျော်တမ်း အမျိုးသား (Handicap 0-12) အဆင့်ရှိသူများနှင့် အမျိုးသမီး (Handicap 0-24) ပြိုင်ပွဲများဟူ၍ ပါဝင်ပြီး R&A (Rules Limited St. Andrew) ဂေါက်စည်းမျဉ်းအတိုင်းနှင့် ဒေသန္တရစည်းမျဉ်းများအတိုင်း ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ကြမည့်ပရော်ဖက်ရှင်နယ်အဆင့်နှင့် အပျော်တမ်းအဆင့်အမျိုးသမီးဂေါက်သီးရိုက်အားကစားသမားများသည် ဩဂုတ် ၂၅ရက် မွန်းတည့် ၁၂နာရီ နောက်ဆုံးထား၍ ပြိုင်ပွဲဝင်ကြေးနှင့်အတူ အမည်စာရင်း ပေးသွင်းရမည်ဖြစ်သည်။

အပျော်တမ်းအဆင့် အမျိုးသားပြိုင်ပွဲတွင် လူဦးရေကန့်သတ်ထားသောကြောင့်ဝင်ရောက်ယှဉ်ပြိုင်လိုသူများသည် ဖုန်း-၀၉-၂၀၃၇၆၇၁၊ ၀၉-၂၆၂၅၅၂၄၅၂၊ ၀၉ ၂၅၄၇၂၅၀၈၁ နှင့် ပြိုင်ပွဲကျင်းပမည့် ပြင်ဦးလွင်ဂေါက်ကွင်းတို့တွင် ဩဂုတ် ၂၂ ရက် မွန်းတည့် ၁၂ နာရီ နောက်ဆုံးထားကာ အမည်စာရင်းကြိုတင်ပေးသွင်းထားရမည်ဖြစ်သည်။ အကယ်၍ သတ်မှတ်လူဦးရေထက် ကျော်လွန်ပါက ဩဂုတ် ၂၄ ရက်တွင် လက်ရည်စစ်ပြိုင်ပွဲ ကျင်းပပြီး ပါဝင်ယှဉ်ပြိုင်ခွင့်အား စိစစ်ရွေးချယ်သွားမည်ဖြစ်သည်။ (မန္တလေးမြို့တွင် ကျင်းပပြီးစီးပြီဖြစ်သော ပြိုင်ပွဲတွင် အဆင့်(၁)မှ(၂၅)အထိ ဆုရရှိသူများမှာ လက်ရည်စစ်ပွဲအားယှဉ်ပြိုင်ရန်မလိုပါ။)

ပြိုင်ပွဲဝင်များ သွားလာရေး အဆင်ပြေစေရန် ရန်ကုန်မြို့မှ ပြင်ဦးလွင်မြို့သို့ ဩဂုတ် ၂၃ ရက်တွင် ကားစီစဉ်ထားရှိပေးမည်ဖြစ်ပြီး ပြိုင်ပွဲဝင်ကြေးအနေဖြင့် Professional ကစားသမားများအတွက် ကျပ် ၃၀၀၀၀၊ အပျော်တမ်းအဆင့် အမျိုးသားနှင့် အမျိုးသမီးများအတွက် ကျပ် ၁၀၀၀၀ ဖြစ်ပြီး ပြိုင်ပွဲဝင်ကြေး ပေးသွင်းရန် နောက်ကျသော ကစားသမားများအား ပြိုင်ပွဲအတွဲဇယားတွင် ထည့်သွင်းရေးဆွဲမည်မဟုတ်ကြောင်းသိရသည်။

**ဖိုးသော်ဇင်**



## ရွန်းနီ၏ကစားဟန်နှင့်ပတ်သက်ပြီး ဗန်ဟားလ်ကာကွယ်

မန်ယူနည်းပြဗန်ဟားလ်က အသင်းခေါင်းဆောင် ဝိန်းရွန်းနီလတ်တလောကစားဟန်နှင့်ပတ်သက်၍ ဝေဖန်မှုများအပေါ် ကာကွယ်ပြောကြားခဲ့သည်။ မန်ယူအသင်းအနေဖြင့် ချန်ပီယံလိဂ်ခြေစစ်ပွဲအတွက် ဘရာဂါအသင်းနှင့် ကစားရမည့် ပွဲစဉ်မတိုင်မီ ရွန်းနီတစ်ဦးတည်းကိုသာ အဓိကတိုက်စစ်မှူးအဖြစ် အသုံးပြုနေရခြင်းအပေါ် ဝေဖန်မှုများကျယ်ကျယ်ပြန့်ပြန့် ထွက်ပေါ်လာနေခြင်းဖြစ်သည်။

ရွန်းနီသည် ယခုနှစ်ပရီမီယာလိဂ်ပွဲစဉ်များတွင် သွင်းဂိုးတစ်ဂိုးမျှ သွင်းယူနိုင်မှုမရှိသေးသလို ပြိုင်ဘက်ဂိုးဧရိယာအတွင်း ထိရောက်သော ထိုးဖောက်မှုများ မပြနိုင်သေးပေ။ဗန်ဟားလ်က ဂျာနျူဇက်၏ ခြေစွမ်းတိုးတက်မှုအပေါ် အသိ အမှတ်ပြုကြောင်းပြောကြားခဲ့သော်လည်း ရွန်းနီ၏ ခြေစွမ်းခြေစနှင့်ပတ်သက်၍ ဝေဖန်မှုများမှားယွင်းကြောင်း မကြာမီသက်သေပြနိုင်မည်ဖြစ်ကြောင်း တုံ့ပြန်ပြောကြားခဲ့သည်။

“ဘောလုံးတစ်ရာသီဆိုတာကစားပွဲတွေ မြောက်မြားစွာကစားရမယ့်ပွဲပါ။ဒီလိုဆိုတော့ ခင်ဗျားတို့ ကစားသမားတစ်ယောက်ရဲ့နှစ်ပွဲလောက်ကစားတာကြည့်ရုံနဲ့ ဝေဖန်နေတယ်ဆိုတာ ဘောလုံးပွဲရသကို ဖျက်ဆီးနေသလိုပါပဲ။ မနှစ်က ကွင်းလယ်ကစားသမား လိုအပ်ချက်ကြောင့်ရွန်းနီကို ကွင်းလယ် တိုက်စစ်နေရာမှာ ထားကစားခိုင်းတော့လည်း ဝေဖန်တယ်။အခုတိုက်စစ်မှူး တစ်ဦးတည်းထားပြီးကစားခိုင်းတဲ့ ဗျူဟာကျတော့လည်း ဝေဖန်မှုကမလွတ်ဘူး” ဟု တုံ့ပြန်ပြောကြားခဲ့သည်။

မန်ယူအသင်းသည် လက်ရှိတွင် ပရီမီယာလိဂ်ပွဲစဉ်နှစ်ပွဲကစားပြီးချိန်တွင် နှစ်ပွဲလုံးအနိုင်ရခဲ့သော်လည်း သွင်းဂိုးနှစ်ဂိုးသာရရှိခဲ့ပြီး အသင်း၏အဓိကတိုက်စစ်မှူးဝိန်းရွန်းနီ ဂိုးပေါက်ပျောက်ဆုံးနေသဖြင့် ပရိသတ်များနှင့် မီဒီယာများ၏ ဝေဖန်မှုများ ရင်ဆိုင်နေရခြင်းဖြစ်သည်။ **မေလှဲ့သင်း**

## အာဂျင်တီးနားအသင်း၏ ခြေစမ်းပွဲစဉ်များတွင် မက်ဆီပါဝင်လာမည်



လာမည့် စက်တင်ဘာလအတွင်း ဘိုလီဗီးယားအသင်း၊ မက္ကဆီကိုအသင်း စသည့်အသင်းများနှင့် ယှဉ်ပြိုင်ကစားမည့် အာဂျင်တီးနားအသင်း၏ ချစ်ကြည်ရေးခြေစမ်းပွဲစဉ်များတွင် အာဂျင်တီးနားအသင်း၏ အားထားရသည့် တိုက်စစ်မှူး မက်ဆီပါဝင်လာမည်ဖြစ်ကြောင်း သိရသည်။

တိုက်စစ်မှူး မက်ဆီသည် ချီလီနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည့် ကိုပါအမေရိကဖလားပြိုင်ပွဲ၏ နောက်ဆုံးဗိုလ်လုပွဲတွင်လည်း အာဂျင်တီးနားအသင်းနှင့်အတူ ပါဝင်ကစားပေးခဲ့သူဖြစ်ပြီး လာမည့်လတွင် ယှဉ်ပြိုင်ကစားမည့် ချစ်ကြည်ရေးခြေစမ်းပွဲစဉ်များတွင် ပါဝင်ကစားခွင့်ပေးရန် တောင်းဆိုထားခဲ့ခြင်းကြောင့် ယင်းပွဲစဉ်များတွင် တိုက်စစ်မှူးမက်ဆီအား ရွေးချယ်ထားသည့် ကစားသမားစာရင်းတွင် ပါဝင်လာခဲ့ခြင်းဖြစ်သည်။

ချစ်ကြည်ရေးပွဲစဉ်များကစားမည့် အာဂျင်တီးနားအသင်းအတွက် နည်းပြမာတီနိုရွေးချယ်ထားခဲ့သည့် ကစားသမားစာရင်း ၂၄ ဦးမှာ ဂိုး-ရိုမီရို၊ ဂတ်ဇ်မန်း၊ နောက်တန်း-မာချီဆင်၊ ဇာဘလက်တာ၊ ရွန်ကာဂလီယာ၊ ဂါရေး၊ အော့တမန်ဒီ၊ မားကို့စ်ရိုဂျို၊ ကတ်စကို၊ ဒီမီချီလစ်၊ ကွင်းလယ်-မိုရီ၊ မာရှေယာနို၊ ဘာနီဂါ၊ ဘစ်ဂလီယာ၊ ပက်စတိုး၊ လာမယ်လာ၊ ပီရေးရာ၊ ဖာနန်ဒိုဂါဂို၊ ဒီမာရီယာ၊ ရှေ့တန်း - မက်ဆီ၊ အဂူရို၊ တီဗက်ဇ်၊ ဟီဂူအင်နှင့်လာဗက်ဇီတို့ ဖြစ်ကြသည်။

အာဂျင်တီးနားအသင်းသည် ချစ်ကြည်ရေးပွဲစဉ်များအဖြစ် စက်တင်ဘာ ၄ ရက်တွင် ဘိုလီဗီးယားအသင်းနှင့် လည်းကောင်း၊ ဘိုလီဗီးယားအသင်းနှင့်ယှဉ်ပြိုင်ကစားပြီးနောက် လေးရက်အကြာတွင် မက္ကဆီကိုအသင်းနှင့် လည်းကောင်း ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး အဆိုပါ ချစ်ကြည်ရေးပွဲစဉ်များမှာ အောက်တိုဘာလအတွင်း စတင်ယှဉ်ပြိုင်မည့် ၂၀၁၈ ရုရှားကမ္ဘာ့ဖလားပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်ခြင်းလည်းဖြစ်ကြောင်း သိရသည်။

ရုရှားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲဝင်ခွင့်ပွဲစဉ်အဖြစ် အာဂျင်တီးနားအသင်းသည် အောက်တိုဘာ ၅ ရက်တွင် အီကွေဒေါအသင်းအား အိမ်ရှင်အဖြစ်လက်ခံကစားရမည်ဖြစ်သည်။

**နိုင်လင်းကြည်**

## အာဆင်နယ်ခံစစ် ပိုမိုကောင်းလာမည်

အာဆင်နယ်နောက်ခံလူ မာတီဆက်ကာက လီဗာပူးနှင့်ကစားရမည့် ပရီမီယာလိဂ်ပွဲစဉ်တွင် အာဆင်နယ်၏နောက်တန်းကစားပုံမှာ ပိုမိုကောင်းမွန်လာစေရမည်ဖြစ်ကြောင်း ကတိပြုပြောကြားခဲ့သည်။အာဆင်နယ်သည် ပရီမီယာလိဂ်ပွဲစဉ်နှစ်ပွဲကစားပြီးချိန်တွင် နောက်တန်းခံစစ်နှင့် ဂိုးသမားပီတာဆက်ချ်၏ အမှားတို့ကြောင့် ပေးဂိုးသုံးဂိုးအထိပေးခဲ့ရပြီး ပရီမီယာလိဂ်အမှတ်ပေးဇယားအဆင့်(၁၁)နေရာ၌သာရပ်တည်နေနိုင်သည်။

ဂိုးသမားပီတာဆက်ချ်၏အမှားကြောင့် ဝက်စ်ဟမ်းနှင့်ပွဲစဉ်တွင် ပေးဂိုးနှစ်ဂိုးပေးခဲ့ရပြီအဖွင့်ပွဲစဉ်တွင် အရှုံးနှင့်ရင်ဆိုင်ခဲ့ရသည်။ ခရစ္စတယ်ပဲလေ့စ်နှင့်ပွဲစဉ်၌လည်း ခရစ္စတယ်ပဲလေ့စ်နောက်ခံလူ၏ ကိုယ့်ဂိုးကိုယ်သွင်းယူမိသော ဂိုးကြောင့်သာ အနိုင်ရ ခဲ့ခြင်းဖြစ်သည်။

“ခင်ဗျားတို့မှာလည်း အတွေ့အကြုံ ဘယ်လောက်ရှိရှိ တစ်ခါတစ်လေမှာတော့ အမှားဆိုတာ ကျူးလွန်မိတာပဲလေဗျာ။ ဒါပေမယ့်ပရီမီယာလိဂ်မှာ ထိပ်ဆုံးနေရာအတွင်း ဝင်ချင်ရင်တော့ နောက်တန်းနဲ့ ဂိုးသမားကောင်းဖို့တော့လိုအပ်တာပေါ့။ အခုဆို အသင်းလေ့ကျင်းရေးကွင်းမှာ ကျွန်တော်တို့ နောက်တန်းနဲ့ ပီတာဆက်ချ်တို့ အကြား နားလည်မှုပိုမိုရှိ လာခဲ့ပါပြီ။ သေချာတာတစ်ခုကတော့ လီဗာပူးနဲ့ ပွဲကျရင်နောက်တန်းက ပေးဂိုးမယ့်အနေအထားရောက်ရှိလာမှာဖြစ်ပါတယ်။ ဒါက ပရိသတ်တွေအတွက် အကောင်းဆုံးပေးဆပ်နိုင်ဖို့ ကတိပြုပေးထားနိုင်တဲ့ ကိစ္စရပ်လို့ ကျွန်တော်ယူဆပါတယ်” ဟုဆိုခဲ့သည်။ **မေလှဲ့သင်း**

# ရွှေလီဦးမော်တော်ယာဉ် တိမ်းမှောက်ရာတွင် သေဆုံးသူများနှင့် ထိခိုက်ဒဏ်ရာရသူများအတွက် အာမခံကြေးငွေများပေးအပ်

**နေပြည်တော် ဩဂုတ် ၁၈**

ရန်ကုန်-မန္တလေး အမြန်လမ်း မိုင်တိုင်အမှတ် (၁၀၅/၁)နှင့် (၁၀၅/၂)ကြားတွင် ဩဂုတ် ၁၀ ရက်က ရွှေလီဦးယာဉ်တိမ်းမှောက်မှုဖြစ်ပွားခဲ့သည်။**(သတင်းဖော်ပြပြီး)**

ထိုသို့ တိမ်းမှောက်မှုဖြစ်လျှင်ဖြစ်ချင်း အပြည်ပြည်ဆိုင်ရာ ကမ္ဘောဇအာမခံလုပ်ငန်း (IKBZ Insurance) မှ တာဝန်ရှိသူများက သေဆုံးသူများအတွက် တစ်ဦးလျှင် အာမခံကြေး ငွေကျပ်သိန်း ၃၀ နှုန်းဖြင့် ကိုးဦးအတွက် ငွေကျပ်သိန်း ၂၇၀ ကိုလည်းကောင်း၊ ထိခိုက်ဒဏ်ရာရရှိ၍ ဆေးကုသမှုခံယူလျက်ရှိသော လူနာများအတွက် ကြိုတင်ငွေအဖြစ် တစ်ဦးလျှင် ငွေကျပ် ၁၀၀၀၀၀ နှုန်းဖြင့် စုစုပေါင်း ၂၅ ဦးအတွက် ငွေကျပ် ၂၅ သိန်းကိုလည်းကောင်း စုစုပေါင်း အာမခံကြေး ငွေကျပ် ၂၉၅ သိန်းကို သေဆုံးသူများ၏ ကျန်ရစ်သူ မိသားစုဝင်များနှင့် လူနာများရှိရာ ဆေးရုံများသို့ ကိုယ်တိုင်သွားရောက်၍ အခင်းဖြစ်ပွားပြီး ၂၄ နာရီအတွင်း လက်ရောက်ပေးအပ်ခဲ့သည့်အပြင် ဆေးကုသမှုခံယူနေသူများကို ဒဏ်ရာအခြေအနေများအပေါ် မူတည်၍ အာမခံကြေးငွေများကို ဆက်လက်၍ ထပ်မံ ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း သိရသည်။



အပြည်ပြည်ဆိုင်ရာ ကမ္ဘောဇအာမခံလုပ်ငန်းအနေဖြင့် မိဘပြည်သူများ၏ အသက်အိုးအိမ် စည်းစိမ်ဥစ္စာနှင့် စီးပွားရေးလုပ်ငန်းများ ပျက်စီးဆုံးရှုံးခြင်းမှ ပြန်လည်အစားထိုးကာကွယ်ပေးရန်အတွက် မြန်မာပြည်အနှံ့အပြားရှိအချက်အချာကျသော မြို့ကြီးများတွင် ရုံးခွဲပေါင်း ၁၄ ခု ဖွင့်လှစ်၍ ဝန်ထမ်းအင်အား ၅၀၀ ခန့်ဖြင့် မီးအာမခံ၊ အလုံးစုံမော်တော်ယာဉ်အာမခံ၊ ပြည်သူပြည်သားအသက်အာမခံ၊ ငွေသားလုံခြုံမှုအာမခံ၊ ငွေပို့ငွေသယ်အာမခံ၊ သမာဓိအာမခံ၊ အထူးခရီးသွားအာမခံ၊ ကျန်းမာရေးအာမခံနှင့် ရေကြောင်းအာမခံ လုပ်ငန်းတို့ကို တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် မတော်တဆဖြစ်ပွားမှုများကြောင့် အာမခံလျော်ကြေးငွေ တောင်းခံမှုများကိုအချိန်နှင့်တစ်ပြေးညီ အမြန်ဆုံးရရှိနိုင်ရန် ဆောင်ရွက်ထုတ်ပေးလျက်ရှိကြောင်း သိရသည်။ **(ကြေးမုံ)**

# လှိုင်သာယာ ရွှေလင်ပန်းစက်မှုဇုန်၌ မီးလောင်မှုဖြစ်ပွား



**ရန်ကုန် ဩဂုတ် ၁၈**

ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် ရွှေလင်ပန်းစက်မှုဇုန် ယောမင်းကြီး ဦးဖိုးလှိုင် လမ်းအမှတ်(၃၃၈)ရှိ ငရုတ်သီးစက်ရုံ သိုလှောင်ရုံတစ်ခုအတွင်း ဩဂုတ် ၁၈ ရက် နံနက် ၇ နာရီက ဝါယာရှော့ဖြစ်ရာမှတစ်ဆင့် မီးလောင်မှုဖြစ်ပွားခဲ့သည်။

အဆိုပါ မီးလောင်မှုဖြစ်ပွားရာစက်ရုံသို့ မြို့နယ်အဆင့်တာဝန်ရှိသူများ၊ မီးသတ်တပ်ဖွဲ့ဝင်များ အချိန်နှင့်တစ်ပြေးညီရောက်ရှိလာပြီး ယင်းစက်ရုံအတွင်း သိုလှောင်ရုံမီးကူးစက်လောင်ကျွမ်းနေမှုကို အုပ်ချုပ်မှုယာဉ် သုံးစီး၊ မီးသတ်ယာဉ် ၂၃ စီးဖြင့် စုပေါင်းမီးငြိမ်းသတ်ခဲ့ရာ နံနက် ၈ နာရီခွဲခန့်တွင် မီးငြိမ်းသွားသည်။ မီးလောင်မှုကြောင့် စက်ရုံပိုင်ရှင်ဖြစ်သူအား လှိုင်သာယာမြို့နယ် မြို့မရဲစခန်းမှ တာဝန်ရှိသူများက စုံစမ်းစစ်ဆေး ဆောင်ရွက်နေကြောင်း သိရသည်။

**မင်းထက်ပိုင်(လှိုင်သာယာ)**

○ **ကျောဖုံးမှ**

၄၃ မိနစ်တွင် တိုက်စစ်မှူးမက်ဆီက ဘာစီလိုနာအသင်းအတွက် အဖွင့်ဂိုးသွင်းယူပေးနိုင်ခဲ့သော်လည်း ဒုတိယပိုင်းပွဲကစားချိန် ၅၆ မိနစ်တွင် နောက်ခံလူပီကေးတိုက်ရိုက်အနီကတ်ပြထုတ်ပယ်ခြင်းခံခဲ့ရခြင်းကြောင့် ပွဲကစားချိန် ၇၄ မိနစ်တွင် ဘီဘာအို၏ ချေပဂိုးသွင်းယူမှုကို ခွင့်ပြုပေးလိုက်ရသည်။ ဘီဘာအိုအသင်းအတွက် ချေပဂိုးကို တိုက်စစ်မှူး အက်ဒူရစ်ဇ်က သွင်းယူပေးခဲ့ခြင်းဖြစ်သည်။

ယင်းပွဲစဉ်တွင် ဘာစီလိုနာအသင်းနောက်ခံလူပီကေးအပြင် ဘီဘာအိုကစားသမား ကီကီဆိုလာသည်လည်း တိုက်ရိုက်အနီကတ်ဖြင့် ထုတ်ပယ်ခြင်းခံခဲ့ရသည်။ ဘာစီလိုနာအသင်းနှင့် ဘီဘာအိုအသင်းတို့၏ စပိန်စူပါဖလားဒုတိယအကျော့တွင် သာမန်ပွဲကစားချိန် မိနစ် ၉၀ ရောက်သည်အထိ နှစ်သင်းစလုံးဂိုးထပ်မံမသွင်းယူနိုင်ခဲ့ခြင်းကြောင့် ဘီဘာအိုအသင်းက ဘာစီလိုနာအသင်းအား နှစ်ကျော့ပေါင်း ငါးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

**(နိုင်လင်းကြည်)**

# ကျောင်းစာကြည့်တိုက်များ အရည်အသွေးတိုးမြှင့်ရေး အခမ်းအနား ကျင်းပမည်

**ရန်ကုန် ဩဂုတ် ၁၈**

အာရှဖောင်ဒေးရှင်းနှင့် မြန်မာနိုင်ငံစာကြည့်တိုက်အသင်းတို့ ပူးပေါင်းကျင်းပသည့် "ကျောင်းစာကြည့်တိုက်များအရည်အသွေးတိုးမြှင့်ရေး" အခမ်းအနားကို ဩဂုတ် ၁၉ရက် နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ သယ်ကျွန်းမြို့နယ် (၂၅)ရပ်ကွက် သံသုမာလမ်းရှိ အခြေခံပညာအထက်တန်းကျောင်း (သုဝဏ္ဏ) နဝရတ်စာကြည့်တိုက်၌ ကျင်းပမည်ဖြစ်သည်။

**(သတင်းစဉ်)**


"မြင့်မားတယ် ခြားနားတယ် နှိုင်းယှဉ်ကြည့်မှ သိလိမ့်မယ်"

၂၀၁၆ တက္ကသိုလ်ဝင်တန်းစာမေးပွဲအတွက် "ဓာတုသရုပ္ပ"

မြန်မြန်ဝယ် မှန်မှန်ကျင့်

"သင့်" ဂုဏ်ထူးအတွက် အဆင်သင့်။

အုပ်ရေ(၅၀)နှင့်အထက် မှာကြားသော စာအုပ်ဆိုင်များ၊ အထက်တန်းကျောင်းများ၊ ဘော်ဒါများ၊ စာသင်ဝိုင်းများ၊ Guide တန်းများ အားလုံးကို အထူးနှုန်းဖြင့် ဖြန့်ချီပါသည်။

2016 CHEMISTRY Exam: Guide

ကြိုတင်မှာကြားပါ

ဩဂုတ်လ(၂၁)ရက်တွင်ထွက်မည်

ဆက်သွယ်ရန် ⟶ ၀၉ ၅၁၄၃၁၁၆၊ ၀၁ ၅၇၃၄၀၁၊ ၀၉၅၄၀၆၅၄၆



မျိုး 380164 09 5017088 09250640699

ခရီးစဉ်အမျိုးမျိုးနှင့် လစဉ်ငှားရမ်းရန်ရှိသည်။ ယာဉ်ပိုင်ရှင်များ ဆက်သွယ်ပါ။


## အသိပေးကြေညာချက်

ဂျပန်နိုင်ငံမှ မော်တော်ယာဉ်များ တင်ဆောင်လာသည့် M.V FORTUNE EPOCH V.099 သင်္ဘောသည် ၁၉-၈-၂၀၁၅ ရက်ခန့်တွင် ရန်ကုန်ဆိပ်ကမ်းသို့ ဆိုက်ကပ်၍ ကုန်ချလုပ်ငန်း ဆောင်ရွက်မည်ဖြစ်ပါသည်။

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါပစ္စည်းများကို ORIGINAL BILL OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့် အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါ တယ်လီဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈

ကိုယ်စားလှယ်လုပ်ငန်းဌာန
မြန်မာ့ဆိပ်ကမ်းအာဏာပိုင်


ကျော် ရာထူးဝန်အဖွဲ့မှရာထူးများဝင်ခွင့် (ဘာသာဒီပလိုမာဝင်ခွင့်) DB, DA ဝင်ခွင့်

Ph:09421042332,09420005131



GOLDEN STAR Travels & Tours

✲ တောင်ကြီး-မန္တလေး-ပြင်ဦးလွင် Aug-24

✲ ကျိုက်ထီးရိုး/ချောင်းသာ/ငွေဆောင်

ကားမျိုးစုံ စီးရန်ငှားသည်။

Ph :544383 209200 430480 703448 705968



နေပြည်တော် | မင်္ဂလာစံပြ | မင်္ဂလာဒိုင်းမွန်း | မင်္ဂလာထွန်းသီရိ | ၂၀.၈.၂၀၁၅ ရက်မှ စ၍ တစ်ပြိုင်တည်းပြပြီ




ရွှေဆောင် | မင်္ဂလာ(၂) | မင်္ဂလာဒိုင်းမွန်း | ၂၀.၈.၂၀၁၅ ရက်မှ တစ်ပြိုင်တည်းပြပြီ



# မုံရွာမြို့ ကြက်မွေးမြူရေးဇုန်အတွင်း ကြက်မွေးမြူရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်း



**မုံရွာ ဩဂုတ် ၁၈**

မုံရွာမြို့ရှိ ကြက်မွေးမြူရေးဇုန်အတွင်း ယခုနှစ်ဖေဖော်ဝါရီလအတွင်းက ကြက်ငှက်တုပ်ကွေးရောဂါ H5N1 ရောဂါဖြစ်ပွားခဲ့မှုကြောင့် ရပ်နားခဲ့သော မွေးမြူရေးလုပ်ငန်းများကို ဇွန်လအတွင်းတွင် ပြန်လည်မွေးမြူခဲ့ရာ လက်ရှိတွင် အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

ကြက်မွေးမြူရေးအထူးဇုန်တွင် ကြက်ငှက်တုပ်ကွေးရောဂါ (N5N1) ဖြစ်ပွားခဲ့မှုကြောင့် ကြက်ခြံ ၁၂၃ ခြံနှင့် ငုံးခြံ ၅၁ ခြံကို ဖယ်ရှားရှင်းလင်းခဲ့ပြီး ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများဆောင်ရွက်အပြီး နှစ်လခွဲအကြာတွင် ကြက်မွေးမြူရေးလုပ်ငန်းများ ပြန်လည်စတင်ခြင်းဖြစ်သည်။

ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားပြီးနောက်ပိုင်းတွင် ဇီဝလုံခြုံရေးအတွက် ပိုမိုဂရုတစိုက်ဖြင့် ကြက်မွေးမြူရေးလုပ်ကိုင်သူများအနေနဲ့ ပိုမိုသတိထားကာ စနစ်တကျမွေးမြူလာသဖြင့် အောင်မြင်ဖြစ်ထွန်းရခြင်းဖြစ်ပြီး ဥစားကြက်များသာ သီးသန့်မွေးမြူခြင်းဖြစ်ကြောင်း သိရသည်။

ကြက်မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ အမျိုးသမီးတစ်ဦးကလည်း "ကြက်ခြံတွေကလည်း အခု ဇုန်တစ်ခုလုံး ပုံစံတစ်ခုတည်းဆောက်ရတယ်။ ခြံဖျန်းဆေးတွေလည်း တစ်လကို နှစ်ကြိမ်ဖျန်းရတယ်။ လည်လိမ်ရောဂါကာကွယ်ဆေးကိုလည်း တစ်လတစ်ကြိမ်တိုက်ပေးရတယ်။ မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနရဲ့ ထောက်ခံချက်ရမှ ဇုန်အတွင်းကို အကောင်ပေါက်တွေ ဝင်ခွင့်ပြုတယ်။ကြက်တွေသွင်းတာပဲဖြစ်ဖြစ် ထုတ်တာပဲဖြစ်ဖြစ် ဇုန်တာဝန်ရှိသူတွေထံ သတင်းပို့ရတယ်။ ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပြီးတဲ့နောက်ပိုင်းမှာ ဆောင်ရန်၊ ရှောင်ရန်တွေကို ပိုပြီးနားလည်လာတယ်။ ကြက်မွေးရတာက အပြင်မှာထက်စာရင် ဇုန်ထဲမှာမွေးရတာက ပိုပြီးအဆင်ပြေတယ်။ မီးလောင်တုန်းကလည်း ပြန်လည်ထူထောင်ရေးအတွက် ချေးငွေစီစဉ်ပေးတယ်။ ဟိုတလောကဖြစ်တဲ့ ကြက်ငှက်တုပ်ကွေးဆို ခြံတွေမှာရှိတဲ့ကြက်တွေ အကုန်ရှင်းထုတ်လိုက်ရပေမယ့် ပြန်လည်ထူထောင်ရေးအတွက် ထောက်ပံ့မှုတွေရှိတော့ အများကြီးအဆင်ပြေပါတယ်။

ထူထောင်ရေးသာလုပ်မပေးရင် ကျွန်မတို့ ကြက်ခြံသမားတွေ မလွယ်ဘူး။ နောက်ပြီး ကြက်ငှက်တုပ်ကွေးကာလနောက်ပိုင်းမှာ ခြံတွေအတော်များများက ဥစမ်းကြက်တွေကို မှာယူပြီးမွေးကြတယ်။ အရင်းတော့နည်းနည်းကြီးတာပေါ့။ ကျွန်မတို့ကတော့ မီးကိုင်ကတည်းက စမွေးတော့ အရင်းနည်းပါတယ်။ အခုတော့ အားလုံးအဆင်ပြေနေပါပြီ။ နောက်နှစ်လလောက်ဆို ကြက်တွေ ဥစမ်းတော့မယ်" ဟု ပြောသည်။

မုံရွာကြက်မွေးမြူရေးဇုန်သည် ၁၂၃ ဒသမ ၄၅ ဧကကျယ်ဝန်းပြီး ကြက်မွေးမြူရေးခြံ ၃၆၀၊ ငုံးမွေးမြူရေးခြံ ၁၂၀ ခြံတို့ မွေးမြူလျက်ရှိရာ ယခုနှစ်ဖေဖော်ဝါရီလအတွင်း ကြက်ငှက်တုပ်ကွေးရောဂါ (H5N1) ဖြစ်ပွားခဲ့ပြီး ပျက်စီးဆုံးရှုံးမှုများရှိခဲ့သဖြင့် နိုင်ငံတော်မှ ကြက်မွေးမြူရေးလုပ်ငန်းရှင် ၁၃၆ ဦး၊ ငုံးမွေးမြူရေး လုပ်ငန်းရှင် ၅၂ ဦးတို့အား မွေးမြူရေးလုပ်ငန်းများ ပြန်လည်စတင်နိုင်ရန်အတွက် ငွေကျပ် ၆၀၂ ဒသမ ၃၃၅ သန်းအား ထောက်ပံ့ခဲ့သဖြင့် ကြက်မွေးမြူရေးလုပ်ငန်းများကို ဆက်လက်လုပ်ကိုင်လျက်ရှိသည်။ ငုံးမွေးမြူသူများအနေဖြင့် သီးသန့်မွေးမြူနိုင်ရန်အတွက် ငုံးမွေးမြူရေးဇုန်အသစ်ထပ်မံဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**ဖိုးချမ်း(မုံရွာ)**

# ယာယီဘေလီတံတားများဆောက်လုပ်ပြီးစီး၍ ကလေး-ဂန့်ဂေါ-မန္တလေးလမ်းပွင့်



**ကလေး ဩဂုတ် ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင်အတွင်း ရေကြီးရေလျှံမှုကြောင့် လမ်းများတံတားများပျက်စီးခဲ့ပြီး မန္တလေး-ကလေး ကုန်သွယ်မှုလမ်းကို ဇူလိုင် ၂၈ ရက်မှစတင်ကာ ကုန်းလမ်းဆက်သွယ်မှုလမ်းကြောင်း ပြတ်တောက်သွားခဲ့သော်လည်း ခရိုင်လမ်းတံတားဦးစီးဌာနနှင့် လမ်းတည်ဆောက်ရေးအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် ကလေး-ဂန့်ဂေါ-မန္တလေးလမ်း ပွင့်နေပြီဖြစ်ကြောင်း သိရသည်။

ယခုအခါ ကလေးခရိုင်လမ်းဦးစီးဌာနမှဦးဆောင်၍ ကလေးမြို့အနီး ဇင်းကလင်းကျေးရွာ လမ်းရေတိုက်စားမှုကြောင့် ကလေး-ဂန့်ဂေါကားလမ်းမပေါ်တွင် တံတားအရှည်ပေ ၁၁၀ ရှိRC တံတားမှာ ဂန့်ဂေါဘက်ချဉ်းကပ်လမ်း ရေတိုက်စားပျက်စီးသွားသဖြင့် အရှည်ပေ ၁၀၀ ရှိ ယာယီဘေလီတံတားကို ဩဂုတ် ၁၀ ရက်မှစ၍ စတင်တည်ဆောက်ကာ ဩဂုတ် ၁၅ ရက်တွင် ဆောက်လုပ်ပြီးစီးခဲ့သည်။

ယင်းအပြင် ဇင်းကလင်းကျေးရွာအနီး လမ်းမအား ရေတိုက်စားမှုကြောင့် ရေလမ်းကြောင်းပြောင်းပြီး လမ်းတာပေါင်နှင့် ကတ္တရာလမ်းပြတ်ကျသွားသဖြင့် အရှည်ပေ ၁၃၀ ရှိ ယာယီဘေလီတံတားသစ် တည်ဆောက်ခြင်းလုပ်ငန်းကို ဩဂုတ် ၁၀ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ ဩဂုတ် ၁၅ ရက်တွင် ပြီးစီးပြီဖြစ်သည်။

ယင်းအပြင် ချင်းဆိုင်ကျေးရွာတွင်လည်း ပေ ၈၀ ခန့် မြေသားတာပေါင်နှင့် ကတ္တရာလမ်း ပေ ၈၀ ခန့် ရေတိုက်စားပြီး လမ်းသားပြတ်တောက်သွားကာ ချောင်းရေစီးနေသဖြင့် ပေ ၂၀ အရှည်ရှိ သစ်သားတားတံတားဆောက်လုပ်ခြင်းနှင့် ပေ ၆၀ ကျော် မြေကြီးတာပေါင်ဖို့ခြင်းလုပ်ငန်းအား ဩဂုတ် ၉ ရက်က ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ အဆိုပါ တံတားများဆောက်လုပ်ခြင်းကို ကလေးခရိုင်လမ်းဦးစီးဌာနမှ တာဝန်ယူ၍ တံတားတည်ဆောက်ရေးစီမံကိန်း(၁)၊ တံတားတည်ဆောက်ရေးအဖွဲ့ (၁)၊ (၂)၊ (၃) တို့နှင့်အတူ ပူးပေါင်းဆောင်ရွက်ကာ ဝန်ထမ်းအင်အား ၁၅ ဦးနှင့် အလုပ်သမားအင်အား ၂၀၀ တို့ဖြင့် ဆောက်လုပ်ဆောင်ရွက်ခြင်းဖြစ်ပြီး ယခုအချိန်တွင် ကလေး-ဂန့်ဂေါကားလမ်းမတွင် ယာဉ်များသွားလာရေးနှင့် ပြည်သူများသွားလာရေးတွင် အဆင်ပြေချောမွေ့လာပြီဖြစ်ကြောင်း သိရသည်။

**ဂျိုးနက်**

# မြောင်းမြမြို့၌ ပြည်သူ့ဗဟိုပြု ရဲလုပ်ငန်းစဉ် စကားဝိုင်းဆွေးနွေးပွဲစဉ်ဆက် မပျက်ကျင်းပ

**မြောင်းမြ ဩဂုတ် ၁၈**

မြောင်းမြခရိုင် မြောင်းမြမြို့နယ် မြောင်းမြ (မြို့မ) ရဲစခန်း၏ အပတ်စဉ်ဆောင်ရွက်လျက်ရှိသော ပြည်သူ့ဗဟိုပြု ရဲလုပ်ငန်းစဉ် စကားဝိုင်းဆွေးနွေးပွဲအား ဩဂုတ် ၁၆ ရက် မွန်းလွဲ ၁ နာရီက မြောင်းမြ(မြို့မ)ရဲစခန်း ရဲကျော်သူခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါဆွေးနွေးပွဲ၌ မြောင်းမြခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးမောင်မောင်ညီက ယခင်ရဲလုပ်ငန်းများ ဆောင်ရွက်ရာတွင် လုံခြုံရေး၊ မှုခင်းကျဆင်းရေးများ၌ ရာနှုန်းပြည့်မအောင်မြင်ခဲ့သဖြင့် ယခုအခါ ပြည်သူ့ဗဟိုပြု၍ ရဲလုပ်ငန်းများဆောင်ရွက်မှသာ အောင်မြင်မှုရရှိမည်ဖြစ်သောကြောင့် ယခုလို တွေ့ဆုံပြီး ရဲလုပ်ငန်းများကို ထဲထဲဝင်ဝင် သိရှိနိုင်ရန်အတွက် တွေ့ဆုံဆွေးနွေးခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

ယင်းအပြင် မြောင်းမြခရိုင်အတွင်းရှိ မြို့နယ်များမှ နယ်ထိန်းရဲတပ်ဖွဲ့ဝင်များအား (COMMUNITY POLICING) လုပ်ငန်းစဉ် အခြေခံသင်တန်းများ ဖွင့်လှစ်သင်ကြားပေး၍ ပြည်သူလူထုနှင့် ထိတွေ့ဆက်ဆံပြီး ရဲလုပ်ငန်းများဆောင်ရွက်ရာတွင် လုပ်ငန်းများအဆင်ပြေဆောင်ရွက်နိုင်ရန် လေ့ကျင့်သင်ကြားပေးလျက်ရှိကြောင်း ၎င်းကဆက်လက် ပြောကြားခဲ့သည်။

ဆက်လက်၍ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးညဏ်လွင်က (COMMUNITY POLICING) သင်တန်းနှင့် ပတ်သက်၍ အောင်မြင်မှုရရှိခဲ့ကြောင်း ပြည်သူ့ဗဟိုပြုရဲလုပ်ငန်းများဆောင်ရွက်ရာတွင် ပြည်သူလူထုမှ ကူညီဆောင်ရွက်ပေးပါရန်နှင့် ရဲတပ်ဖွဲ့ဝင်များမှ မှားနေလျှင်၊ လုပ်ငန်းလုပ်ကိုင်မှု လိုအပ်ချက်များရှိနေခဲ့လျှင် ဆွေးနွေးပွဲတက်ရောက်လာသူများမှ အကြံပြုဆွေးနွေးပေးပါရန်နှင့် မြောင်းမြ(မြို့မ)ရဲစခန်းမှူး ဒုရဲမှူးအောင်စိုးက မြောင်းမြ(မြို့မ)ရဲစခန်းအပိုင်တွင်း မှုခင်းကိစ္စဆောင်ရွက်မှုများအား ရှင်းလင်းဆွေးနွေးခဲ့ပြီး ယာဉ်ထိန်းရဲတပ်ဖွဲ့ တပ်စုမှူးရဲအုပ်လှထွန်းက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများနှင့်ပတ်သက်၍ ပြောကြားခဲ့သည်။

ယင်းနောက် ဆွေးနွေးပွဲတက်ရောက်လာသူများမှ မှုခင်းကျဆင်းရေး အသိပညာပေးဟောပြောပွဲများ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲများအား ရပ်ကွက်များနှင့် ဘာသာရေးကျောင်းများ၌ ပူးပေါင်းကျင်းပရန်နှင့် အခြားသိရှိလိုသည်များအား အပြန်အလှန်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

မြောင်းမြခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးမောင်မောင်ညီ၊ မြောင်းမြမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးညဏ်လွင်၊ မြောင်းမြ (မြို့မ) ရဲစခန်းမှူး ဒုတိယရဲမှူးအောင်စိုး၊ ယာဉ်ထိန်းရဲတပ်ဖွဲ့ တပ်စုမှူးရဲအုပ်လှထွန်း၊ နယ်ထိန်းခေါင်းဆောင် ရဲအုပ်အောင်ဆွေမြင့်နှင့် ခရိုင်နှင့်မြို့နယ်မှ ရဲတပ်ဖွဲ့ဝင်များ၊ မြောင်းမြမြို့ပေါ်ရှိ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများ၊ ဘာသာရေးအဖွဲ့အစည်းများမှပုဂ္ဂိုလ်များ တက်ရောက်ကြောင်း သိရသည်။

**ဇော်မင်းသွင်(မြောင်းမြ)**

# အိုင်တီအလုပ်အကိုင်အခွင့်အလမ်းဆိုင်ရာဟောပြော

**မန္တလေး ဩဂုတ် ၁၈**

မန္တလေးတိုင်းဒေသကြီး ကွန်ပျူတာပညာရှင်အသင်းမှ ကြီးမှူးကျင်းပသော တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသည့် ကျောင်းသား ကျောင်းသူများအတွက် ICT Carrer အိုင်တီအလုပ်အကိုင်အခွင့်အလမ်းဆိုင်ရာ ဟောပြောပွဲကို ဩဂုတ် ၁၆ ရက် နံနက်ပိုင်းက မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်ရှိ ရွှေဖြူပလာဇာ ဒုတိယထပ်ရှိ အဆိုပါအသင်းရုံး ဟောပြောခန်းမတွင် ကျင်းပခဲ့သည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး ကွန်ပျူတာပညာရှင်အသင်း ဒုတိယဥက္ကဋ္ဌ ဦးဇော်ရဲသူက အဖွင့်အမှာစကားပြောကြားပြီး အသင်းပညာရေးကော်မတီဥက္ကဋ္ဌ ဒေါ်မြတ်သန္တာတင်၊ Glorious Innovative Myanmar မှ ဒေါ်ကြည်စင်ရွှေနှင့် မန္တလေးတိုင်းဒေသကြီး ကွန်ပျူတာလုပ်ငန်းရှင်အသင်းနာယက ဦးရဲမြတ်သူက အိုင်တီအလုပ်အကိုင်အခွင့်အလမ်းများဆိုင်ရာများကို အသီးသီးဟောပြောကြသည်။

အဆင့်မြင့်ပညာသင်ယူကြမည့် ကျောင်းသား ကျောင်းသူများအနေဖြင့် သမားရိုးကျပညာရေးကို ခေါက်ရိုးကျိုးနေသည့် အမြင်ရှိနေကြပြီး ယနေ့ပွင့်လင်းလာသည့် ပညာရေးလမ်းကြောင်းများအား အမြင်ကျယ်ကျယ်ဖြင့်အမြော်အမြင်ကြီးစွာ သိရှိစေရန်ရည်ရွယ်၍ အဆိုပါဟောပြောပွဲကို ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**(၀၀၂)**

# ကျောင်းသားများအားသွားနှင့်ခံတွင်းအခမဲ့စစ်ဆေး

**ကျွန်းလှ ဩဂုတ် ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့အခြေခံပညာအထက်တန်းကျောင်း၌ ဩဂုတ် ၁၇ ရက် နံနက် ၁၀ နာရီက ကျောင်းသား၊ ကျောင်းသူများကို သွားနှင့်ခံတွင်း အခမဲ့ကျန်းမာရေးစစ်ဆေးကုသပေးကြောင်း သိရသည်။

ယင်းသို့ ကျန်းမာရေးစစ်ဆေးကုသပေးရာတွင် မူလတန်း ၃၈၈ ဦးနှင့် အလယ်တန်း၊ အထက်တန်းကျောင်းသား၊ ကျောင်းသူတို့အား စစ်ဆေးကုသပေးကြောင်း သိရသည်။

ယခုအခါ မိုးရာသီတွင်ဖြစ်ပွားတတ်သော သွေးလွန်တုပ်ကွေးရောဂါ၊ ဝမ်းပျက် ဝမ်းလျှောရောဂါများ ကျောင်းသား၊ ကျောင်းသူတို့ကို မဖြစ်ပွားစေရန် မြို့ကျန်းမာရေးဦးစီးဌာန ဆရာဝန်ကြီးနှင့် ကျန်းမာရေးဝန်ထမ်းများက ပညာပေးဟောပြောပွဲများပြုလုပ်ခြင်း၊ ကျန်းမာရေးစစ်ဆေးခြင်းနှင့် သန်ကျဆေးများတိုက်ကျွေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့သည်။ ကျောင်းတွင်းဈေးဆိုင်များကိုလည်း ကျန်းမာရေးနှင့်ညီညွတ်သော အစားအစာများရောင်းချခြင်း၊ ဈေးသည်များ၏ ကျန်းမာရေးတို့ကို စစ်ဆေးပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်ငွေငွေမြင့်က ပြောသည်။

**မျိုးဝင်းညို(ကျွန်းလှ)**

ဖတ်စရာ

# ရေတိုး၊ မိုးရွာသွန်းချိန် နွားများအား စားကျက်ပြောင်းရွှေ့



မြန်မာ့ရိုးရာ နွားမွေးမြူရေးလုပ်ငန်းမှာ နယ်လှည့်၍ စားကျက်ပြောင်းကာမွေးမြူရသော လုပ်ငန်းတစ်ခုဖြစ်သည်။ နွားမခြံတစ်ခြံလျှင် နွားမကောင်ရေ အနည်းဆုံး ၂၅ ကောင်မှ အကောင် ၁၀၀ အထိ ပါဝင်ပြီး နွားမခြံများအစုအဖွဲ့လိုက်စု၍ နေထိုင်လေ့ရှိသည်။

နွားများမှာ လယ်သမားများတွင် ကိုယ်ပိုင်နွားတိုက်ဖြင့် လှည့်လည်နေသူများရှိသကဲ့သို့ အငှားနွားမွေးဖက်ပေးစနစ်ဖြင့် နွားကျောင်းခြင်းပြုလုပ်သူများလည်းရှိသည်။

မွေးဖက်ပေးစနစ်တွင် ပိုက်ဆံရှိသည့် ကျေးလက်ဒေသများမှ လူများသည် နွားအကောင်ရေ ၂၀ ခန့်ဝယ်ယူပြီး အကောင်တိုးစနစ်ဖြင့်မွေးမြူကြသည်။ ထိုသူများစုပေါင်း၍ နွားကျောင်းသူ၊ မွေးဘက်မွေးသူတို့ကို ရှာကြရသည်။ လူငါးဦးပေါင်းပါက နွားအကောင်ရေတစ်ရာခန့် ဖြစ်သွားသည်။

နွားကျောင်းသူသည် နွားကျောင်းခအဖြစ် နွားနို့ကိုညှစ်ပြီး ရောင်းချစားသောက်ကြရသည်။ နွားနို့ကို အပိုင်ရကြသည်။ တိုးပွားလာသောနွားများထဲမှ တစ်နှစ်လျှင် နွားငယ်နို့ခွဲကြီးတစ်ကောင်နှုန်း နွားကျောင်းခအဖြစ် ပေးလေ့ရှိသည်။

နွားမများ နို့ရခြင်း၊ မရခြင်းမှာ စားကျက်မြေအစာပေါခြင်း၊ မပေါခြင်း၊ မွေးနွားများခြင်း၊ မများခြင်း ပေါ်မူတည်သည်။ နွားမများသည် တစ်နှစ်တစ်သား(သို့မဟုတ်)နှစ်နှစ်တစ်သားနှုန်း မွေးလေ့ရှိသည်။ နွားကျောင်းသူများသည် နွားကျောင်းခအဖြစ်ရရှိသော နွားများကို ထပ်မံမွေးထားခြင်း တစ်ခါတစ်ရံ ရောင်းစားခြင်းများ ပြုလုပ်ကြသည်။

နွားပိုင်ရှင်များကမူ နွားအကောင်ရေတိုးပွားမှုကိုသာ အလေးထားပြီး နွားမမွေးပါက ခြံထဲတွင် ဆက်မွေးပြီး နွားထီးမွေးပါက ရောင်းချလေ့ရှိကြသည်။ လက်ရှိကာလတွင် နွားနို့ခွဲကြီး ဗမာနွားတစ်ကောင်လျှင် ငွေကျပ်တစ်သိန်းကျော်၊ နွားမချောပါက ငွေကျပ် ၃၅၀၀၀၀ မှ ကျပ် ၄၀၀၀၀၀ အထိရရှိသည်။

နွားမခြံမွေးမြူသူများသည် စားကျက်ပေါသည့်နေရာ လမ်းပန်းဆက်သွယ်ရေးကောင်းသည့်နေရာတွင် နေလေ့ရှိသည်။ သို့မှသာ နွားနို့ရောင်းရန် သယ်ယူရလွယ်ကူခြင်း၊ နွားမခြံမှ နွားချေးများကို ရောင်းချနိုင်ခြင်းတို့ ပြုလုပ်နိုင်မည်ဖြစ်သည်။ လက်ရှိကာလ ရေတိုးချိန်နှင့် မိုးရွာသွန်းချိန်တွင် နွားမတိုက်များ စားကျက်နေရာပြောင်းရွှေ့လာကြသည်။

စားကျက်ပေါသည့် မတ္တရာ၊ လက်ပံလှဘက်မှ နွားမတိုက်များသည် တံတားမြို့နယ်ဘက်သို့ စတင်ပြောင်းရွှေ့လာကြသည်။ ပြောင်းရွှေ့မှုတွင် နွားမတိုက်များ အုပ်စုလိုက် တန်းစီပြောင်းရွှေ့ကြသည်။ ကမ်းနားလမ်း ကားများအကြားမှ ရွှေ့ပြောင်းမှုတွင် ဂရုစိုက်ရသည့်အတွက် စုပေါင်းမောင်းနှင် ပြောင်းရွှေ့ကြပြီး လမ်းခုလတ်တွင် ခဏနားကာ အစာစားစေခြင်းဖြင့် လိုရာနေရာသို့ရောက်အောင် အားစိုက်မောင်းနှင်ကြရကြောင်းနှင့် လက်ရှိကာလတွင် တံတားဦးနယ်ဘက်တွင် မိုးရာသီဖြစ်သည့်အတွက် စားကျက်မြေပေါများလျက်ရှိကြောင်း နွားမတိုက်ထိန်းကျောင်းသည့် နွားကျောင်းသားတစ်ဦးက ရှင်းပြသည်။

**တိမ်တမန်**

## ပုသိမ်ခရိုင် ကန်ကြီးထောင့်–ဒါးကတိုက်နယ်ရပ်ကွက်များရှိ ရေဘေးသင့်ပြည်သူများအား ထောက်ပံ့လှူဒါန်း

**ကန်ကြီးထောင့် ဩဂုတ် ၁၈**

ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ် ဒါးကတိုက်နယ်ရပ်ကွက်များရှိ ရေဘေးသင့်ပြည်သူများအား ဩဂုတ် ၁၀ ရက်မှ ၁၆ ရက်အထိ ရန်ကုန်တိုင်းဒေသကြီးမှ ဆရာတော်များ၊ အနယ်နယ်အရပ်ရပ်မှ စေတနာရှင်များ၊ ဒကတိုက်နယ် ပရဟိတလူငယ်များနှင့် ရုပ်ရှင်သရုပ်ဆောင် ဦးပြေတီဦးနှင့် အနုပညာရှင်များက ဆန်၊ ဆီ၊ ရေသန့်ဘူးများ၊ အဝတ်အထည်များနှင့် စားသောက်ကုန်ပစ္စည်းများကို လာရောက်လှူဒါန်းကြပြီး ဒေသခံရေဘေးသင့်ပြည်သူများနှင့် တွေ့ဆုံကာ အားပေးစကားပြောကြားခဲ့ကြောင်း သိရသည်။

ကန်ကြီးထောင့်မြို့နယ် ဒါးကတိုက်နယ်တွင် ဩဂုတ် ၅ ရက်မှစတင်ပြီး ဒကမြစ်ရေ သိသိသာသာတိုးလာမှုကြောင့် ဒါးကတိုက်နယ်ရှိ ရပ်ကွက် ၁၄၊ ရပ်ကွက် ၁၁ တို့တွင် ရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့သဖြင့် ဒေသခံရေဘေးသင့်ပြည်သူများ ကျွန်းမြင့်ပိုင်းဒေသများသို့ ပြောင်းရွှေ့နေထိုင်ခဲ့ကြသည်။

ယင်းဒါးကတိုက်နယ်တွင် ဩဂုတ် ၁၆ ရက် နံနက်ပိုင်းမှစပြီး မူလမြင့်တက်ခဲ့သော ဒါးကမြစ်ရေမှာ တစ်ပေခွဲခန့် ပြန်လည်ကျဆင်းသွားသည်။ ရေကြီးရေလျှံမှု အနည်းငယ်သာရှိသော ရပ်ကွက်များမှာ မြို့နှင့် အေးမြချမ်းသာတို့ဖြစ်ပြီး အနိမ့်ပိုင်းကျသော စက်ကျွန်း၊ ဒါးက၊ ကိုးဆူး၊ ပိုက်ထောင်၊ ကမ္ဘောဇနှင့် ကြိမ်ချောင်းရပ်ကွက်များတွင် ဒါးကမြစ်ရေ အနည်းငယ်သာကျဆင်းသွားပြီး ရေကြီးရေလျှံမှု ဆက်လက်ဖြစ်ပေါ်လျက်ရှိသည်။

**မော်ကျွန်း(မြင့်အောင်)**

## ကလေးမြို့ ရေကြီးရေလျှံမှုကြောင့် သေဆုံးသူ၏ မိသားစုကို ထောက်ပံ့ကြေးပေးအပ်

**ကလေး ဩဂုတ် ၁၈**

ကလေးမြို့ရေကြီးရေလျှံမှုကြောင့် ချမ်းမြေ့အောင်စည်ရပ်ကွက်မှ ဦးခင်မောင်ထွန်း အသက်(၃၇)နှစ်သည် ကလေးဒေသရေဘေးသင့်စဉ် ရေနစ်သေဆုံးမှုအတွက် မိသားစုဝင်အား ထောက်ပံ့ကြေးပေးအပ်ခြင်းကို ကလေးတပ်နယ်ခန်းမရှိ စစ်ကိုင်းတိုင်းဒေသကြီး ကလေးဒေသ ရေဘေးပြန်လည်ထူထောင်ရေးကွပ်ကဲမှုရုံးတွင် ဩဂုတ် ၁၄ ရက် နံနက်ပိုင်းက ပြုလုပ်ခဲ့သည်။

အဆိုပါရေကြီးရေလျှံမှုကြောင့် ကလေးဒေသရေဘေးသင့်စဉ် ရေနစ်သေဆုံးသွားသော မိသားစုဝင်အား လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ ငွေကျပ်တစ်သိန်းကို တိုင်းဒေသကြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးစောမြင့်ဦးက မိသားစုဝင်ဖြစ်သည့် ဦးမျိုးလှိုင်အား ထောက်ပံ့ကြေးပေးအပ်ခြင်းဖြစ်ကြောင်း သိရသည်။

**ကြေးမုံ**

## ကောလင်းမြို့ရေဘေးသင့်ပြည်သူများအား မန္တလေးတိုင်းရင်းဆေးတက္ကသိုလ်မှ ကုသပေး

**ကောလင်း ဩဂုတ် ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ် ရေကြီးနစ်မြုပ်ဒေသများရှိ ကျေးလက်နေပြည်သူများ ကျန်းမာရေးအတွက် မန္တလေးမြို့ တိုင်းရင်းဆေးတက္ကသိုလ်မှ သင်တန်းနည်းပြဆရာ ဦးဇော်လွင်နှင့် ဦးမြင့်အေးတို့ ဦးဆောင်သော တက္ကသိုလ်ကျောင်းသူ၊ ကျောင်းသား ၂၅ ဦးတို့က ဩဂုတ် ၁၅ ရက်က ကန့်ဘလူမြို့နယ် ကြခတ်အိုင်၊ ပေါက်ဆိန်ကုန်းနှင့် လျှော်ဖြူကုန်းကျေးရွာရှိ ဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ တိုင်းရင်းဆေးပညာဖြင့် ကျန်းမာရေးကုသခြင်း၊ ဗလာစာအုပ်၊ ခဲတံ၊ ခဲဖျက်၊ ဖောင်တိန်နှင့် ပေတံ စသည့်စာရေးကိရိယာများကို ပေးအပ်ထောက်ပံ့ခဲ့ကြသည်။

အဆိုပါအဖွဲ့သည် ဩဂုတ် ၁၆ ရက်တွင် ကောလင်းမြို့နယ် မိုးနှံ၊ ဂွေးတောက်တော၊ ခေါ်တော၊ ဆီဆုံ၊ ညောင်ဝန်းကျေးရွာအုပ်စုများရှိ ဒေသခံပြည်သူများနှင့်တွေ့ဆုံ၍ တိုင်းရင်းဆေးပညာဖြင့် ကျန်းမာရေးကုသခြင်း၊ ပညာပေးဟောပြောခြင်း၊ မိသားစုဝင် ကျောင်းသူ၊ ကျောင်းသားများ၏ ပညာရေးအတွက် ဗလာစာအုပ်၊ ခဲတံ၊ ခဲဖျက်၊ ဖောင်တိန်နှင့် ပေတံ စသည့်စာရေးကိရိယာများကို ပေးအပ်ထောက်ပံ့ခြင်းများဖြင့် စုစုပေါင်း ကျပ်သိန်း ၄၀ ကျော် ပေးအပ်ထောက်ပံ့ခဲ့သည်။

**ကိုကိုညိမ်း(ကောလင်း)**

## ရေဘေးသင့်ဒေသများမှ ပိတ်ထားသော စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်

**မုံရွာ ဩဂုတ် ၁၈**



စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အသီးသီးတွင် ရေကြီးနစ်မြုပ်မှုကြောင့် ကျောင်းများပိတ်ထားခဲ့ရာ ဩဂုတ် ၈ ရက်အထိ စုစုပေါင်းကျောင်းအရေအတွက်မှာ ၃၈၇ ကျောင်းရှိခဲ့ပြီး ယခုအချိန်တွင် ရေများပြန်လည်ကျနေပြီဖြစ်ရာ ယနေ့အထိ ၃၃၈ ကျောင်း ပြန်လည်ဖွင့်လှစ်နေပြီဖြစ်သည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ကျောင်းပေါင်း ၃၈၇ ကျောင်းအတွက် ရေများပြန်လည်ကျဆင်းသည့်အခါ သန့်စင်ခန်းများသန့်ရှင်းရန်နှင့် လိုအပ်သည်များ ပြုပြင်ရန်အတွက် ကျပ်သန်း ၄၄ ဒသမ ၁၀၊ ရွှံ့ညွန်များ ဆေးကြောရန်နှင့်လိုအပ်သည်များ ပြုပြင်ရန်အတွက် ကျပ်သန်း ၄၄ ဒသမ ၁၀၊ သန့်ရှင်းသောရေရရှိရန် ရေတိုကင် ပြုလုပ်ခြင်း၊ ရေတွင်းတူးခြင်း အပါအဝင် သုံးရန်အတွက် ကျပ်သန်း ၁၁၃ ဒသမ ၇၀၊ ကလေးသူငယ်များအား အာဟာရကျွေးမွေးခြင်းအတွက် ကျပ်သန်း ၇၅ ဒသမ ၈၀ နှင့်စာသင်ခန်းများဆောင်ရွက်ရန်အတွက် ကျပ်သန်း ၉၄ ဒသမ ၇၅၊ စုစုပေါင်း ကျပ်သန်း ၃၇၂ ဒသမ ၄၅ ကိုဩဂုတ် ၈ ရက်တွင် ခွင့်ပြုပေးပြီးဖြစ်သည်။

စစ်ကိုင်းတိုင်းဒေသကြီး ပညာရေးမှူးရုံးမှ ကလေးခရိုင်အတွင်းရှိ ရေဘေးသင့် ကျောင်းသား ကျောင်းသူ ၂၉၀၉၅ ဦးအတွက် လိုအပ်လျက်ရှိသော ကျောင်းသုံးပုံနှိပ်စာအုပ် ၂၇၅၈၄ စုံကိုလည်းကောင်း၊ ဗလာစာအုပ် ၂၀၀၀၀ ဒါဇင်၊ ခဲတံ ၆၆၆၇ ဒါဇင်နှင့် ဘောပင် ၃၃၃၄ ဒါဇင်တို့ကိုလည်းကောင်း ပံ့ပိုးပေးခဲ့သည်။

ယင်းအပြင် မုံရွာခရိုင်အတွင်းရှိ ရေဘေးသင့် ကျောင်းသား ကျောင်းသူ ၄၂၅၆ ဦးအတွက်ကျောင်းသုံး ပုံနှိပ်စာအုပ် ၁၃၂၅ စုံကိုပြန်လည်ဖွင့်လှစ်ကာသောကျောင်းများအတွက် ခွဲဝေဖြန့်ဖြူးပေးပြီး ကျောင်းသား၊ ကျောင်းသူများ အေးချမ်းစွာ ပညာသင်ကြားလျက်ရှိကာ လိုအပ်လျက်ရှိသည့် ပုံနှိပ်စာအုပ်၊ စာရေးကိရိယာနှင့် စာရေးခုံများကို ပညာရေးဝန်ကြီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့မှ ဆက်လက်ပံ့ပိုးပေးသွားမည်ဖြစ်သည်။

**ဖိုးချမ်း(မုံရွာ)**

## ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ပစ္စည်းများလှူဒါန်း

**ရန်ကုန် ဩဂုတ် ၁၈**

စိန်ဂေဟာစင်တာ၏ နှစ်(၃၀)ပြည့် Anniversary အမှတ်တရအထိမ်းအမှတ်အဖြစ် ရေဘေးသင့်ပြည်သူများအား လှူဒါန်းခြင်းနှင့် Customer များအား ကျေးဇူးတုံ့ပြန်မှု အမှတ်တရကံစမ်းမဲဖွင့်လှစ် မဲဖောက်ပေးသည့် အစီအစဉ်ကို ရန်ကုန်တိုင်းဒေသကြီး ပြည်လမ်း စိန်ဂေဟာတွင် ဩဂုတ် ၁၆ ရက် ညနေ ၃ နာရီတွင် ကျင်းပခဲ့သည်။

ယင်းနောက် စိန်ဂေဟာမှတာဝန်ရှိသူများမှ ရေဘေးသင့်ဒေသများသို့ သွားရောက်လှူဒါန်းမည့်အဖွဲ့များဖြစ်သော နာရေးကူညီမှုအသင်း၊ Voice Journal၊ Future Youth အဖွဲ့တို့အား ငွေ၊ လူသုံးကုန်ပစ္စည်းစုစုပေါင်းတန်ဖိုး ကျပ် ၂၅ သိန်းခန့် လွှဲပြောင်းလှူဒါန်းခဲ့သည်။

**တင်မောင်ဦး(အလုံ)**

## ပန်းတနော်မြို့နယ်ရှိ ရေဘေးသင့်သမဝါယမအသင်းသားများသို့ ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်း

**ပန်းတနော် ဩဂုတ် ၁၈**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်ရှိ ရေဘေးသင့်သမဝါယမအသင်းသားများအား သမဝါယမဘဏ်လီမိတက် အာမခံလုပ်ငန်းမှ ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲကို ပန်းတနော်မြို့နယ် သမဝါယမအသင်းစုရုံးခန်း၌ ဩဂုတ် ၁၆ ရက် မွန်းလွဲ ၂ နာရီခွဲက ကျင်းပခဲ့သည်။

အဆိုပါလှူဒါန်းပွဲတွင် သမဝါယမဘဏ် အာမခံလုပ်ငန်းမှ အထွေထွေမန်နေဂျာ ဒေါ်ဂရေ့စ်က ရေဘေးသင့် သမဝါယမအသင်းသားများသို့ ထောက်ပံ့ပစ္စည်းများလှူဒါန်းခြင်းနှင့်ပတ်သက်၍လည်းကောင်း၊ မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ကြည်ကြည်ဝင်းက ပန်းတနော်မြို့နယ်အတွင်းရှိ သမဝါယမအသင်းများ ရေကြီးနစ်မြုပ်မှု အခြေအနေကိုလည်းကောင်း၊ မြို့နယ်သမဝါယမအသင်းစုမှ ဦးသန်းလွင်က မြို့နယ်အတွင်းရှိ သမဝါယမအသင်းသားများအား ချေးငွေများ ထုတ်ချေးပြီးစီးမှု အခြေအနေကိုလည်းကောင်း ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် အလှူရှင်များက ထိန်ကုလားကုန်းကျေးရွာအုပ်စု၊ မိမ္မပြေးကျေးရွာအုပ်စု၊ မြစ်ဝကျေးရွာအုပ်စု၊ ရေပေါ်ရေလဲကျေးရွာအုပ်စုနှင့် တောချောင်းလေးကျေးရွာအုပ်စုအတွင်းရှိ အခြေခံသမဝါယမအသင်း ၁၁ သင်းမှ အသင်းသား ၇၁၃ ဦးအတွက်၊ ဆန်အိတ် ၁၂၀၊ ခေါက်ဆွဲ ၂၉၅ ထုပ်၊ ရေသန့် ၇၀၄ ဘူး၊ မုန့်ကြွပ် ၁၁၈ ထုပ်နှင့် ဓာတ်ဆား ၂၁၃၉ ထုပ်တို့အား လှူဒါန်းခဲ့သည်။ (၁၆၆)

# လူလေးသို့ပေးစာများ – ၂၄

**မြသန်းတင့်**



*ဆရာမြသန်းတင့် ဘာသာပြန်ဆိုသည့် "လူလေးသို့ ပေးစာများ"မှာ နှစ်ပေါင်း ၂၀၀ ကျော်ကအဖြစ်အပျက်များဖြစ်သော်လည်း ယနေ့ထက်တိုင်အသက်ဝင်နေဆဲဖြစ်၍ ကြေးမုံသတင်းစာဖတ် လူငယ်လူရွယ်များ လေ့လာမှတ်သားနိုင်စေရန်အတွက် အပတ်စဉ် (ဗုဒ္ဓဟူးနေ့တိုင်း) ဖော်ပြပေးလိုက်ပါသည်။*

**လန်ဒန်၊ နိုဝင်ဘာ ၁၄ ရက်၊ ၁၇၄၉ ခုနှစ်။**

**လူလေး**

သဘာဝမွန်ရည် ယဉ်ကျေးမှုဆိုတာရှိတယ်။ အဲဒီမွန်ရည်ယဉ်ကျေးမှုမျိုးဟာ သာမန်စဉ်းစားဉာဏ်ရှိတဲ့လူတိုင်းမှာရှိပြီး သာမန်စိတ်ကောင်းရှိတဲ့ လူတိုင်းကပဲ လိုက်နာကျင့်သုံးကြတယ်။ အဲဒီမွန်ရည်ယဉ်ကျေးမှုက ယေဘုယျလည်းကျ ဟန်လုပ်တာမျိုးလည်း မဟုတ်တဲ့ လူလူချင်း တတ်နိုင်တာကို ရိုင်းပင်းကူညီတဲ့ မွန်ရည်မှုမျိုးကိုဆိုလိုတာဖြစ်တယ်။ ဒီလိုမွန်ရည်မှုမျိုးဟာ စိတ်ကောင်းရှိတဲ့ အမေရိကန်လူရိုင်းတစ်ယောက်မှာလည်း ရှိနိုင်တယ်။

အမွန်ရည်ဆုံး၊ မျိုးရိုးအကောင်းဆုံးဆိုတဲ့ ဥရောပတိုက်သား တစ်ယောက်မှာလည်း ရှိနိုင်တာပဲ။ ဒါပေမယ့် အဲဒီမွန်ရည်တဲ့ စိတ်ထားမျိုးဟာ သူများအကျိုးအတွက် ကိုယ်အနစ်နာခံပြီး ရိုင်းပင်းတဲ့အဆင့်ကိုတော့ မရောက်ဘူး။

နောက်တစ်မျိုးကတော့ ကိုယ့်အတွက် အသုံးကျလို့ ဆန်ပေးလို့ ဆေးယူဆိုတဲ့ အလဲအလှယ်လုပ်ရတဲ့ မွန်ရည်ယဉ်ကျေးမှုမျိုးပဲ။ ကိုယ်က သူများအတွက် လုပ်ပေးတယ်။ ဒါ့ကြောင့် သူများကလည်း ကိုယ့်အတွက်လုပ်ပေးရတယ်။ ဒီလိုအလဲအလှယ်၊ အကူးအသန်းမျိုးကတော့ အများဆုံးပဲ။ လူတိုင်းမှာ သူက ကိုယ့်လုပ်ပေးရလို့ ပြန်ဆပ်ရမယ့်ကြွေး၊ ကိုယ်က သူ့လုပ်ပေးလို့ ပြန်ရရမယ့်ကြွေးစသည်ဖြင့် ရှိကြတယ်။ တတိယအမျိုးအစားဖြစ်တဲ့မွန်ရည်ယဉ်ကျေးမှုမျိုးကတော့ ဒေသအလိုက်ရှိတတ်တဲ့ မွန်ရည်ယဉ်ကျေးမှုမျိုးပဲ။ ဒါ့ကြောင့် တိုင်းပြည်အမျိုးအမျိုးမှာ တစ်ခုနဲ့ တစ်ခု မတူကွဲပြားနေရုံတင်မကဘူး။ တိုင်းပြည်တစ်ပြည်ထဲမှာတောင် တစ်မြို့နဲ့ တစ်မြို့၊တစ်နေရာနဲ့တစ်နေရာ မတူကွဲပြားခြားနားနေတတ်တယ်။ ဒါပေမယ့် အဲဒီတတိယအမျိုးအစားဟာလည်း ပထမနှစ်မျိုးအပေါ်မှာ အမှီပြုရတယ်။ အဲဒီနှစ်မျိုးပေါ်မှာ မူတည်ပြီး ထုံးစံဓလေ့တွေ၊ အမူအကျင့်တွေ ပေါ်ပေါက်လာတာဖြစ်တယ်။ ပထမ မွန်ရည်ယဉ်ကျေးမှုနှစ်မျိုးရှိတဲ့သူဟာတတိယမွန်ရည်ယဉ်ကျေးမှုမျိုးကို အလွယ်နဲ့ ရနိုင်လိမ့်မယ်။ ဂရုစိုက်မှုနဲ့ အာရုံပြုမှုတို့ရှိရင် ရနိုင်တော့တာပေ့ါ။

အဲဒီအဆင့်ရောက်ရင် မွန်ရည်ယဉ်ကျေးမှုဟာ အဆင့်အမြင့်ဆုံး၊ အတောက်ပဆုံး၊ အချောအသတ်ဆုံးဆင့်ကို ရောက်ပြီပေ့ါ။ အဲဒီလို မွန်ရည်ယဉ်ကျေးမှုမျိုးကိုတော့ မြို့တော်ကြီးများမှာသာ တွေ့နိုင်ပေလိမ့်မယ်။ မြို့တော်ကြီးများမှာတောင် တစ်မြို့နဲ့တစ်မြို့ မတူကြသေးဘူး။

ရောမရဲ့မွန်ရည်ယဉ်ကျေးမှုဟာ ပါရီရဲ့မွန်ရည်ယဉ်ကျေးမှုနဲ့ မတူဘူး။ ပါရီရဲ့မွန်ရည်ယဉ်ကျေးမှုဟာ နေရာအချို့မှာ မဒရစ်ရဲ့ မွန်ရည်ယဉ်ကျေးမှုနဲ့ မတူဘူး။ မဒရစ်ရဲ့ ရည်မွန်ယဉ်ကျေးမှုဟာလည်း နေရာများစွာမှာ လန်ဒန်ရဲ့ ရည်မွန်ယဉ်ကျေးနဲ့ မတူပေဘူး။

ဒါကြောင့်မို့ အမြော်အမြင်ရှိသူတစ်ယောက်ဟာ ကိုယ်ရောက်တဲ့နေရာဌာနတိုင်းက ဒေသအလိုက် ပြုမူပြောဆိုပုံတွေကို ဂရုစိုက်ပြီး သတိထားတယ်။ အနေအထိုင်နဲ့ မွန်ရည်ယဉ်ကျေးမှုမှာ ထိပ်တန်းရောက်နေတဲ့သူလို့ယူဆရတဲ့ ပုဂ္ဂိုလ်ရဲ့ နည်းနာတွေကို အတုယူကျင့်သုံးတယ်။ အဲဒီပုဂ္ဂိုလ်ဟာ သူ့ရဲ့အထက်လူကြီးတွေကို ဘယ်လိုဆက်ဆံသလဲ၊ ကိုယ်နဲ့ တန်းတူတွေကို ဘယ်လိုပြုမူသလဲ၊ ကိုယ်ထက်နိမ့်ကျသူတွေကို ဘယ်လိုပြောဆိုသလဲဆိုတာတွေကို စောင့်ကြည့်တယ်။ ဘယ်လောက်သေးငယ်တဲ့ တိကျသေချာမှုကလေးကိုဖြစ်စေ အလွတ်မပေးဘဲ လေ့လာတယ်။

လှပကောင်းမွန်တဲ့ ပန်းချီကားတစ်ချပ်မှာ ပန်းချီဆရာရဲ့ နောက်ဆုံးပိတ်အချောသပ်စုတ်ချက်ကလေးတွေဟာ အရေးကြီးသလို ရည်မွန်ယဉ်ကျေးမှုမှာလည်း အဲဒီသေးဖွဲတဲ့ တိကျမှုကလေးတွေဟာ အရေးကြီးတယ်။ လူပြိန်းတွေကတော့ အဲဒီအသေးစိတ်စုတ်ချက်ကလေးတွေကို သတိမထားမိပေမယ့် တော်တဲ့အကဲဖြတ်လူကြီးကတော့ ကောင်းကောင်းခွဲခြားသိတာပေ့ါ။ အဲဒီပုဂ္ဂိုလ်တွေရဲ့ဟန်ပန်၊ အဝတ်အစားနဲ့ လှုပ်ရှားမှုတွေကိုတောင် သတိထားပြီး ပုံတူချွတ်စွပ်မဟုတ်ဘဲ၊ သင့်တင့်လျောက်ပတ်စွာ အတုခိုးတယ်။ သူဟာ အဲဒီပုဂ္ဂိုလ်ကို သရုပ်တူအောင် ကူးတယ်။ သရုပ်ပျက်အောင် မကူးဘူး။ အဲဒီလို ကိုယ်ဟန်တင့်တယ် ပြေပြစ်မှုတွေဟာ အလွန်အရေးပါတယ်။ သူတို့ကို ကြည့်ပြီး အပွေးကိုမြင်ရုံနဲ့ အပင်ဟာ ဘယ်လိုအပင်လည်းဆိုတာ သိနိုင်တယ်။ အဲဒီအသေးအဖွဲကလေးတွေဟာ နှလုံးသားကို သိမ်းကျုံးယူငင်ပြီး ပီယသိဒ္ဓိကို ပြီးမြောက်စေတယ်။ သူတို့ကြောင့်ရတဲ့ရလာဒ်ဟာ အလွန်အံ့သြစရာကောင်းတဲ့အတွက် မှော်ကဝေအတတ်ကို တတ်သလားတောင် အောက်မေ့ရတယ်။ ကျက်သရေအရှိဆုံး၊ အယဉ်ကျေးဆုံး၊ အမွန်ရည်ဆုံးအမျိုးသားနဲ့ အချောဆုံး၊ အသိမ်မွေ့ဆုံး အမျိုးသမီးတို့ဟာ အကောင်းဆုံးသော ပီယဆေးတွေပဲ။ ဒီအရာတွေဟာ ပြည့်စုံရင် တခြားဘာအတတ်ပညာတွေမှ မလိုတော့ဘူးလို့တောင် ဖေဖေထင်တယ်။ ဒီတော့ အဝတ်အစားကို သပ်ရပ်ကောင်းမွန်စွာ ဝတ်ရုံတင်မကတောက်ပခမ်းနားစွာဝတ်ပါ။

ဒီလိုပြောတဲ့အတွက် ရွှေတွဲလွဲ ငွေတွဲလွဲ ဝတ်ရမယ်လို့ ဖေဖေ မဆိုလိုပါဘူး။ သင့်တင့်ပြီး ကြည့်ကောင်းရုံ ဝတ်ဆင်ရမယ်လို့ ဆိုလိုတာပါ။ မိန်းမတွေကတော့ အဲဒီလို ရွှေငွေတွေကို နှစ်သက်ကြတယ်။ လိုလည်း လိုအပ်တယ်။

ဒီပစ္စည်းတွေဟာ သူတို့နဲ့ ထိုက်တန်တဲ့ ပစ္စည်းလို့လည်း ယူဆကြတယ်။ ဒါပေမယ့် မင်းရဲ့ပြုမူလှုပ်ရှားဟန်တွေက ကျက်သရေလည်း မရှိဘူး၊ နူးညံ့သိမ်မွေ့မှုလည်း မရှိဘူး၊ သဘာဝလည်း မကျဘူးဆိုရင်တော့ မင်းရဲ့ဝတ်ကောင်းစားလှတွေဟာ မင်းကိုးရိုးကားယားနိုင်တာကို အထုပ်ဖြေပြသလို ဖြစ်နေမှာပဲ။

ဒါပေမယ့် ခုအချိန်မှာ မင်းဟာ ကိုးရိုးကားယားရှိနေဦးမှာပဲလို့ ဖေဖေမယူဆချင်ဘူး။ ခုအချိန်လောက်ဆိုရင်လည်း မင်းလည်းကောင်းတဲ့ အသိုင်းအဝိုင်းမှာ ကောင်းတဲ့ဟန်ပန်တွေကို ရလောက်နေပြီပဲ။ ဒီတော့ အဲဒီအသိုင်းအဝိုင်းက ထွက်လာတယ်ဆိုရင် ကိုးရိုးကားယား၊ ခွတီးခွကျမဖြစ်တော့ဘူးပေ့ါ။ ဒါပေမယ့် ကိုးရိုးကားယားဖြစ်သည့်တိုင်အောင်လည်း သိပ်တော့ အကြောင်းမဟုတ်လှပါဘူး။ လိုက်ပဇစ်ဆိုတဲ့မြို့က ကျက်သရေသုံးပါးရှိတဲ့ မြို့မှမဟုတ်တာကလား။ အဲဒီတော့ မင်းဘာမှရခဲ့မှာ မဟုတ်ဘူး။ အထက်တန်းစားပုဂ္ဂိုလ်တွေ သူတို့ခြေတွေလက်တွေ သူတို့ကိုယ်ခန္ဓာတွေ ဦးခေါင်းတွေနဲ့ ဘယ်လိုလှုပ်ရှားကပြကြတယ်ဆိုတာကို လေ့လာခဲ့တယ်ဆိုရင်လည်း ကောင်းကောင်း ကတတ်အောင် လေ့လာခဲ့ပေတော့။

အဲဒီမှာ အတော်ကလေး က တတ်ပြီဆိုရင် အိမ်အပြန်မှာ ပိုပြီး ကတတ်အောင် လေ့လာခဲ့ပါ။ အလုပ်တစ်ခုခုကို မလွဲမရှောင်သာလို့ လုပ်ရပြီဆိုရင်လည်း အကောင်းဆုံးဖြစ်အောင် လုပ်ဖို့လိုတယ်။ သူများထက်သာအောင် လုပ်ပါ။

မင့်အရွယ်ဟာ တည်ငြိမ်ရင့်ကျက်ပြီး ဣန္ဒြေကြီးတစ်ခွဲသားနဲ့ နေရမယ့် အရွယ်မဟုတ်ဘူး။

ဖျတ်ဖျတ်လတ်လတ် တက်တက်ကြွကြွနဲ့ နေရမယ့်အရွယ်၊ သူများက တတမ်းတတ တလွမ်းသသ၊ တမွန်းဆဆနဲ့အဖြစ်ခံရမယ့် အရွယ်။ (အလိုလားခံရမယ့်အရွယ်၊ တဖွဖွအပြောခံရမယ့် အမျှော်ခံရမယ့် အရွယ်၊ ခွဲရင်လည်း အသိုင်းအဝိုင်းက မခွဲချင်ခွဲချင် အခွဲခံရမယ့် အရွယ်ဖြစ်တယ်) အထက်တန်းကျတဲ့ မိန်းမတစ်ဒါဇင်လောက်က ချစ်စရာကောင်းလိုက်တဲ့ မောင်လေးရယ်လို့ တမ်းတမ်းတတ ဖြစ်နေတဲ့အသံကို ဖေဖေကြားချင်တယ်။ ဒီနေရာမှာ မိန်းမတွေကသာ တမ်းတခံနေရအောင် လုပ်ရမယ်လို့ ပြောနေတာမဟုတ်ဘူး။ ယောက်ျားတွေကပါ အမှတ်တရဖြစ်နေအောင် လုပ်ဖို့ ပြောတာ။

ဘယ်ကိစ္စမှာမဆို မိန်းမတွေ သဘောကျတာမှန်သမျှကို ယောက်ျားတွေ သဘောကျတတ်တာချည်းပဲ။

(ကွဲလွဲရင်လည်း နည်းနည်းပါးပါးပဲ ရှိမှာပေ့ါ) အထက်တန်းကျတဲ့ မိန်းမတွေကြောင့် ပျော့ပျောင်းပြီး ယဉ်ကျေးလာတဲ့ လူတစ်ယောက်၊ သူတို့ကြောင့် အမြဲတမ်းလိုလိုတစ်ဖက်သားကို အလေးထားလာတတ်တဲ့ လူတစ်ယောက်ဟာ လူတွေကို ကျေနပ်အောင် လုပ်ရာမှာ၊ ဆက်ဆံရာမှာ စကားပြောရာမှာ သည့်ထက်ပိုပြီး လွယ်တာပေ့ါ။

အမျိုးအမျိုးသော လူများနဲ့ ဆက်သွယ်ခြင်း၊ သူတို့နဲ့ ပေါင်းဖော်ပြီး ကိုယ့်အတွက် အသုံးမချဘဲ သူတို့တစ်တွေ မင်းကို မှီခိုအားထားနေအောင် လုပ်ရမယ်။ သူတို့ညွှန်ကြားတာကို မင်းလိုက်နာတယ်လို့ထင်ရပေမယ့် တကယ်က သူတို့ကို မင်းက ညွှန်ကြားဦးဆောင်နေရမယ်။ အမြဲတစေ ကျေနပ်အောင် လုပ်ပေးခြင်း၊ ဂရုစိုက်ခြင်း၊ ယဉ်ကျေးသိမ်မွေ့စွာ ဆက်ဆံခြင်း၊ ချုပ်တည်းခြင်းဖြင့် သာလျှင် လိုအပ်တဲ့အဆိုပါ ဆက်သွယ်မှုတို့ကို ရနိုင်မယ်။

သူတို့ရဲ့ထောက်ခံအားပေးမှုကို လိုချင်ရင် သူတို့ရဲ့ နှလုံးသားကို ဆွဲဆောင်သိမ်းသွင်းရမယ်။ သူတို့ရဲ့စိတ်အထာကို စောင့်ကြည့်နေရမယ်။ လိုက်လျောခြင်းအားဖြင့် သူတို့ကို ဆွဲဆောင်ရမယ်။

စကားချိုသာစွာ ပြောခြင်းဖြင့် သူတို့ကို ဆွဲဆောင်ရမယ်။ ကိုယ်လိုတော့မှ သူတို့ကို သွားခေါ်တာမျိုး မလုပ်ရဘူး။

သူတို့ရဲ့ခွန်အားကို လိုချင်ရင် သူတို့ကိုလည်း ကိုယ်က ပျော်ရွှင်ကျေနပ်မှုဖြစ်စေ၊ အကျိုးကျေးဇူးဖြစ်စေပြန်ပေးရလိမ့်မယ်။

ယခုလေးတင်ပဲ နှစ်ရက် နေ့စွဲတပ်ထားတဲ့ စာတစ်စောင်မစ္စတာဘာတီဆီက ရတယ်။

မကြာခင် ဖေဖေသူ့ဆီကို ပြန်စာရေးလိုက်မယ်။ လောလောဆယ်တော့ သူ့ကို ကျေးဇူးတင်ကြောင်း မင်းက တစ်ဆင့်ပြောပေးပါ။ မင်းနဲ့ ပတ်သက်ရင် အကောင်းတွေချည်းရေးနေတဲ့အတွက် သူဟာ မင်းဘက်မှာ လိုက်ရေးနေသလားလို့တောင် ဖေဖေထင်မိသေးတယ်။ ဒါကြောင့်မို့ နောင်မှာ မင်းနဲ့ပတ်သက်လို့ သူက မကောင်းများရေးခဲ့ရင် သူ့စာဟာ ဘယ်လောက်အလေးချိန်စီးမလဲဆိုတာ မင်းစဉ်းစားကြည့်ပေတော့။

ဒီလိုရေးရမှာကို သူအလွန်ဝန်လေးမှာဖြစ်လေတော့ သူဟာ အလွန်အရေးကြီးတဲ့

သက်သေတစ်ယောက်ဖြစ်လာမှာပဲ။

**အာဒီးယူး။**

**(ဆရာမြသန်းတင့်၏ လူလေးသို့ ပေးစာများ စာအုပ်မှ အခေါ်အဝေါ်နှင့် အသုံးအနှုန်းများ၊ စာလုံးပေါင်းသတ်ပုံနှင့် သဒ္ဒါအထားအသိုများကို မူရင်းအတိုင်းဖော်ပြခြင်းဖြစ်ပါသည်။)**

## မချမ်းဘောမြို့နယ်အတွင်း သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းပညာပေး

**ပူတာအို ဩဂုတ် ၁၈**

ကချင်ပြည်နယ် ပူတာအိုခရိုင် မချမ်းဘောမြို့နယ် ကောင်းမူလုန်ကျေးရွာအုပ်စု ငွါးဇာခါးကျေးရွာတွင် မြို့နယ် သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကွင်းဆင်းပညာပေးလုပ်ငန်းဆောင်ရွက်မှုကို ဩဂုတ် ၁၀ ရက် နံနက် ၁၀ နာရီက ငွါးဇာခါးကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပရာ အခမ်းအနားသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဉာဏ်လှိုင်၊ မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးမှူး ဦးအောင်မင်း၊ မြို့နယ်အတွင်း သမဝါယမလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင်များ၊ ကျေးရွာရပ်မိရပ်ဖများနှင့် သမဝါယမအသင်းသူ အသင်းသားများတက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးမှူးက မြို့နယ်အတွင်း သမဝါယမလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများနှင့်သမဝါယမလုပ်ငန်းဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးသည်။

**ဖုန်ကန်(iprd)**

## စဉ့်ကူးမြို့နယ်အတွင်းမိုးသည်းထန်စွာရွာသွန်းမှုကြောင့် တောင်ကျရေများစီးဆင်း

**စဉ့်ကူး ဩဂုတ် ၁၈**

မန္တလေးတိုင်းဒေသကြီး ပြင်လွင်ဦးခရိုင် စဉ့်ကူးမြို့နယ်အတွင်း ဩဂုတ် ၁၄ ရက် နံနက် ၈နာရီမှ ညနေ ၆ နာရီအထိ မိုးသည်းထန်စွာရွာသွန်းခဲ့မှုကြောင့် စဉ့်ကူးမြို့နယ် နတ်တောင်ကျေးရွာအုပ်စု ဝါးပိုးကျေးရွာ ပါပေါ (အတွင်း)ရွာနှင့် ပါပေါ(အပြင်)ရွာတို့တွင် တောင်ကျချောင်းရေမှာ ပျမ်းမျှ လေးပေမှ ခြောက်ပေခန့်ထိ အမြင့်ရှိခဲ့ပြီး ရေစီးသန်မှုကြောင့် ချောင်းရိုးတစ်လျှောက်ရှိ လူနေအိမ်များ မျောပါပျက်စီးခဲ့သည်။

အဆိုပါကျေးရွာများသည် စဉ့်ကူးမြို့နယ်အတွင်း အလှမ်းဝေးပြီး တယ်လီဖုန်းဆက်သွယ်ရေးခက်ခဲခြင်း၊ ရွှေသတ္တုတူးဖော်ရေးကုမ္ပဏီများမှ ဆောက်လုပ်ထားသော ယာယီလမ်းမှသွားလာရခြင်း၊ တောင်ကျရေများနေခြင်းတို့ကြောင့် ဩဂုတ် ၁၅ရက် နံနက် ၈ နာရီမှ မြို့နယ်တာဝန်ရှိသူများက ဝါးပိုးရွာ၊ ပါပေါ (အတွင်း)ရွာနှင့် ပါပေါ (အပြင်)ရွာများသို့ သွားရောက်ပြီး ရေဘေးသင့်အိမ်ထောင်စုများအား ရေဘေးလွတ်ရာ နေရာများသို့ ပြောင်းရွှေ့ပေးပြီး လိုအပ်သည်များ ကူညီထောက်ပံ့ခြင်း ပြုလုပ်နိုင်ခဲ့သည်။

၎င်းဖြစ်စဉ်တွင် လူ၊ ကျွဲ၊ နွားတိရစ္ဆာန်များ ထိခိုက်သေဆုံးမှုများမရှိကြောင်း ယခုအခါ တောင်ကျရေများ ကျဆင်းသွားပြီဖြစ်ရာ ရေဘေးသင့်ပြည်သူများ စားသောက်နေထိုင်ရေးအတွက် ရွှေသတ္တုတွင်းကုမ္ပဏီများနှင့်ပေါင်းစပ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **(ပြင်ဦးလွင်ခရိုင်)**

## ကျေးရွာချင်းဆက်ကျောက်ချောလမ်းမှ ကတ္တရာလမ်းအဆင့်တိုးမြှင့်

**ဘားအံ ဩဂုတ် ၁၈**

ကရင်ပြည်နယ်အတွင်း ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးလက်လမ်းများ ဖောက်လုပ်ပေးခြင်း၊ ကျောက်ချောလမ်းမှ ကတ္တရာလမ်းများကို အဆင့်ဆင့်တိုးမြှင့်ဆောင်ရွက်ပေးလျက်ရှိရာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးခွင့်ပြုရန်ပုံငွေဖြင့် ဘားအံမြို့နယ်အတွင်း ထုံးအိုင်လမ်းမကြီးနှင့် ဆက်သွယ်သော ရွှေကင်ကျေးရွာကတ္တရာလမ်း၊ တောင်သူကုန်းကျေးရွာနှင့် ဖအွဲ့ကျေးရွာချင်းဆက် ကျောက်ချောလမ်းနှင့် တန်ဖိုးနည်းအိမ်ရာများကို ဆောင်ရွက်ပေးနေကြောင်း သိရသည်။


ထိုသို့ဆောင်ရွက်ရာတွင် ဘားအံခရိုင် ဘားအံမြို့နယ် ဘားအံ-မော်လမြိုင်အဖြောင့်လမ်းမကြီးသို့ သွားလာနိုင်သော ထုံးအိုင်လမ်းမကြီးကို ဆက်သွယ်ထားသည့် ရွှေကင်းကျေးရွာအဝင်လမ်း တစ်မိုင် ကတ္တရာခင်းခြင်းလုပ်ငန်းကို လည်းကောင်း၊ တောင်သူကုန်း ကျေးရွာအုပ်စု တောင်သူကုန်းကျေးရွာနှင့် ဖအွဲ့ကျေးရွာ ချင်းဆက် ကျောက်ချောလမ်း (၀/၄)မိုင် ခင်းကျင်းခြင်းနှင့် ဖအွဲ့ကျေးရွာအတွင်း တန်ဖိုးနည်းကျေးလက်အိမ်ရာများကို ၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေများဖြင့် ဆောက်လုပ်လျက်ရှိရာ ပြီးစီးမှုအခြေအနေများအား ဘားအံခရိုင်ကျေးလက်ဦးစီးမှူး ဦးစောကျော်မင်းဦး၊ မြို့နယ်ကျေးဦးစီးမှူး ဦးခင်မောင်ဝင်းနှင့် တာဝန်ရှိသူများက ယင်းနေ့ နံနက်ပိုင်းတွင် ကွင်းဆင်းကြည့်ရှုကြကြောင်းနှင့် အဆိုပါကျေးရွာချင်းဆက်လမ်းများပြီးစီးသွား၍ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝပိုမိုဖွံ့ဖြိုးတိုးတက်လာတော့မည် ဖြစ်ကြောင်း သိရသည်။



**နေမျိုးလွင်(ပြန်/ဆက်)**

သင့်သွေးဖြင့် အသက်ကယ်ပါ


## အခန်းဆက်ဝတ္ထုရှည်



# ကမ္ဘာကုန် ကျယ်သရွေ့ဝယ်

တက္ကသိုလ်ဘုန်းနိုင်

*ရသစာပေသည် စာဖတ်ပရိသတ်များအား ညှို့ယူဖမ်းစားနိုင်၏။ ထိုစာပေကို ရသမြောက်အောင် ရေးဖွဲ့နိုင်ရန်မှာ စာရေးသူ၏ စာဖတ်ပရိသတ်အပေါ်ထားရှိသော စေတနာမှာ အရေးပါ၏။ ဆရာတက္ကသိုလ်ဘုန်းနိုင် မှာ စာဖတ်သူများအပေါ် အကျိုးအမြတ်မပါ။ ဆန္ဒစွဲမရှိ၊ ရိုးသားစွာဖြင့်ဘဝနှင့် ခံစားမှုတစ်ထပ်တည်းကျအောင် ရေးသားနိုင်သော စေတနာရှိ၏။ ထို့ကြောင့် ဆရာ၏ ရသစာပေများမှာ စာဖတ်ပရိသတ်များကြားဝယ် ယနေ့ထက်တိုင် တောက်ပနေဆဲဖြစ်၏။ ဆရာ၏ စာပေတွင် လူတို့၏ စရိုက်၊ လူတို့၏ ဘဝအမှန်တို့ကို သူတို့ဖြတ်သန်းရာခေတ်ကာလ အခြေအနေများနှင့် ထင်ဟပ်ဖော်ပြရာတွင် အရောင်အသွေးမရှိဘဲ ပကတိ အခြေအနေပေါ်လွင်အောင်ရေးဖွဲ့ထား၏။ ထို့ကြောင့်ခံစားမှုများနှင့်အတူ ဘဝအတွေးအခေါ်များလည်းရ၏။ အသိအမြင်များလည်း တိုး၏။ ခေတ်သမိုင်းကိုလည်း ထင်ဟပ်ရှုမြင်နိုင်၏။ ဤသည်ကား စာရေးသူ၏ စေတနာ အရင်းခံဖြစ်၏။ ယခု 'ကမ္ဘာကုန်ကျယ်သရွေ့ဝယ်' တွင်လည်း စာဖတ်ပရိသတ်များ ဤသို့ ရှုမြင်ခံစားနိုင်မည်ဟု ယုံကြည်ပါသည်။ (စာတည်း)*




**အပြင်ဘက်၌ နှင်းမှုန်မှုန်တွင် ငွေလရောင်သည် အေးမြစွာ ကျဆင်းနေ၏။ ငွေလရောင်က အေးမြရုံ အေးမြသော်လည်း ဆောင်းညကမူ စက်စက် အေးအောင် ချမ်းနေသည်။ မြောက်လေတိုးသော အခါပို၍ချမ်းသည် . . .**

**ယမန်နေ့မှအဆက်**

"ကိစ္စမရှိပါဘူး မေမေ၊ ကျွန်တော်လှီးလိုက်ပါမယ်"

သက်ခိုင်သည် မီးဖိုနား၌ပင် ကပ်ထိုင်ပြီး နံနံပင်လှီးပေး၏။ နံနံပင်လှီးနေစဉ် သူ့မိခင်သည် ယနေ့ည၌ပင် စိုးရိမ်ပူပန်မှုများ ရှိနေသည် မဟုတ်ပါလော။ နောက်ဆုံး တွင် သက်ခိုင်က မနေနိုင်တော့ဘဲ ဖွင့်မေး၏။

"မေမေ. . . သခင်ဖိုးလှကြီးတို့ကို သူတို့က ဖမ်းပြီးတော့ ဖေဖေတို့ကိုပါ ဖမ်းကြဦးမှာလား"

သက်သက် မဖြေချင်သော မေးခွန်းကိုမှ သက်ခိုင်သည် မေးဘိသည်။ သက်သက်ကိုယ်၌ကလည်း ဤသို့ပင် စိုးရိမ်နေသည်။ ယခု သက်ခိုင်က မေးသောအခါ စိုးရိမ်စိတ်က ပိုကြီးလာသည်။

အတန်ကြာသည့်တိုင်အောင် သက်သက်ထံမှ အဖြေပေါ်မလာသောအခါ သက်ခိုင်က သူ့မေးခွန်းကို သူပြန်ဖြေသည်။

"အင်းလေ. . . သူတို့က ဖမ်းကြမှာပဲ၊ ဖေဖေတို့ကလည်း တစ်ဗိုလ်ကျရင် တစ်ဗိုလ်တက်မှာပဲတဲ့၊ ဖမ်းလိုက်. . . တက်လိုက်. . . ဖမ်းလိုက်. . . အဲဒီလိုနေမှာပဲ၊ နော်. . မေမေ"

သက်သက်သည် စိတ်မာန်ကို တင်းလိုက်သည်။ သားဖြစ်သူ အားရှိအောင်လည်း ကြိုးစားပြုံးပြီး ဖြေသည်။

"အဲဒီလိုနေမှာပေါ့ သားရဲ့၊ ဖမ်းလည်း ဘာဖြစ်လဲ၊ မိန်းမတွေတောင် အဖမ်းခံရဲသေးတာ၊ သားလည်း သိသားပဲ၊ အမေက မွေး၊ ထောင်ကကျွေးသတဲ့၊ လာမယ့်ဘေးလည်း ပြေးတွေ့ရမယ်. . . တဲ့၊ မဟုတ်ဘူးလား"

သက်ခိုင်က သူ့မိခင်ပြောသည်ကို သဘောတူကြောင်း ခေါင်းညိတ်ပြပြီး နံနံပင် ဆက်လှီးနေ၏။

သက်သက်သည် လင်ဖြစ်သူ အဖမ်းခံရမည်ကို အထူးမစိုးရိမ်မိ။ သို့ရာတွင် လုံ့စွပ်တပ် သေနတ်ကိုင် စစ်သားများနှင့် မြင်းတပ်ကြီးက သပိတ်တပ်ကြီးကို ဝိုင်းထားသည်ဆိုခြင်းကြောင့်မူ ပူပန်မိသည်မှာ အမှန်ဖြစ်သည်။

ဤနယ်ချဲ့လက်ပါးစေများသည် မိန်းမသားများကိုပင် မညှာမတာ ရက်စက်တတ်ကြောင်းကို ရေနံချောင်း၌ သပိတ်တားစဉ်က မျက်မြင်ကိုယ်တွေ့ကြုံဖူးသည်။ ယခု တစ်ကြိမ်ဖြစ်လျှင် ပို၍ပြင်းထန်ဖို့ များသည်။ ချစ်လင်ဖြစ်သူ သွေးထွက်သံယိုနှင့် ဒဏ်ရာအနာတရ ဖြစ်မည်ကို သက်သက်သည် မိန်းမသားပီပီ ပူမိရှာ၏။

မိမိ၏ ပူပန်မှုသည် သားဆီ မကူးမိ သက်သက်က အာရုံပြောင်းလဲသွားရန် စကားလှီးလွှဲဆို၏။

"သြော်. . . သားရေ၊ ညနေက နွယ် ဒီကိုမလာဘူး၊ သူ့အိမ်က တားထားလို့နဲ့တူတယ်"

"မဟုတ်ဘူး မေမေ၊ သူ့အိမ်က ဘယ်လောက် တားတား မမနွယ်က ကျွန်တော်တို့ဆီ မရောက်ရောက်အောင် ကြံဖန်လာတတ်ပါတယ်၊ မမနွယ်က အားကြီးဉာဏ်ကောင်းတယ်၊ အခု မလာတာက မန္တလေးကို ပြန်သွားပြီးတဲ့၊ ညနေက ဦးလေးချစ်တိုးနဲ့တွေ့လို့ပြောပြတယ်"

"သြော်. . . ပြန်သွားပြီလား၊ ဒါကြောင့် ပေါ်မလာတာကိုး၊ အင်းလေနွယ်တစ်ယောက်ကတော့ သနားပါတယ်၊ မေမေတို့ကို သူက တကယ်ချစ်ရှာတယ်ကွယ်"

"သူတို့အိမ်က ကျန်တဲ့လူတွေကတော့ ကျွန်တော်တို့ကို ဘာပြုလို့မုန်းကြရတာလဲ"

သက်သက်၏ မျက်နှာသည် ညှိုးနွမ်းသွားပြီး ဖြည်းဖြည်းလေးလေးဖြေ၏။

"သား ထင်သလို မဟုတ်ပါဘူးကွယ်၊ သူတို့ကလည်း မမုန်းကြပါဘူး၊ ကရုဏာဒေါသောနဲ့ စိတ်နာကြတာပါ၊ မေမေကလည်း သူတို့ကိုစိတ်နာတာပါပဲ"

"ကရုဏာဒေါသော ဆိုတာက ဘာလဲမေမေ"

ဤစကားကို သက်သက်က အမှတ်အထင် သုံးလိုက်မိသော်လည်း ယခုသက်ခိုင်က အနက်ဖွင့်ခိုင်းသောအခါ သက်သက်မှာ ရုတ်တရက် မည်သို့ပြန်ဖြေရမှန်း မသိ။ အတန်ကြာ စဉ်းစားပြီးမှ သက်ခိုင် နားလည်နိုင်တန်ကောင်းသော နီးစပ်ရာ စကားတစ်လုံးနှင့် အဓိပ္ပာယ်ပေးရ၏။

"ကရုဏာဒေါသော ဆိုတာက အချစ်ကြီးလို့ အမျက်ကြီးတာပေါ့၊ သားဇာတ်တွေထဲမှာ မင်းသား မင်းသမီးတွေ ဒီစကားသုံးတာ မကြားဖူးဘူးလား"

"အား. . . ဟုတ်ပြီ၊ ဆဒ္ဒန်ဆင်မင်းဇာတ်ထဲမှာ ဟိုမိန်းမက ဘယ်သူလဲ၊ မိန်းမ မဟုတ်ပါဘူးလေ. . . ဆင်မဟာ. . မိဖုရားဖြစ်တော့ အစွယ်ဖြတ်ခိုင်းတာဟာလေ"

"စူဠသုဘဒ္ဒါ"

"ဟုတ်တယ် ဟုတ်တယ် စူဠသုဘဒ္ဒါ၊ အဲဒီမိဖုရားက ပြောတယ်၊ အချစ်ကြီးလို့ အမျက်ကြီးတာတဲ့၊ အဲဒါ စိတ်နာတာပေါ့၊ ဟုတ်သားပဲ၊ မေမေ ခုနက ပြောတဲ့အထဲမှာလည်း စိတ်နာတာလို့ ပါသားပဲ၊ ကျွန်တော်ကလည်း ညံ့လိုက်တာနော်"

သက်ခိုင်၏ စဉ်းစဉ်းစားစား တွေးတွေးခေါ်ခေါ် ပြောပုံကလေးကြောင့် သက်သက်သည် သဘောကျသွားပြီး ယခုညအတွက် ပထမဆုံးဖြစ်သည့် ရယ်မောခြင်းကို လှိုက်လှဲစွာပြုသည်။ သို့ရာတွင် သက်ခိုင်ထပ်ဆင့်မေးလိုက်သော စကားကြောင့် သက်သက်၏ ရယ်မောခြင်းသည် ရပ်သွားရ၏။

"အင်းလေ. . . ထားပါတော့၊ သူတို့က အချစ်ကြီးလို့ အမျက်ကြီးပြီး စိတ်နာတာ၊ သူတို့က ဘယ်သူ့ကို အချစ်ကြီးလို့လဲ မေမေ"

"မေမေနဲ့ သားဖေဖေကိုပေါ့"

"မေမေနဲ့ ဖေဖေ့ကို၊ မေမေနဲ့ ဖေဖေက သူတို့နှာခေါင်းထဲ ခါချဉ်ကောင်တွေ သွားထည့်လို့လား"

သက်ခိုင်၏ ကတ်သီးကတ်သတ်နိုင်သော မေးခွန်းကြောင့် သက်သက်မှာ ရင်နင့်လျက်က ရယ်လည်းရယ်ချင်သွားမိသည်။

"ဟုတ်တယ်. . မေမေနဲ့ဖေဖေက သူတို့နှာခေါင်းထဲ ခါချဉ်ကောင်တွေ သွားထည့်လို့"

"တကယ်"

"သြော်. . သားရယ်၊ မေမေက ရယ်စရာ ဥပမာ ပြောတာပါ၊ မေမေတို့က သူတို့မကြိုက်တာ သွားလုပ်မိလို့ပေါ့"

"မေမေတို့က သူတို့မကြိုက်တာ ဘာသွားလုပ်မိလို့လဲ"

သက်သက်၏ မျက်နှာသည် တည်သွား၏။

"သားနားလည်မှာ မဟုတ်သေးပါဘူး။ သားကြီးလာမှ မေမေပြောပြမယ်"

သက်ခိုင်သည် သူ့ထုံးစံအတိုင်း မျက်မှောင်ကြုတ်သွား၏။ သူ့မိခင်၏အဖြေကို မကျေနပ်သောကြောင့် ဖြစ်သည်။

သေခန်းဖြတ်ခြင်းအကြောင်းကို စကားစပ်မိစဉ်ကလည်း မမနွယ်က ဤစကားမျိုးကို ပြောပြခဲ့ဖူးသည်။ ပြောပြခဲ့ဖူးသည်ဆိုခြင်းမှာ မမနွယ်က တိုက်ရိုက်ပြောပြခဲ့ခြင်းမူ မဟုတ်။ မမနွယ်ကိုလည်း မမနွယ် ဘွားဘွားက မမနွယ်ကြီးလာမှ ပြောပြမည်ဟူသည်ကို ဆိုလိုခြင်းဖြစ်သည်။ သူတို့လူကြီးတွေက ကလေးတွေကို အထင်သေးလွန်းအားကြီးသည်။ ရှင်းပြလျှင်မူ နားလည်ရမည်ပေါ့။ ယခုဘာမှရှင်းမပြသဖြင့် စိတ်ပိုမိုရှုပ်ထွေးရသည်။ သို့ရာတွင် မိခင်ဖြစ်နေသောကြောင့် သူမကျေနပ်သည်ကို ဖွင့်ဟဆန္ဒမပြရဲ။ မပြရဲသည်ထက်မပြချင်။ အခြားသူမေးလိုသည့်အကြောင်းကိုမူ မေးပြန်၏။

"မေမေ. . . မိန်းမတွေဟာ စူဠသုဘဒ္ဒါလို ရက်စက်တာချည်းပဲလား"

"မဟုတ်ပါဘူး သားရယ်၊ မဟာသုဘဒ္ဒါလို မိန်းမတွေလည်း အများကြီးရှိပါတယ်၊ အမရာ ကိန္နရီ မဒ္ဒီ သမ္ဘူလ တို့လိုပေါ့၊ အခု သားကြည့်လေ. . . သားဖေဖေလို သပိတ်မှောက်ထားတဲ့ ယောကျ်ားတွေအများကြီး ရှိတယ်၊ လခမရလို့ ဆိုင်တွေကလည်း အကြွေးမပေးတော့ ထမင်းတောင်နပ်မှန်အောင် ဘယ်လိုစားကြမှန်း မသိဘူး၊ ဒါပေမယ့် တို့ရေနံမြေက အလုပ်သမားမိန်းမတွေဟာ ဘယ်သူမှမညည်းဘူး၊ ဘယ်သူကမှလည်း လင်တွေကိုအပြစ်မတင်ဘူး၊ တို့ထဲမှာ စူဠသုဘဒ္ဒါတစ်ယောက်မှမရှိဘူး၊ မဟာသုဘဒ္ဒါချည်းပဲ၊ အမရာ ကိန္နရီ မဒ္ဒီ သမ္ဘူလချည်းပဲ"

ဤစကားရပ်များကိုမူ သက်သက်သည်ခံ့ညား တည်ကြည်စွာဖြင့် ပြောသည်။ ပြောနေမိစဉ်တွင် စောစောက ပူပန်စိတ်များကား ဘယ်ဆီလွင့်ကုန်သည်မသိ။ သက်ခိုင်ကလည်း သူ့မိခင်စကားပြောပုံမှာ သခင်မများ တရားဟောနေပုံနှင့်တူသည်ဟု ထင်မိ၏။

သက်ခိုင်သည် လေသံလျှော့ကာ မိခင်ကို ချော့မော့ရယ်သွမ်းသွေး၍ ပြော၏။

"အင်းပါ မေမေရာ. . . . အဲ. . . ဟုတ်ကဲ့ပါ မေမေရာ၊ အဲဒါ. . . ကျွန်တော်သိပါတယ်၊ ဒါထက် မေမေရေ. . . မမနွယ်ဟာလည်း မဟာသုဘဒ္ဒါနဲ့တူတယ်ထင်ပါတယ်နော်၊ ဘာပြုလို့လဲဆိုတော့ သူက မေမေနဲ့ ကျွန်တော်တို့ကို တကယ်ချစ်တာကိုး . . . မဟုတ်ဘူးလား"

သက်သက်၏မျက်မှောင်များ မသိမသာတွန့်သွားသည်။ သက်ခိုင်၏အမေးကို ပြန်ဖြေသံမှာလည်း မသိမသာ တုန်နေ၏။

"နွယ့်ကို မဟာသုဘဒ္ဒါပဲ မေမေဖြစ်စေချင်တယ်၊ သားကကော ဆဒ္ဒန်ဆင်မင်း ဖြစ်ချင်လို့လား"

သက်ခိုင်က ခေါင်းကို သွက်သွက်ခါပြီး ခါးခါးသီးသီး ငြင်းသည်။

"မဖြစ်ချင်ပါဘူး၊ မဖြစ်ချင်ပါဘူး၊ အစွယ်ကို အဖြတ်မခံချင်ပါဘူး၊ နာက နာနဲ့ ကျွန်တော်သာ ဆဒ္ဒန်ဆင်မင်းဆိုရင် အဲဒီမုဆိုးကို တစ်ခါတည်းမုန့်ပျားသလက်လို ပြားသွားအောင် ခြေနဲ့ နင်းသတ်လိုက်မှာ၊ ဘုရားစူး . . . ကိုယ့်အသားတော့ အနာမခံနိုင်ပေါင်"

"နို့ . . . သားက ဘာပြုလို့ လက်ကိုခွေးအကိုက်ခံရသတုံး၊ မနာဘူးလား"

သက်ခိုင်၏ မျက်နှာသည် တည်ကြည်တင်းမာသွားသည်။ မိခင်စိတ်ဆိုးမည် ကြောက်သောကြောင့် အသံ ကို မမာစေသော်လည်း မချိုစေလှဘဲ ဖြေသည်။

"အဲဒါကတော့ မမနွယ် အကိုက်ခံရမှာစိုးလို့၊ မမနွယ်နာမှာစိုးလို့"

သက်သက် ငိုင်ကျသွားသည်။ သက်ခိုင်၏ စကားက သက်သက်၏ နှလုံးသားကို နင့်ခနဲနေအောင် ထိခိုက်သွားစေသောကြောင့် ဖြစ်သည်။

"ကဲ. . . မေမေ. . . . နံနံပင် လှီးပြီးသွားပြီ၊ ဘာလုပ်ပေးရဦးမလဲ"

"မရှိတော့ပါဘူး သား၊ သား နားတော့လေ၊ အိပ်ချင်လည်း ခဏအိပ်လိုက်ပေါ့၊ မေမေပြီးရင် သားကိုနှိုးမယ်"

သက်ခိုင်သည် ဤတစ်ကြိမ်တွင်မူ ဟန်ဆောင်ငြင်းမနေတော့ဘဲ အနားတကယ်ယူ၏။

သူ သယ်လာခဲ့သော ထင်းစည်းတွင်းမှ သူ့မိခင် နောက်ထပ်လိုမည့် ထင်းချောင်းများထုတ်ပေးပြီး ကျန်ထင်းချောင်းများကို ပြန်စည်း၍ မြေ၌လှဲလိုက်၏။ ၎င်းထင်းစည်းထက် သူ့မိခင်ခေါင်းခုလုပ်သော တဘက် ကို တင်လိုက်သည်။ မြေပြင်၌ ထိုင်လိုက်ပြီး ကိုယ်ကိုနောက်လှန်လှဲကာ တဘက်ခုထားသော ထင်းစည်းထက် ခေါင်းတင်၍ အနားယူသည်။ ခြေထောက်များကို အစွမ်းကုန်ကွေးပြီး ပုဆိုးအထက်စကို လက်နှင့်ဆွဲလျက် ရင်ဘတ်နှင့် ပခုံးလုံအောင် ခြုံသည်။ ပုဆိုးအောက်စကိုလည်း ခြေချောင်းကလေးများနှင့် မပွင့်မဟအောင် ကုပ်ထိုးစုစည်း ထားရသည်။

အပြင်ဘက်၌ နှင်းမှုန်မှုန်တွင် ငွေလရောင်သည် အေးမြစွာ ကျဆင်းနေ၏။ ငွေလရောင်က အေးမြရုံ အေးမြသော်လည်း ဆောင်းညကမူ စက်စက်အေးအောင် ချမ်းနေသည်။ မြောက်လေတိုးသောအခါ ပို၍ ချမ်းသည်။

ညပေါင်းများစွာ ဤသို့ပုဆိုးလေးခြုံလျက် သက်ခိုင်ကွေးခဲ့ဖူးသည်။ ကွေးလျက် ငြိမ်ငြိမ်လေးနေလျှင် မီးဖိုမှ အပူဓာတ်ကလည်း ကူပံ့လေသောကြောင့် အနွေးကြီးမဟုတ်လှစေ. . . မခံနိုင်အောင် မချမ်း။

ယခုညမူ သက်ခိုင်သည် စိမ့်၍စိမ့်၍ ချမ်းနေသည်။ အသွေးအသားအရိုးများထဲမှ စိမ့်၍စိမ့်၍ ချမ်းနေလေသည်။

မီးဖိုမှ မီးလျှံများက နီနီဝါဝါပြာပြာစိမ်းစိမ်းနှင့် ကသယောင်၊ ခုန်သယောင်၊ ရှန်းသယောင်၊ မြူးသယောင် လူးပ်ရှားနေကြ၏။ တစ်ခုတည်းသော ရေနံဆီမီးတိုင်မှ မီးညွန့်ဝါဝါကလည်း အငြိမ်မနေ ဝှေ့ယမ်းနေလေသောအခါ မီးခိုးမှိုင်းမည်းမည်းကလည်း ပြန့်ပြန့်ဖွာဖွာ တစ်ဖုံ၊ သေးသေးမျှင်မျှင် တစ်နည်းနှင့် ကွေ့ကွေ့ လိမ်လိမ်တစ်ခါ၊ တည့်တည့်မတ်မတ် တစ်ချီဖြင့် လွင့်ပျံတက်နေ၏။

သက်ခိုင်၏ တစ်ကိုယ်လုံးက ခိုက်ခိုက်တုန်အောင် ချမ်းနေသော်လည်း မျက်လုံးများကမူ ပူနေ၏။ မျက်လုံးများကို ဖွင့်ကြည့်သောအခါလရောင်သည် ဖြူရာမှ ဝါကာ နောက်ဆုံး၌ နီလာ၏။ မိုးကောင်းကင်ပါ နီလာပြန်ပြီ။ မြေကြီးသည်လည်း နီလာပြန်ပြီ။ ပိုးစုန်းကြူး အရာအထောင်က ဝင်းလိုက်၊ မှိတ်လိုက်နှင့် ဝင်လာကြသည်။ သူတို့အားလုံးကဝါလိုက်. . . ပြာလိုက်. . . နီလိုက်နှင့် ဘာလုပ်နေကြသည် မသိ။

"ဘာလုပ်နေကြတာလဲ. . . "

သက်ခိုင်က လှမ်းမေးသည်။ သူ့အသံက ထွက်မလာ။ သူ့ပါးစပ်နှင့်လည်ချောင်းများက ခြောက်ကပ်နေသည်။ ကြောက်မက်ဖွယ်ကောင်းအောင် ခြောက်ကပ်နေကြသည်။

မိုးပြင်မည်းမည်းပြာပြာကြီးကသာ နံရံကြီးတစ်ခုပြိုသကဲ့သို့ ပြိုကျလာသည်။

**ဆက်လက်ဖော်ပြပါမည်။**

**(၁၉၆၆ ခုနှစ်က ထုတ်ဝေခဲ့သော ဆရာတက္ကသိုလ်ဘုန်းနိုင်၏ စာအုပ်မှ အခေါ်အဝေါ်နှင့် အသုံးအနှုန်းများ၊ စာလုံးပေါင်းသတ်ပုံနှင့် သဒ္ဒါအထားအသိုများကို မူရင်းအတိုင်း ဖော်ပြခြင်းဖြစ်ပါသည်။)**

# ဂေါဝိန်ဆိပ်၌ အောက်ပြည်မှ ဆန်တင်သင်္ဘောများဝင်ရောက်



**မန္တလေး ဩဂုတ် ၁၈**

မန္တလေးမြို့ရှိ ဂေါဝိန်ဆိပ်သို့ ဧရာဝတီတိုင်း ပုသိမ် ဖျာပုံဘက်မှ ဆန်တင်သင်္ဘောများ လှိုင်လှိုင်ဝင်လျက်ရှိပြီး သင်္ဘောတစ်စီးလျှင် ဆန်အိတ်ပိုင်း နှစ်သောင်းကျော် တင်ဆောင်လာကြောင်း သိရသည်။

ဧရာဝတီမြစ်ဆိပ်ကမ်းများတွင် ဂေါဝိန်ဆိပ်သည် စားသောက်ကုန်၊ လူသုံးကုန်ပစ္စည်းများစွာကို အားထားသယ်ဆောင်သောဆိပ်ကမ်းဖြစ်ပြီး အများစုသောကုန်စည်များကို ထိုဆိပ်ကမ်းမှသယ်ကြကာ မန္တလေးမြို့အတွက် ဧရာဝတီမြစ်ဆိပ်ကမ်းများသည် အလုပ်အကိုင်အခွင့်အလမ်းများစွာကို ဖော်ဆောင်ပေးလေ့ရှိသည်။

မန္တလေးမြို့သို့ ကုန်စည်များသယ်ယူပို့ဆောင်မှုတွင် ကုန်းလမ်းနှင့် ရေလမ်းတို့ကို အဓိကထားကာသယ်ယူပို့ဆောင်လေ့ရှိပြီး ရေလမ်းဖြင့် မြန်မာနိုင်ငံနေရာအနှံ့အပြားသို့ ကုန်စည်များ တင်ပို့လေ့ရှိသည်။

ယင်းသို့တင်ပို့ရာတွင် ဂေါဝိန်ဆိပ်၊ ချော်ဆိပ်၊ ပေပင်ဆိပ်၊ မရမ်းခြံဆိပ်နှင့် အခြားကုန်တင်ဆိပ်ကမ်းများအပါအဝင် ဒေသအလိုက်၊ ကုန်ပစ္စည်းအလိုက် တင်ပို့လေ့ရှိကြကာ ဆန်အိတ်ပိုင်းတစ်ပိုင်းသယ်ဆောင်ခမှာ ငွေကျပ်ကိုးဆယ်ကျပ်မှ တစ်ရာကျပ်အထိရရှိကြပြီး ယခုအခါ ကုန်စည်လှိုင်လှိုင်ဝင်သည့်အတွက် ဆိပ်ကမ်းလုပ်သားများ တစ်နေ့လျှင်ဝင်ငွေ ကျပ်ရှစ်ထောင်မှ ကျပ်တစ်သောင်းကျော်အထိရရှိကြကြောင်း သိရသည်။

လက်ရှိကာလတွင် ဧရာဝတီမြစ်ရေတက်လာသည့်အတွက် ကုန်များကို သယ်ယူတင်ချမှုအတွက် ကမ်းနှင့် နီးကပ်လာပြီး ကုန်တင်ကုန်ချမှုများလည်း နီးကပ်လာသည့်အတွက် မြန်ဆန်မှုရှိလာကြောင်းနှင့် ဧရာဝတီမြစ်ရေတိုးမှုများလာပါက ကမ်းနားလမ်းပေါ်အထိ ကုန်များထားကာ အတင်အချပြုလုပ်ရသည်လည်း ရှိသည်။

ကုန်တင်ဆောင်မှုတွင် ရေအခြေအနေပေါ်မူတည်ကာ တင်ဆောင်ရကြောင်းသိရပြီး ဆန်တင်သင်္ဘောများ ဆိုက်ကပ်မှုများသည့်အတွက် မြို့တွင် ခေါက်တိုကားသမားများနှင့် ဆိပ်ကမ်းအလုပ်သမားများ အလုပ်အကိုင်အဆင်ပြေလျက်ရှိသည်။

**တိမ်တမန်**

## သတင်းတို

### ပုသိမ်မြို့တွင် ပြည်သူ့ဝန်ဆောင်မှုရုံးဖွင့်ပွဲကျင်းပ

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်တွင် ပြည်သူ့ဝန်ဆောင်မှုရုံးဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၁၇ ရက် နံနက် ၉ နာရီခွဲက ပုသိမ်ခရိုင်၊အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးတွင် ကျင်းပခဲ့သည်။ ပြည်သူ့ဝန်ဆောင်မှုရုံးဖွင့်ပွဲအခမ်းအနားတွင်ပုသိမ်မြို့နယ် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများကို မြို့နယ်ထွေထွေအုပ်ချုပ်ဦးစီးဌာန၊ လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ ပြည်တွင်းအခွန်၊ လျှပ်စစ်ဖြန့်ဖြူးရေးလုပ်ငန်းနှင့် ငါးလုပ်ငန်းဦးစီးဌာနတို့မှ လုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။ အဆိုပါရုံးကို တနလာမှ သောကြာအထိ ရုံးချိန်အတိုင်း ဖွင့်ထားမည်ဖြစ်ပြီး စနေ၊ တနင်္ဂနွေနှင့် အစိုးရရုံးပိတ်ရက်များတွင် ပိတ်ထားမည်ဖြစ်ကြောင်း သိရသည်။

**မောင်မောင်မြင့်(ပုသိမ်)**

### Super Castom လူနာတင်ယာဉ် ပေးအပ်လှူဒါန်း

စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ် ရုံးပင်ကုန်းကျေးရွာ သီတဂူဆရာတော် သီတဂူကြယ်တစ်ပွင့် ကျေးလက်ကုသိုလ်ဖြစ်ဆေးပေးခန်းအတွက် (Saper Castom) လူနာတင်ယာဉ်ပေးအပ်လှူဒါန်းခြင်းကို ဩဂုတ် ၁၆ နံနက်က မဟာမြိုင် (၆၇) လမ်း၊ (၄၀/၄၁) လမ်းကြားနေနှင်းဆီဖြူတိုက်၌ပြုလုပ်ရာ သီတဂူကြယ်တစ်ပွင့်ဆရာတော် အရှင်ပညာနန္ဒနှင့် ဆရာတော်၊ သံဃာတော်ခုနစ်ပါး ကြွရောက်တော်မူပြီး အလှူရှင် အောင်မြေသာစံမြို့နယ် ၁၅ လမ်းနေ ဘုရား၊ ကျောင်း၊ ရဟန်း၊ သိမ်၊ ရေတွင်း၊ ရေကန်ဒါယကာကြီး (ဦးလှဆွန်း)-(ဒေါ်သန်းသန်း) တို့အား ရည်စူး၍ ၎င်းမိသားစုများနှင့် ဖိတ်ကြားထားသူများတက်ရောက်ကြသည်။

**ထွဏ်းလှအောင်(မန္တလေး)**

# အားကစားနှင့်ကာယပညာကော်မတီဥက္ကဋ္ဌဖလား ကျောင်းပေါင်းစုံအေရိုးဗစ်ပြိုင်ပွဲဖွင့်

**တနင်္သာရီ ဩဂုတ် ၁၈**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် တနင်္သာရီမြို့နယ် အားကစားနှင့်ကာယပညာကော်မတီကကြီးမှူးလျက် အား/ကာဦးစီးဌာနနှင့် ပညာရေးဌာနတို့ပူးပေါင်း၍ အားကစား တိုးတက်ရေးအစီအစဉ် (TSDP) အရ မြို့နယ်အားကစားဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်ကာ မြို့နယ်အားကစားနှင့်ကာယပညာကော်မတီ ဥက္ကဋ္ဌဖလား ကျောင်းပေါင်းစုံအေရိုးဗစ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၁၆ ရက် နံနက် ၉ နာရီက တနင်္သာရီခန်းမအတွင်း စည်ကားစွာကျင်းပရာ မြို့နယ်အားကစားနှင့်ကာယပညာကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်သူက ဖွင့်လှစ်ပေးခဲ့သည်။

ယင်းနောက် အဆိုပါကျောင်းပေါင်းစုံအေရိုးဗစ်ပြိုင်ပွဲ ယှဉ်ပြိုင်နိုင်ရန် မြို့နယ်အား/ကာနည်းစနစ်မှူး ဦးဝင်းဇော်က အမှတ်ပေးဒိုင်ရွေးချယ်ခြင်း၊ ဒိုင်ချုပ်နှင့်အဖွဲ့ဝင်များ အမည်စာရင်းကြေညာခြင်း၊ အမှတ်ပေးစည်းမျဉ်းများနှင့် ပွဲစဉ်နံပါတ်များမဲနှိုက်ခြင်းအစီအစဉ်ကို ဆောင်ရွက်ခဲ့သည်။

ယင်းနောက် အေရိုးဗစ်ပြိုင်ပွဲကို အစီအစဉ်တိုင်း ယှဉ်ပြိုင်ကြရာ တနင်္သာရီမြို့နယ်အတွင်းမှ အ.ထ.က တနင်္သာရီ၊ အ.ထ.က တကူရွာ၊ အ.ထ.က ညောင်ပင်ကွင်း၊ အ.ထ.က မော်တုန်း၊ အ.ထ.က (ခွဲ) သာရဘွင်ရွာ၊ အ.ထ.က(ခွဲ) ပဝရွာ အ.လ.က ရေပေါ်ရွာ စသည့်အခြေခံပညာကျောင်းခုနစ်ကျောင်းတို့က အသင်းလိုက်ပြိုင်ပွဲဝင်ကျောင်းသူကိုးယောက်တွဲ ပြိုင်ပွဲကိုလည်းကောင်း၊ သုံးယောက်တွဲနှင့် တစ်ဦးချင်းယှဉ်ပြိုင်မှုကို အ.ထ.က တနင်္သာရီနှင့် အ.ထ.က ညောင်ပင်ကွင်းရွာ ကျောင်းသူများကလည်းကောင်း ပွဲစဉ်အတိုင်း ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

အဆိုပါအခမ်းအနားတွင် ဖျော်ဖြေရေးအစီအစဉ်အဖြစ်တေးသီချင်းများသီဆိုခြင်း၊ တေးသရုပ်ဖော်ကပြခြင်း၊ ကြိမ်ကွင်းအက၊ ကဗျာလွတ်အကဖြင့် စည်ကားစွာ ဖျော်ဖြေတင်ဆက်ကပြခဲ့ကြသည်။

**ထိန်ဝင်း(ပြန်/ဆက်)**

### အိမ်ထောင်ဦးစီးများအား ကွင်းဆင်းဟောပြော

၂၀၁၅ ခုနှစ် နိုဝင်ဘာလတွင် ကျင်းပမည့် ပါတီစုံအထွေထွေရွေးကောက်ပွဲကျင်းပရေးလုပ်ငန်းများဖြစ်သည့် မဲစာရင်းတိကျမှန်ကန်ရေး၊ မဲဆန္ဒရှင်မကျန်ရှိရေး၊ အမည်မထပ်ရေး၊ ဥပဒေနှင့်မညီသော မဲဆန္ဒရှင်များမပါဝင်စေရေးအတွက် ရပ်ကွက်၊ ကျေးရွာ အိမ်ထောင်ဦးစီးများအား ခေါ်ယူ၍ မဲစာရင်းများစစ်ဆေးခြင်း စသည့်ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများကို မြို့နယ်စာရင်းစစ်ရုံးမှ ဒေါ်သီတာ၊ မြို့နယ်ဥပဒေအရာရှိ ဒေါ်အေးအေးဇင်နှင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးမှူးဒေါ်မိုးမိုးထွေးတို့က ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ အထောက်အကူပြုအဖွဲ့ဝင်များ၊ ရပ်/ကျေးကော်မရှင်အဖွဲ့ဝင်များ၊ ဆယ်အိမ်စုမှူးများအား ခေါ်ယူ၍ အနောက်ရပ်၊ ပေါက်တော၊ ဟော်ကုန်း၊ ၎က်ပျောတောရပ်ကွက်များသို့ ဩဂုတ် ၁၅ ရက်က ကွင်းဆင်းဟောပြောခဲ့ကြောင်းသိရသည်။

**မိုးမိုးထွေး(ပင်းတယ)**

# မြိတ်ခရိုင်၌ ရွေးကောက်ပွဲတွင်ဝင်ရောက်မည့် အမည်စာရင်းတင်သွင်းသူ ၆၉ ဦးခန့်ရှိ

**မြိတ် ဩဂုတ် ၁၈**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင်အတွင်း၌ လာမည့် ၂၀၁၅ ရွေးကောက်ပွဲအတွက် ပါတီများမှ ရွေးကောက်ပွဲဝင်ရောက်မည့် ကိုယ်စားလှယ်လောင်းအမည်စာရင်းတင်သွင်းသူ ယခင် ၇၀ ရှိပြီး ယင်းတို့တွင် တစ်သီးပုဂ္ဂလကိုယ်စားလှယ်လောင်းနှစ်ဦးရှိသည့်အနက် တစ်ဦးမှာ ဩဂုတ် ၁၅ ရက် နံနက်ပိုင်းတွင် ပြန်လည်နုတ်ထွက်သွားသဖြင့် မြိတ်ခရိုင်အတွင်းရွေးကောက်ပွဲဝင်ရောက်မည့် ကိုယ်စားလှယ်လောင်း ၆၉ ဦးခန့်ရှိကြောင်း သိရသည်။

မြိတ်ခရိုင်အတွင်း အဆိုပါရွေးကောက်ပွဲဝင်မည့် ကိုယ်စားလှယ်လောင်း ကနဦးတင်သွင်းသူများမှာ ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်တွင် အမည်စာရင်းတင်သွင်းသူ ၁၇ ဦး၊ အမျိုးသားလွှတ်တော်မဲဆန္ဒနယ်တွင် အမည်စာရင်းတင်သွင်းသူ ၂၂ ဦးနှင့် တိုင်းဒေသကြီးလွှတ်တော်မဲဆန္ဒနယ်တွင် အမည်စာရင်းတင်သွင်းသူ ၃၁ ဦး စုစုပေါင်း ၇၀ ရှိခဲ့သည်။

ယခုအခါ ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်တွင် ကိုယ်စားလှယ်လောင်းတင်သွင်းသူ တစ်သီးပုဂ္ဂလကိုယ်စားလှယ်လောင်းတစ်ဦး နုတ်ထွက်သွားသဖြင့် ယခုအခါ မြိတ်ခရိုင်အတွင်း ကိုယ်စားလှယ်လောင်းတင်သွင်းသူ ၆၉ ဦးရှိကာ ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်မည့် ပါတီခုနစ်ခုခန့်ရှိကြောင်း သိရသည်။

**မြိတ်ခရိုင်(ပြန်/ဆက်)**

# စဉ့်ကိုင်မြို့နယ် ဟင်းငုံကျေးရွာတွင် ကျန်းမာရေးအသိပညာပေး ဟောပြော

**စဉ့်ကိုင် ဩဂုတ် ၁၈**

စဉ့်ကိုင်မြို့နယ် ကျန်းမာရေးဦးစီးဌာနနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့ပူးပေါင်း၍ ကျန်းမာရေး အသိပညာပေးဟောပြောပွဲကို ဩဂုတ် ၁၇ ရက် နံနက် ၁၀ နာရီက ဟင်းငုံကျေးရွာအခြေခံပညာအထက်တန်းကျောင်းတွင် ကျင်းပခဲ့ကြောင်း သိရသည်။

ဟောပြောပွဲတွင် စဉ့်ကိုင်မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးက မိုးရာသီတွင် ခြင်မှဖြစ်ပွားတတ်သော သွေးလွန်တုပ်ကွေးရောဂါ၊ ၎က်ဖျားရောဂါနှင့် ဝမ်းပျက်ဝမ်းလျှောရောဂါများအကြောင်းကိုလည်းကောင်း၊ မတင်အောင်သိန်းက သွားနှင့်ပတ်သက်၍ ဖြစ်ပွားတတ်သောရောဂါများအကြောင်းကို ကျန်းမာရေးအသိပညာပေး ဟောပြောခဲ့ကြကြောင်း သိရသည်။

ဆက်လက်ပြီး မြို့နယ်ကျန်းမာရေးအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအဖွဲ့တို့သည် ကျောင်းသား၊ ကျောင်းသူများအား ကျန်းမာရေးစစ်ဆေးမှုများပြုလုပ်ပေးခြင်း၊ ကျောင်းဝင်းအတွင်းတွင် ရောင်းချလျက်ရှိသော မုန့်စျေးဆိုင်များ သန့်ရှင်းစွာ စနစ်တကျရောင်းချရေး ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**တင်တင်ထွေး(စဉ့်ကိုင်)**

# မြန်မာလူငယ်ဂေါက်သီးရိုက်အားကစားသမားများအား ဂုဏ်ပြုပွဲကျင်းပ



**ရန်ကုန် ဩဂုတ် ၁၇**

၂၀၁၅ ခုနှစ် ဇူလိုင် ၂၀ ရက်မှ ၂၁ ရက်အထိ အမေရိကန်ပြည်ထောင်စု (Hurricane Junior Golf Tour) လူငယ် ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ဆုရရှိခဲ့ကြသော မြန်မာလူငယ် ဂေါက်သီးရိုက် အားကစားသမားများအား ဂုဏ်ပြုပွဲနှင့် Junior Golf Myanmar Member များ တွေ့ဆုံပွဲကို ဩဂုတ် ၉ ရက် နံနက်ပိုင်းတွင် ရန်ကုန် ဂေါက်ကလပ် မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်ရုံးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်နာယက ဗိုလ်ချုပ်ဝင်းလှိုင်(ငြိမ်း)နှင့် မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကိုကိုအေးတို့က အမှာစကားပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် တွဲဖက်အထွေထွေအတွင်းရေးမှူး Junior Golf Myanmar ဆပ်ကော်မတီဥက္ကဋ္ဌ ဦးမြင့်အောင်က မိတ်ဆက်စကားပြောကြားပြီး လူငယ်ဂေါက်သီးရိုက်ပြိုင်ပွဲတွင် မြန်မာလူငယ်ဂေါက်သီးရိုက်အားကစားသမားများ ပြိုင်ပွဲ၌ ယှဉ်ပြိုင်ကစားသည့် အတွေ့အကြုံများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် နာယက ဗိုလ်ချုပ်ဝင်းလှိုင်(ငြိမ်း)က ပြိုင်ပွဲတွင် ပထမဆု ရရှိခဲ့သော သင်းဝေခိုင်အား ဂုဏ်ပြုဆုငွေ အမေရိကန်ဒေါ်လာ ၅၃၀၀ ကို ပေးအပ်ချီးမြှင့်ပြီး မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ် ဥက္ကဋ္ဌဦးကိုကိုအေးက ဂုဏ်ပြုမှတ်တမ်းကို ပေးအပ်သည်။

ထို့နောက် မြန်မာလူငယ်ဂေါက်သီးရိုက်အားကစားသမားများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် Junior Golf Myanmar Member များတွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်နာယက ဗိုလ်ချုပ်ဝင်းလှိုင်(ငြိမ်း)က ပြိုင်ပွဲတွင် ပထမရရှိခဲ့သော မသင်းဝေခိုင်အား ဂုဏ်ပြုဆုငွေ အမေရိကန်ဒေါ်လာ ၅၀၀ ကို ပေးအပ်ချီးမြှင့်စဉ်။

**(ကြေးမုံ)**

ကျန်းမာရေးဆောင်းပါး

# လေဖြတ်နိုင်သလား သတိထားပါ

à ကြည်လွင်မြင့်(မုဒြာ)



လေဖြတ်ရောဂါဖြစ်မှာ ကြောက်သလားဟုမေးလျှင် လူတိုင်းပင်ကြောက်သည်ဟု ဖြေကြမည်ဖြစ်ပါသည်။ လေဖြတ်၊ ဦးနှောက်သွေးကြောပြတ်ပြီး တစ်ခါတည်း အသက်ဆုံးရှုံးသွားလျှင် ကိစ္စမရှိပါ။ ငွေကုန်ကြေးကျများစွာဖြင့် ဆေးကုသပြီး ကိုယ်တစ်ခြမ်းသေ၊ တစ်ပိုင်းသေနှင့် အိပ်ရာထဲတွင်နေပြီး အသက်ရှင်ရသောဘဝ၊ တွဲကြပါ ထူပေးကြပါ၊ ဝမ်းသွားဖို့၊ ဆီးသွားဖို့ကအစ သူများကူမှ ကိစ္စပြီးရသည့်ဘဝဆိုးတွင် အသက်ရှင်နေလျှင်လည်း သေရသည်ကမှ ကောင်းသေးသည်။ မိသားစုကို ဒုက္ခပေး အသက်ရှင်ရမည့်ဘဝကို မလိုလားပါ။ ဘဝသေသည်ထက် အသက်သေသည်ကမှ ကောင်းသေးသည်ဟု ဆိုကြပါသည်။

လေဖြတ်သည့်လူနာများကို မေးသည့်အခါတိုင်း အထက်ပါအဖြေကိုရသည်။ လေဖြတ်ပြီး ကိုယ်တစ်ခြမ်း သို့မဟုတ် တစ်စိတ်တစ်ပိုင်း မသန်စွမ်းသောဘဝဖြင့် မည်သူကမျှ အသက်မရှင်လိုပါ။ သို့သော် လေဖြတ်သူများကိုကြည့်ပြီး လေမဖြတ်ချင်ပါဟုပြောသူများသည် မည်သို့ကာကွယ်ရမည်ကိုလည်း မသိရှိသူက များပါသည်။ အမှန်မှာ လေဖြတ်မည့်ရှေ့ပြေးနိမိတ်လက္ခဏာများရှိသည်ကို မသိကြ၍သာဖြစ်သည်။

ကျန်းမာရေးအထူးလိုက်စားသူတစ်ဦးသည် ကျန်းမာရေးအတွက် နေ့စဉ်နံနက်တိုင်း ဂေါက်သီးရိုက်သည်။ စနေ၊ တနင်္ဂနွေအားလပ်ရက်များတွင် တစ်နေကုန် ဂေါက်ကွင်းတွင် အချိန်ကုန်သည်။ ဂေါက်သီးရိုက်ခြင်း၏အရသာမှာ လေကောင်းလေသန့်ရသည့်ကွင်းပြင်ကျယ်ကြီးနှင့် မြက်ခင်းစိမ်းများပေါ်တွင် လမ်းလျှောက်သွားရခြင်းဖြစ်သည်။ ဂေါက်သီးရိုက်ခြင်းသည် နည်းစနစ်နှင့် စတိုင်ကျပြီး ပင်ပန်းမှုလည်း အလွန်အကျွံမရှိသည့် ကစားနည်းဖြစ်သည်။

နွေနေပူသည့် နေ့လယ်ခင်းတစ်ခုတွင် ဂေါက်သီးရိုက်ခြင်းကို ခေတ္တနားသည့် ဂေါက်ကွင်းတွင်ရှိသော အနားယူသည့်နေရာတွင် အစားအသောက်ရောင်းချသည့် ဆိုင်၊ အရက်ကောင်တာ၊ ဂေါက်သီးအပိုပစ္စည်းများရောင်းချသည့်ဆိုင်၊ ကော်ဖီဆိုင်ရှိသည်။ ထို့အပြင် ခေါင်းလျှော်ပေးသည့် ပြုတီဆလွန်းလည်းရှိသည်။ ဂေါက်သီးရိုက်ရာမှ နေပူ၍ ခေတ္တနားသူ အသက် ၅၀ ကျော် စီးပွားရေးလုပ်ငန်းရှင်တစ်ဦးသည် အပန်းဖြေရင်း ခေါင်းလျှော်လိုက်ရာမှ သတိလစ်သွားသည်။ အပူထဲမှလာပြီး ရေအေးနှင့် ခေါင်းလျှော်ခြင်းကြောင့် ဦးနှောက်အတွင်းမှ သွေးကြောပေါက်သွားခြင်းဖြစ်သည်။ အသက်မဆုံးရှုံးသော်လည်း လေဖြတ်ဝေဒနာ ရေရှည်ခံစားရသူအဖြစ်နှင့် နောက်ပိုင်း ဂေါက်သီးလည်း မကစားနိုင်တော့ပါ။ လွန်ခဲ့သော ငါးနှစ်ခန့်ကလည်း ထိုကဲ့သို့ပင် ဂေါက်သီးရိုက်သူလူကြီးတစ်ဦး အနားယူချိန်တွင် ခေါင်းလျှော်လိုက်ရာမှ ဦးနှောက်သွေးကြောပြတ် အသက်ဆုံးရှုံးသွားခဲ့ဖူးသည်ဟု ကြားသိရသည်။ နေပူထဲမှပြန်လာပြီး ရုတ်တရက် ရေအေးဖြင့် ဦးခေါင်းကိုလောင်း၍ ခေါင်းလျှော်ခြင်းသည် အလွန်အန္တရာယ်ကြီးသည်။

အခြားလေဖြတ်သူတစ်ဦးမှာ ကျန်းမာရေးကို အလွန်ဂရုစိုက်လွန်ပြီး ဆေးသောက်မကြောက်သူဖြစ်သည်။ ဆေးဝါးမျိုးစုံကို ကျန်းမာရေးအတွက် သုံးစွဲသည်။ အားဆေးများကိုလည်း နေ့စဉ်မှီဝဲသည်။ အညောင်းအကိုက်ဝေဒနာကအစ အဖြစ်မခံ။ ထစ်ခနဲဆိုလျှင် ပါရာစီတမောသောက်သည်။ ဆေးအမျိုးမျိုးကို ဖတ်ရှုလေ့လာပြီး အိမ်တွင်ဆောင်ထားသည်။ တစ်ရက်တွင် နေပူထဲမှပြန်လာပြီး ချွေးထွက်များလာသည်။ သူ့ခန္ဓာကိုယ်မှ ဓာတ်ဆားများဆုံးရှုံးသွားပြီဟုယူဆကာ ဓာတ်ဆားထုပ်တစ်ထုပ်ကို ရေကျက်အေးတစ်ပုလင်းနှင့်ဖျော်ပြီး ကုန်အောင်သောက်လိုက်သည်။ ထိုသို့သောက်ပြီး နောက်ပိုင်းတွင် ခေါင်းမူးလာပြီး လဲကျသွားသည်။ အိမ်အနီးမှ ဆေးခန်းပြသောအခါ သွေးပေါင်ချိန် အလွန်အမင်းတက်နေသည်ကို တွေ့ရသဖြင့် ဆေးရုံတင်လိုက်ကြသည်။ သွေးတိုးတက်ပြီး ကိုယ်တစ်ခြမ်းလေဖြတ်သောဝေဒနာကို ခံစားသွားရသည်။ ဆရာဝန်ညွှန်ကြားချက်မရှိဘဲ ဆေးများကို မိမိသဘောဖြင့် သောက်သုံးလေ့ရှိသူများ၏ အမှားပင်ဖြစ်သည်။

စာရေးသူကြုံတွေ့ဖူးသော အခြားလေဖြတ်သူတစ်ဦးမှာ ခေတ်ပညာတတ်၊ စာပေဝါသနာရှင်တစ်ဦးဖြစ်သည်။ အသက် ၆၀ ကျော် (အငြိမ်းစား) တစ်ဦးဖြစ်ပြီး စာအလွန်ဖတ်သည်။ အလွန်ဖတ်သည်ဆိုရခြင်းမှာ အိမ်သာတက်သည့်အခါတိုင်း စာအုပ်တစ်အုပ် သို့မဟုတ် ဂျာနယ်တစ်စောင်၊ နှစ်စောင် အိမ်သာထဲယူသွားပြီး ဖတ်လေ့ရှိသည်။ တစ်ရက်တွင် အိမ်သာထဲမှ ထွက်မလာ။ တံခါးခေါက်သော်လည်း မထူးသဖြင့် အိမ်နီးချင်းများအကူအညီခေါ်ပြီး တံခါးဖျက်ဝင်သောအခါ အိမ်သာထဲတွင်လဲကျပြီး သတိလစ်နေသည်ကို တွေ့ရသည်။

အိမ်သာကြာကြာထိုင်သူများသည် ခြေနှစ်ဖက်ကိုကွေးပြီး ဆောင့်ကြောင့်ထိုင်ရသည်။ ထိုသို့ထိုင်သောအခါ လူဝလျှင် တံကောက်ကွေးရှိသွေးကြောကို ခေါက်ပြီးပိတ်ထားသကဲ့သို့ ဖြစ်သည်။ နှလုံးမှညစ်ထုတ်ပို့လွှတ်သောသွေးသည် တံကောက်ကြောတွင် အချိန်ကြာကြာပိတ်မိသောအခါ နောက်ကြောင်းပြန်ပြီး နှလုံးသို့စီးဆင်းရာမှ ဖိအားတစ်ခုဖြစ်ပေါ်လာပြီး သွေးပေါင်တက်လာတတ်သည်။ သွေးဖိအားကြောင့် ဦးနှောက်အတွင်းရှိ သွေးကြောငယ်လေးပေါက်ထွက်သွားပြီး အိမ်သာထဲမှာပင် မူးလဲသွားခြင်းဖြစ်သည်။ ဦးနှောက်သွေးကြောပိတ်လျှင်ဖြစ်စေ၊ ပေါက်လျှင်ဖြစ်စေ ခန္ဓာကိုယ်တစ်ခြမ်း လေဖြတ်နိုင်သည်။

လူကြီးများ အသက်ကြီးလာလျှင် ဆောင့်ကြောင့်ထိုင်ရသော ရိုးရိုးအိမ်သာအစား ဗိုလ်ထိုင်ဟုခေါ်ကြသော ထိုင်သွားရသောအိမ်သာကွေ့အိုးကို သုံးသင့်သည်။ တံကောက်သွေးကြောပိတ်ခြင်း၊ ခေါက်ထိုင်ရခြင်းကို သက်သာစေသဖြင့် အိမ်သာထဲတွင် သွေးကြောပိတ်၍ မူးလဲကျခြင်းမှ သက်သာစေနိုင်သည်။ အသက်ကြီးလာလျှင် ငယ်ရွယ်သူများကဲ့သို့ သွေးကြောများပျော့ပြောင်းမှုမရှိတော့သဖြင့် ပိတ်လွယ်ပေါက်လွယ်သည်ကို သတိပြုသင့်သည်။ ပလတ်စတစ်ပိုက်များ အသုံးပြုစက ပျော့ပြောင်းနေသော်လည်း ကြာလာသောအခါ မာဆတ်လာသည်ကို သတိပြုသင့်သည်။

နေပူထဲမှပြန်လာပြီး အိမ်ရောက်ရောက်ချင်း ရေခဲသေတ္တာထဲမှ ရေသန့်တစ်ဘူးထုတ်ယူပြီး မော့ချလိုက်ရာမှ မူးလဲကျသွားပြီး ဦးနှောက်သွေးကြောပြတ် လေဖြတ်သွားသူတစ်ဦးကိုလည်း လွန်ခဲ့သောလက မန္တလေးမြို့တွင် တွေ့ရဖူးပါသည်။ ထိုသူမှာလည်း အသက် ၅၀ ကျော်မျှသာ ရှိသေးသည်။ နိုင်ငံခြားအထိ သွားရောက်ကုသသော်လည်း ရာနှုန်းပြည့် ပြန်ကောင်းမလာပါ။ ရေခဲရေတစ်ခွက်နှင့် လေဖြတ်လဲကျသွားသူများအကြောင်း မကြာခဏ ကြားသိရသည်။

သွေးတိုးခြင်း၊ ဆီးချိုတက်ခြင်းနှင့် လေဖြတ်ခြင်းမှာ ဆက်နွှယ်နေသဖြင့် အဆိုပါရောဂါများ ဝင်လာပြီဆိုလျှင် မိမိသဘောဖြင့်မဟုတ်ဘဲ တတ်ကျွမ်းနားလည်သည့် ဆရာဝန်၊ သမားတော်များနှင့် ပြသကုသမှုခံယူသင့်သည်။ အချို့မှာ သွေးပေါင်ချိန်တိုင်းကိရိယာ၊ ဆီးချိုတိုင်းကိရိယာဖြင့် မစစ်ဆေးဘဲ မိမိသဘောဖြင့် ဆေးသောက်လိုက် ဖြတ်လိုက်လုပ်ခြင်း၊ ဆေးမြီးတိုများကို စာစောင်များတွင် တွေ့၍ဖြစ်စေ၊ သူများပြောသံကြားနှင့်ဖြစ်စေ သုံးစွဲနေခြင်းတို့ကြောင့် ရုတ်တရက် သွေးတိုးဆီးချိုတက်ပြီး လေဖြတ်ခြင်းဝေဒနာ ခံစားရနိုင်ပေသည်။

အခြားအကြောင်းမှာ ယခုခေတ်ပေါ် အစားအသောက်ဆိုးဆေးများ၊ ဓာတုပစ္စည်းဖြင့် ပြုလုပ်ထားသော အချိုမှုန့်များ၊ ဟင်းခတ်မှုန့်များ၊ အသီးမှည့်ဆေးများ၊ အပုပ်အသိုးခံသည့်ဆေးများ ငါးပိ၊ ငါးခြောက်များတွင် သုံးသည့် ယင်မနားဆေးများ၊ အသီးအနှံများတွင်ဖျန်းသည့် ကြီးထွားဆေးများကြောင့်လည်း သွေးတိုး၊ နှလုံးနှင့် နောက်ဆက်တွဲလေဖြတ်ရောဂါများ အဖြစ်များလာသည်ကို တွေ့နေရပါသည်။ ဆေးရုံကြီးရှိ ဦးနှောက်နှင့် အာရုံကြောကုသမှုဌာနတွင် နေ့စဉ် လေဖြတ်လူနာများ ရောက်ရှိနေပြီး တိုင်းရင်းဆေးနှင့်ကုသသည့် ဆေးရုံများတွင်လည်း လေဖြတ်နာတာရှည်လူနာများဖြင့် အမြဲပြည့်လျက်ရှိသည်ကို တွေ့နေရပါသည်။

အသက်အရွယ်ကြီးလာလျှင် အထူးသဖြင့် အသက် ၅၀ ကျော်လာလျှင် လေဖြတ်မည့် ရှေ့ပြေးလက္ခဏာများ ပြလာတတ်ပါသည်။ အထူးသဖြင့် မျိုးရိုးတွင် လေဖြတ်သူရှိဖူးသူများ သတိထားသင့်ပါသည်။ ကြိုတင်ပြမည့်လက္ခဏာများရှိပါသည်။

စာရေးသူကိုယ်တိုင် လေဖြတ်သူများကိုကုသခဲ့သည့် အနှစ် ၃၀ အတွင်း သတိပြုမိသည့် လေဖြတ်မည့် ရှေ့ပြေးလက္ခဏာများမှာ -

၁။ ရေချိုးပြီးလျှင် မျက်စိများနီရဲခြင်း။

၂။ ဦးခေါင်းနောက်စေ့တွင် ခေါင်းကိုက်ခြင်း။

၃။ မျက်ခွံနှင့် မျက်နှာကြွက်သားများ ဆတ်ခနဲလှုပ်ခြင်း။

၄။ မကြာခဏ ဝမ်းချုပ်ပြီး ဗိုက်တွင် လေပွနေခြင်း။

၅။ ညအိပ်ချိန် ထုံကျဉ်ပြီး လန့်နိုးခြင်း၊ လျှာကိုက်မိခြင်း။

၆။ ဆီးအနီရောင်သွားခြင်း။

၇။ ပစ္စည်းများကိုင်လျှင် မကြာခဏ လွတ်ကျတတ်ခြင်း၊ ဖိနပ်ကျွတ်ထွက်ခြင်း။

၈။ ဘယ်ဘက်လက်ကိုက်ပြီး လက်မတွင် ထုံခြင်း၊ ခြေဆွဲခြင်း၊ စကားပြောလေးခြင်း။

၉။ အမျိုးသားများ ၄၅ နှစ်ကျော်လျှင် ရက်ရှည် ခြေ၊ လက်များ ထုံကျဉ်ခြင်း။

(အမျိုးသမီးများ) သွေးဆုံးချိန်တွင် ခြေ၊ လက်များ ထုံကျဉ်ခြင်း။

၁၀။ မျက်စိအမြင် ဝေဝါးခြင်း၊ ရုတ်တရက် မှောင်မဲသလိုဖြစ်ပြီးမှ ပြန်မြင်ရခြင်း။

အထက်ပါလက္ခဏာများဖြစ်လာလျှင် သတိရှိပါ။ လျင်မြန်စွာ စစ်ဆေးကုသမှု ခံယူဖို့လိုပါသည်။အချို့သူများတွင် လက္ခဏာများသည် ဖြစ်ပေါ်လာလိုက် ပြန်ပျောက်သွားလိုက် ဖြစ်နေတတ်သည်။ နာရီပိုင်းမျှ လေဖြတ်သလိုဖြစ်ပြီး အလိုအလျောက် ပြန်ကောင်းသွားသူများလည်း ရှိသည်။ ထိုသူများသည် လေဖြတ်မည့် ရှေ့ပြေးလက္ခဏာကို သတိမပြုလျှင် မကြာမီ ရှေ့နှစ်နှစ်အတွင်း လေဖြတ်နိုင်သည်ဟု သုတေသီများက ဆိုထားပါသည်။

လေဖြတ်ခြင်းသည် နာတာရှည်ရောဂါမျိုးဖြစ်ပြီး ရာနှုန်းပြည့်ပြန်ကောင်းဖို့ အလွန်ခဲယဉ်းပါသည်။ မိမိသာမက မိသားစုဝင်များပါ လူနာကို နှစ်ရှည်လများ ပြုစုပေးရင်း အချိန်ကုန်၊ ငွေကုန်၊ လူပန်းရောဂါမျိုးဖြစ်သဖြင့် ကြိုတင်သတိပြုကြရန် စေတနာဖြင့် တင်ပြလိုက်ရပေသည်။

## တောင်ပေါ်ဒေသများ မွေးမြူရေးဖွံ့ဖြိုးတိုးတက်စေရေးနှင့် ဒေသအတွင်း မွေးမြူရေးလုပ်ငန်းများ စနစ်တကျမွေးမြူနိုင်ရေးအတွက် တောင်ပေါ်တိုင်းရင်းသားများ မွေးမြူရေးဇုန်သို့ လာရောက်လေ့လာ

**နေပြည်တော် ဩဂုတ် ၁၈**

ကျေးလက်တောင်ပေါ်ဒေသများ မွေးမြူရေးဖွံ့ဖြိုးတိုးတက်စေရေးနှင့် ဒေသအတွင်း မွေးမြူရေးလုပ်ငန်းများ စနစ်တကျမွေးမြူနိုင်ရေးအတွက် ရှမ်းပြည်နယ် မိုင်းဆတ်မြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနဦးစီးမှူး ဒေါက်တာ စောထက်ဝင်းခေါင်းဆောင်သော မိုင်းဆတ်မြို့နယ်နှင့် မိုင်းတုံမြို့များမှ တောင်ပေါ်ဒေသတိုင်းရင်းသား မွေးမြူရေးဝါသနာရှင်များအဖွဲ့သည် မတ် ၈ ရက် နံနက်ပိုင်းက နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် ကံကြီးဇုန်ရှိ CP ဆိတ်မွေးမြူရေးခြံသို့ လာရောက်လေ့လာကြကြောင်း သိရသည်။

လေ့လာရေးအဖွဲ့သည် ကံကြီးဇုံရှိ CP ဆိတ်မွေးမြူရေးခြံသို့ လာရောက်လေ့လာရာ နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ဒေါက်တာကြည်သာက မွေးမြူရေးဇုန်အတွင်းရှိ မွေးမြူရေးခြံများကို လိုက်လံပြသကာ မွေးမြူရေးနည်းပညာရပ်များနှင့်သက်ဆိုင်သော မွေးမြူနည်း၊ ဆေးဝါးကုသသုံးစွဲနည်းများကို ဆွေးနွေးပြောပြခဲ့သည်။

CP ဆိတ်မွေးမြူရေးခြံတာဝန်ခံ ဦးဆန်းဝင်းက စနစ်တကျ ခြံတင်ဆိတ်မွေးမြူခြင်းကြောင့် အောင်မြင်ဖြစ်ထွန်းမှု၊ တစ်နေ့တာအစာကျွေးနှုန်းနှင့် မွေးကင်းစဆိတ်ကောင်ပေါက်လေးများကို ပြုစုစောင့်ရှောက်နည်း၊ အစာရှားပါးရာသီများတွင် ဆိတ်စာအခက်အခဲမဖြစ်ပေါ်ရေးအတွက် မြက်ချဉ်ဖတ်များပြုလုပ်သိုလှောင်နည်းများအား ရှင်းပြပေးခဲ့သည်။

လာရောက်လေ့လာသောအဖွဲ့မှ မိုင်းတုံမြို့နေသူ မွေးမြူရေးဝါသနာရှင်တိုင်းရင်းသား ဦးကျဟယ်က "ကျွန်တော်တို့ဒေသတွေမှာ မွေးမြူရေးစနစ် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် မိုင်းဆတ်၊ မိုင်းတုံမြို့များမှ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနဝန်ထမ်းများနှင့် ပူးပေါင်းဆောင်ရွက်ပြီး ယခုလေ့လာရေးခရီးစဉ်ကို ဆောင်ရွက်ခဲ့တာပါ။ လေ့လာရေးခရီးစဉ်အနေနဲ့ ရန်ကုန်၊ နေပြည်တော်မြို့ကြီးများမှ မွေးမြူရေးဇုန်တွေကို သွားရောက်လေ့လာခဲ့တယ်။ လေ့လာခွင့်ရတဲ့အတွက်ကြောင့် ကျွန်တော်တို့ မွေးမြူရေးနည်းပညာများနဲ့ မွေးမြူရေးဗဟုသုတများစွာ ရရှိစေပါတယ်။

လက်ရှိလည်း ဒေသမှာ နွားကောင်ရေ ၁၂၀၊ ကျွဲကောင်ရေ ၂၅၀၊ ဒေသဆိတ်ကောင်ရေ ၂၀၀ စတင်မွေးမြူထားပါတယ်။ ယခုခရီးစဉ်မှာ မြို့ကြီးများရဲ့ မွေးမြူရေးနည်းပညာနှင့် အောင်မြင်ဖြစ်ထွန်းနေမှုများကို ကိုယ်တိုင်မြင်တွေ့ခွင့်ရတဲ့အတွက် မိမိမွေးရပ်ဒေသပြန်လည်ရောက်ရှိသည့်အခါ မွေးမြူရေးလုပ်ငန်းများကို ဆက်လက်တိုးချဲ့လုပ်ကိုင်သွားမည်ဖြစ်ပြီး မိမိဒေသတွင်းရှိ မွေးမြူရေးဝါသနာရှင်များကိုလည်း ခရီးစဉ်တွင်ရိုက်ကူးခဲ့သော မှတ်တမ်းများကို လက်တွေ့ပြသပြီး လက်ဆင့်ကမ်း အကောင်အထည်ဖော်ဆောင်၍ ဒေသမွေးမြူရေးဖွံ့ဖြိုးတိုးတက်မှုကို ဆက်လက်မြှင့်တင်သွားမှာဖြစ်ပါတယ်" ဟု ပြောပြသည်။

ဆက်လက်၍ လေ့လာရေးအဖွဲ့သည် နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် ကံကြီးဇုန်ရှိ ကြက်မွေးမြူရေးခြံ၊ နွား၊ ဆိတ်၊ ဝက် အစရှိသော မွေးမြူရေးခြံများသို့ သွားရောက်ခဲ့ကြောင်း သိရသည်။ **ကိုမျိုး(ရွှေပေါက်ကံ)**

## မန္တလေး-မြစ်ကြီးနားရထားစတင်ပြေးဆွဲ

**မန္တလေး ဩဂုတ် ၁၈**

မန္တလေး-မြစ်ကြီးနားရထားလမ်းပိုင်းကို ဇူလိုင် ၁၆ ရက်မှစတင်၍ ၁၁ ရက်ကြာ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် တစ်လခန့်ကြာ မီးရထားအစုန်၊ အဆန်များ ယာယီပြတ်တောက်ခဲ့ရသည်။

ယခုအခါ ကောလင်း-ကန့်ဘလူ ဘူတာလမ်းပိုင်း ကံကြီး-ဇော်ချောင်းကြား သံတံတားရေတိုက်စားပျက်စီးမှုကို မြန်မာ့မီးရထား သံလမ်းအင်ဂျင်နီယာဌာနနှင့် ဝန်ထမ်းများက အချိန်နှင့်တစ်ပြေးညီ လုပ်ဆောင်ခဲ့ရာ ဩဂုတ် ၁၇ ရက်မှစတင်၍ မန္တလေးဘူတာကြီးမှ ရထားများ ပုံမှန်ပြေးဆွဲမည်ဖြစ်သည်။

မန္တလေး-မြစ်ကြီးနားလမ်းပိုင်းတွင် မြစ်ဆုံရထားမှအပ အဆန်ရထားအမှတ် (၃၃) အိပ်စင်မှာ နေ့တစ်နာရီ၊ အဆန်ရထား အမှတ် (၅၅) အထူးအမြန်ရထားမှာ မွန်းလွဲ ၂ နာရီ ၁၀ မိနစ်၊ အဆန်ရထား အမှတ် (၅၇) မှာမန္တလာရထားမှာ ညနေ ၄ နာရီ ၂၀ မိနစ်နှင့် အဆန်ရထား အမှတ် (၄၁) ဒုတိယအမြန်ရထားမှာ ည ၇ နာရီ ၄၅ မိနစ်တွင်စတင်၍ နေ့ချင်းလက်မှတ်ရောင်းစနစ်ဖြင့် အသီးသီးပြေးဆွဲမည်ဖြစ်ကြောင်း မန္တလေး-မြစ်ကြီးနားလက်မှတ် တာဝန်ခံ ဦးစောကျော်နိုင်က ပြောသည်။ **ရွှေလင်းပြည့်စုံ**

# မြိတ်မြို့တွင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် ဆိုလာလျှပ်စစ်ဓာတ်အား ထုတ်ယူသုံးစွဲရေးအတွက် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး



**မြိတ် ဩဂုတ် ၁၈**

တနင်္သာရီတိုင်းဒေသကြီးအတွင်း ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် ဆိုလာလျှပ်စစ်ဓာတ်အား ထုတ်ယူသုံးစွဲရေးအတွက် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲကို ဩဂုတ် ၁၅ ရက် နံနက် ၁၁ နာရီခွဲက မြိတ်မြို့ ပုလဲသန္တာ အပန်းဖြေဟိုတယ်တွင် ကျင်းပခဲ့သည်။

ယင်းနေ့က တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကိုက အမှာစကားပြောကြားခဲ့သည်။

ယင်းနောက် နော်ဝေနိုင်ငံ Energieia Asset Massagement EMO မှ CEO Mr.Bita နှင့် ပြည်ဖြိုးထွန်းအင်တာနေရှင်နယ်ကုမ္ပဏီလီမိတက် ဥက္ကဋ္ဌ ဒေါက်တာအောင်လွင်တို့က ဆိုလာလျှပ်စစ်ဓာတ်အား ထုတ်ယူသုံးစွဲရေး ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် တနင်္သာရီတိုင်းဒေသကြီးအတွင်း ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် ဆိုလာလျှပ်စစ်ဓာတ်အား ထုတ်ယူသုံးစွဲရေးအတွက် နားလည်မှုစာချွန်လွှာကို တနင်္သာရီတိုင်းဒေသကြီး လျှပ်စစ်နှင့်စက်မှုဝန်ကြီး ဦးဝင်းဆွေနှင့် နော်ဝေနိုင်ငံ Energieia Asset Massagement EMO မှ CEO Mr.Bita၊ ပြည့်ဖြိုးထွန်းအင်တာနေရှင်နယ် ကုမ္ပဏီလီမိတက် ဥက္ကဋ္ဌ ဒေါက်တာအောင်လွင်တို့က လက်မှတ်ရေးထိုးခဲ့ကြသည်။

**မြိတ်ခရိုင်(ပြန်/ဆက်)**

## ကျိုင်းတုံမြို့၌ အသံမစဲမဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်

**ကျိုင်းတုံ ဩဂုတ် ၁၈**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ ခေမရဋ္ဌဗျာဒိတ်တော်ပေးရပ်တော်မူဘုရားကြီးတွင် သဘာဝဘေးအန္တရာယ်ကင်းဝေးရေးအတွက် အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲကို ဩဂုတ် ၉ ရက်မှ ဩဂုတ် ၁၅ ရက်အထိ ခုနစ်ရက်တိုင်တိုင် ရွတ်ဖတ်ပူဇော်ခဲ့သည်။

အဆိုပါ အသံမစဲမဟာပဋ္ဌာန်း ရွတ်ဖတ် ပူဇော်ပွဲအောင်ပွဲအခမ်းအနားကို ဩဂုတ် ၁၅ ရက် နံနက် ၉ နာရီက ခေမရဋ္ဌဗျာဒိတ်တော်ပေး ရပ်တော်မူဘုရားကြီး အာရုံခံတန်ဆောင်း၌ ကျင်းပခဲ့သည်။ **အောင်ဇင်မြင့်(ပြန်/ဆက်)**

## ပြည်ထောင်စုလွှတ်တော်ဖွံ့ဖြိုးရေးရန်ပုံငွေ ပေးအပ်

**ကမမောင်း ဩဂုတ် ၁၈**

ကရင်ပြည်နယ် ဖာပွန်ခရိုင် ကမမောင်းမြို့အတွက် ပြည်ထောင်စုလွှတ်တော်ဖွံ့ဖြိုးရေးရန်ပုံငွေ ပထမအရစ်ပေးအပ်ပွဲအခမ်းအနားကို ဩဂုတ် ၁၅ ရက်၌ ကမမောင်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနခန်းမ၌ ပြုလုပ်ရာ ကရင်ပြည်နယ် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီး ဦးစောဝင်းထိန်နှင့်ဖာပွန်ခရိုင်၊ ကမမောင်းမြို့နယ် ဌာနဆိုင်ရာများ ကျေးလက်ဒေသဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီဝင်များ၊ ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများတက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်နယ်ဘဏ္ဍာဝန်ကြီး ဦးစောဝင်းထိန်က ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၄၈၅ သိန်းမှ ပထမအရစ်အဖြစ် ၂၆၅ သိန်းကို ပေးအပ်ရာ ရပ်ကွက်၊ ကျေးရွာအုပ်စု ဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီဝင်များက လက်ခံရယူခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**

❐

## ကျောင်းများအမြန်ပြန်လည်ဖွင့်လှစ်နိုင်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ယင်းမာပင်ခရိုင် စီမံခန့်ခွဲမှုကော်မတီ ကွင်းဆင်းစစ်ဆေးဆောင်ရွက်



**ကနီ ဩဂုတ် ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့နယ်တွင် ကျေးရွာပေါင်း ၆၅ ရွာ၊ အိမ်ထောင်စု ၇၅၆၂ စုမှ အိမ်ခြေ ၇၃၄၀၊ စာသင်ကျောင်း ၂၈ ကျောင်း၊ ဘုန်းတော်ကြီးကျောင်း ၆၉ ကျောင်းတို့တွင် ချင်းတွင်းမြစ်ရေဝင်ရောက်ခဲ့ပြီး မြစ်ရေနှင့်အတူ သဲနုန်းနှင့် ညွန်များဝင်ရောက်မှုများ ရှိခဲ့သည်။

အဆိုပါ ညွန်များဝင်ရောက်မှုများကြောင့် ကျေးရွာများရှိ လမ်းများ၊ စာသင်ကျောင်းများကို ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးနှင့် အချို့စာသင်ကျောင်းများ၌ ရွှံ့ညွန်များမှာ နှစ်ပေကျော်ခန့် တင်ကျန်ခဲ့သဖြင့် ကျောင်းများအမြန်ပြန်လည်ဖွင့်လှစ်နိုင်ရေး ယင်းမာပင်ခရိုင် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဇော်မျိုးညွန့်နှင့် ခရိုင်စီမံခန့်ခွဲမှုကော်မတီဝင် ခရိုင်ပညာရေးမှူး ဦးအောင်စိုး၊ ခရိုင်စိုက်ပျိုးရေးဦးစီးမှူး ဦးသန်းထွန်း၊ ခရိုင်မြေစာရင်းဦးစီးမှူး ဦးမျိုးမင်းခိုင်၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးထိန်စိုးနှင့် မြို့နယ်ပြန်လည်ထူထောင်ရေးကော်မတီဝင်များသည် ဩဂုတ် ၁၂ ရက်က ယင်းကျေးရွာအုပ်စု၊ ကင်းကျေးရွာအုပ်စုနှင့် မဲဒင်ကျေးရွာအုပ်စုများရှိ ချင်းတွင်းမြစ်ရေဝင်ရောက်၍ လယ်ယာမြေများနှင့် စိုက်ပျိုးသီးနှံများ ပျက်စီးဆုံးရှုံးမှုများနှင့် အခြေခံပညာကျောင်းဝင်းများနှင့် စာသင်ခန်းများအတွင်း ညွန်ဝင်ရောက်မှုများ ကွင်းဆင်းစစ်ဆေး၍ ကျောင်းသန့်ရှင်းရေးများကို ဆရာ၊ ဆရာမများနှင့် ကျေးရွာပြည်သူလူထု ပေါင်းစပ်ဆောင်ရွက်နိုင်ရေးတို့ကို ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြို့နယ်ပြန်လည်ထူထောင်ရေးကော်မတီမှ လူမှုရေးပရဟိတအဖွဲ့များနှင့် အလှူရှင်များမှ လှူဒါန်းငွေများကို စာသင်ကျောင်းများအမြန်ပြန်လည်ဖွင့်လှစ်နိုင်ရန်အတွက် မြို့နယ်အတွင်းမှ ရေဝင်ရောက်၍ ညွန်များတင်ကျန်ခဲ့သည့် အခြေခံပညာကျောင်းများ သန့်ရှင်းရေးများဆောင်ရွက်နိုင်ရေး ကျောင်းတစ်ကျောင်းကို ငွေကျပ်တစ်သိန်းစီ ထောက်ပံ့လှူဒါန်းပေးအပ်ခဲ့ကြောင်း သိရသည်။

**သန်းဌေးအောင်(ကနီ)**

## ၂၀၁၅–၂၀၁၆ပညာသင်နှစ် ကျောင်းပြင်ပမူလတန်းပညာရေးလုပ်ငန်းဖွင့်ပွဲကျင်းပ

**မန္တလေး ဩဂုတ် ၁၈**

မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်၌ ၂၀၁၅-၂၀၁၆ ပညာသင်နှစ် ကျောင်းပြင်ပ မူလတန်းပညာရေးလုပ်ငန်းဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၁၄ ရက် နံနက် ၉ နာရီက မန္တလေးချမ်းမြသာစည်မြို့နယ် အမှတ်(၂၆) အခြေခံပညာအထက်တန်းကျောင်း တကောင်းသစ္စာခန်းမ၌ကျင်းပရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့် တက်ရောက် အမှာစကားပြောကြားခဲ့သည်။

ရှေးဦးစွာ အမှတ်(၂၆)အခြေခံပညာအထက်တန်းကျောင်း ကျောင်းသူများက ရခိုင်ဆီမီးခွက်အကဖြင့် အခမ်းအနားကို ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကားပြောကြားရာ၌ ကျောင်းပြင်ပ မူလတန်းပညာရေးအစီအစဉ်သည် အသက် ၅ နှစ်မှ ၉ နှစ်အတွင်း အခြေခံပညာမူလတန်းအဆင့်ကို သင်ယူပြီးမြောက်ခြင်းမရှိဘဲ ပထမဦးဆုံးရရှိသည့်အခွင့်အလမ်းကို လက်လွတ်ဆုံးရှုံးသွားကြသည့် ကလေးငယ်များအတွက် သင်ယူခွင့်ရရှိအောင် ဖန်တီးပေးသည့် ဒုတိယအခွင့်အလမ်းပညာရေး (Second Chance Education) ဖြစ်ကြောင်း၊ ပညာတတ်မှသာ စဉ်းစားတွေးခေါ် အမြော်အမြင် ဆင်ခြင်တုံတရားပြည့်စုံသည့် လူငယ်များပေါ်ထွက်လာမည်ဖြစ်ကြောင်း၊ ယခုဆောင်ရွက်နေသည့် ကျောင်းပြင်ပမူလတန်းပညာရေးကို ဌာနဆိုင်ရာများ၊ အလှူရှင်များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင်များ၊ ကျောင်းသားမိဘများပူးပေါင်း၍ စိတ်ကောင်းစေတနာကောင်းဖြင့် ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားခဲ့သည်။

ဆက်လက်၍ မြန်မာနိုင်ငံ စာတတ်မြောက်မှုအထောက်အကူပြုပင်မဌာန ဗဟိုညှိနှိုင်းရေးမှူးနှင့် မြို့နယ်ပညာရေးမှူး ဦးစိုးမြင့်တို့က ကျောင်းပြင်ပမူလတန်းပညာရေး ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြခဲ့သည်။ ကျောင်းပြင်ပမူလတန်းပညာရေး ဗဟိုအဆင့်သင်တန်းတွင် ဆုရရှိသော မြို့နယ်ကြီးကြပ်ရေးမှူးအား ဆုချီးမြှင့်ခဲ့ပြီး အလှူရှင်များက အလှူငွေနှင့် ကျောင်းသုံးဗလာစာအုပ်များ ပေးအပ်လှူဒါန်းခြင်းများ အသီးသီးဆောင်ရွက်ခဲ့သည်။

မန္တလေးတိုင်းဒေသကြီးအတွင်း ၂၀၁၅-၂၀၁၆ ပညာသင်နှစ် ကျောင်းပြင်ပမူလတန်းပညာရေးလုပ်ငန်းများကို အောင်မြေသာစံမြို့နယ်၌ ကျောင်းသား ၂၆ ဦး၊ ကျောင်းသူ ၂၃ ဦး၊ ချမ်းအေးသာစံမြို့နယ်၌ ကျောင်းသား ၁၁ ဦး၊ ကျောင်းသူ ၆ ဦး၊ မဟာအောင်မြေမြို့နယ်၌ ကျောင်းသား ၁၄၀၊ ကျောင်းသူ ၃၂ ဦး၊ ချမ်းမြသာစည်မြို့နယ်၌ ကျောင်းသား ၉၈ ဦး၊ ကျောင်းသူ ၃၂ ဦး၊ ပြည်ကြီးတံခွန်မြို့နယ်၌ ကျောင်းသား ၁၁၅ ဦး၊ ကျောင်းသူ ၁၂၆ ဦး၊ ပြင်ဦးလွင်မြို့နယ်၌ ကျောင်းသား ၄၂ ဦး၊ ကျောင်းသူ ၅ ဦး၊ သပိတ်ကျင်းမြို့နယ်၌ ကျောင်းသား ၉၃ ဦး၊ ကျောင်းသူ ၂၀ ဦး စုစုပေါင်း ကျောင်းသား၊ ကျောင်းသူ ၇၇၀ အား ကျောင်းပြင်ပမူလတန်းပညာရေးလုပ်ငန်းဖွင့်လှစ်၍ သင်ကြားပေးလျက်ရှိသည်။

**သီဟကိုကို(မန္တလေး)**

## အရင်းမပျောက်လည်ပတ်ရန်ပုံငွေဖြင့် ၂၀၁၄–၂၀၁၅ဘဏ္ဍာရေးနှစ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းများဖွဲ့စည်း

**ဘားအံ ဩဂုတ် ၁၈**

ကရင်ပြည်နယ်အတွင်း မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိရေးတွင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအတွက် လိုအပ်သောအရင်းအနှီးများရရှိစေရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းအား အရင်းမပျောက် လည်ပတ်ရန်ပုံငွေများဖြင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ကျေးရွာ ၄၅ ရွာဆောင်ရွက်ပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ကျေးရွာ ၈၀ ရွာကို အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းသို့ဆောင်ရွက်ရာတွင် ဘားအံခရိုင်တွင် ကျေးရွာ ၁၂ ရွာအား ဩဂုတ်လကုန်အပြီး ဆောင်ရွက်သွားမည်ဖြစ်ရာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် သာနုံးကျေးရွာ၊ ဗျက္ခကျေးရွာအုပ်စုမှ ဗျက္ခကျေးရွာ၊ မိသရောင်ကျေးရွာအုပ်စုမှ ကျွန်းရွာကျေးရွာ၊ ကော့ထမ္မလိန်းကျေးရွာအုပ်စုမှ ပိုင်ရမ်းကျေးရွာတို့တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော်မတီဖွဲ့စည်းခြင်းအား ကရင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးမှူး ဦးနေဦး၊ ဘားအံခရိုင်ဦးစီးမှူး ဦးစောကျော်မင်း၊ မြို့နယ်ဦးစီးမှူး ဦးခင်မောင်ဝင်းနှင့် ဝန်ထမ်းများသည် ကျေးရွာပြည်သူများမှ မဲစနစ်ဖြင့် ကျေးရွာအဆင့် မြစိမ်းရောင်ရန်ပုံငွေကြီးကြပ်မှုကော်မတီနှင့် ဘဏ္ဍာရေးဆပ်ကော်မတီဝင်များအား ရွေးချယ်ဆောင်ရွက်ပေးနေကြောင်း သိရသည်။

**နန်းမျိုးနွယ်(ဘားအံ)**

## အောင်လံမြို့နယ်တွင် ရေဘေးသင့် စာသင်ကျောင်းနှင့် လူနေအိမ်များသို့ ကူးစက်ရောဂါကာကွယ်ရေးဆေးများဖျန်းပေး

**အောင်လံ ဩဂုတ် ၁၈**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် အောင်လံမြို့နယ်တွင် ဧရာဝတီမြစ်ရေကျဆင်းပြီးနောက် ပြန်လည်ထူထောင်ရေးလုပ်ငန်း၊ သန့်ရှင်းရေးလုပ်ငန်း၊ ကျန်းမာရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၁၅ ရက် နံနက် ၁၀ နာရီက မြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ၏စီစဉ်မှုဖြင့် ကူးစက်ရောဂါကာကွယ်ရေး ဆေးများလိုက်လံဖျန်းပေးခဲ့သည်။

အဆိုပါဆေးဖျန်းမှုအား ကန်ကြီးရပ်ကွက် ဒေသအရန်မီးသတ်ဖွဲ့ ဒုတပ်ရင်းမှူး ဦးမြင့်ဝင်းနှင့်အဖွဲ့သည် ဧရာဝတီမြစ်ရေဝင်ရောက်သဖြင့် ပြန်လည်ဖွင့်လှစ်နိုင်ခြင်းမရှိသေးသော အ.ထ.က(၂) ကျောင်းနှင့် သရက်တောရပ်ကွက်၊ ကန်ကြီးရပ်ကွက်တို့ရှိ မူလတန်းကျောင်းများ၊ နေအိမ်များကို ဆေးများလိုက်လံ၍ဖျန်းပေးခဲ့သည်။

ယင်းသို့ဆေးဖျန်းရာတွင် လိုအပ်သော ကိုရီးယားနိုင်ငံလုပ် Super Fogger T-H 150 ဆေးဖျန်းစက်နှစ်လုံး တန်ဖိုးငွေကျပ် ၁၃၀၀၀၀၀ ကို ရန်ကုန်မြို့နေ ဒေါက်တာတင့်စိုးလင်းနှင့် ညီအစ်ကိုမောင်နှမများ (ရွှေပုဇွန်) မိသားစုမှ ကန်ကြီးရပ်ကွက်ဒေသအရန်မီးသတ်တပ်ဖွဲ့သို့ လှူဒါန်းခဲ့ခြင်းဖြစ်ပြီး ကျန်းမာရေးအထောက်အကူပြု ဆေးဖျန်းခြင်းအစီအစဉ်အား မြို့နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးကျော်ခိုင်ထွန်းက ကန်ကြီးရပ်ကွက် ဒေသအရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့်အတူ ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သိန်းလွင်(ပြန်/ဆက်)**

ဆောင်းပါး

# ကော်ဖီအကြောင်းတစေ့တစောင်း

a ပေါက်ပေါက်



၉ ရာစုလောက်ကတည်းက၍ အီသီယိုးပီးယားနိုင်ငံမှာ ကော်ဖီစတင်သောက်သုံးခဲ့ကြပြီး ၁၅ ရာစုနှစ်တွင် အာရပ်လူမျိုးတို့သည် အာရှ၏ Yemeni ခရိုင်တွင် ကော်ဖီပင်များကို ပထမဦးဆုံး စီးပွားဖြစ်စိုက်ပျိုးကာ ကုန်သွယ်မှု ပြုလုပ်လာခဲ့ကြပါသည်။ ၁၆ ရာစုနှစ်ရောက်တဲ့အခါမှာတော့ အာရေဗျဝိုင်လို့ ရေပန်းစားလာခဲ့ပြီး ကော်ဖီသည် ပါရှား၊ အီဂျစ်၊ ဆီးရီးယား၊ တူရကီ စသည့်အာရပ်ဒေသများအထိ နေရာယူလာခဲ့ပါသည်။ မွတ်ဆလင်ဘာသာ၏ ကိုရမ်ကျမ်းများတွင် မူးယစ်အရက်သေစာသောက်သုံးခြင်းကို တားမြစ်ထားသည့်အတွက် စိတ်ကိုတက်ကြွလှုံ့ဆော်ပေးနိုင်သည့် ကော်ဖီကို အစားထိုးသောက်သုံးလာခဲ့ကြပါသည်။ မွတ်လဆင်ဘာသာရေးအထွတ်အထိပ်မြို့တော် မက္ကာ (Mecca) သို့ နှစ်စဉ်နှစ်တိုင်း တစ်ကမ္ဘာလုံးရှိ ဘုရားဝတ်ပြုဆုတောင်းသူ ထောင်ပေါင်းများစွာလာရောက်ကြရာ ၎င်းတို့သည် 'အာရေဗျဝိုင်' ဟုခေါ်သော 'ကော်ဖီ ' ကို နှစ်ခြိုက်စွာ သောက်သုံးခဲ့ကြပါသည်။

ထိုမှအစပြု၍ အာရေဗျကျွန်းဆွယ်၏ ကော်ဖီသည် တစ်ဦးတည်းမူပိုင်ကုန်သွယ်မှုပစ္စည်းအဖြစ် တစ်ကမ္ဘာလုံးသို့ ကုန်သွယ်ဖောက်ကားလာခဲ့ပါတော့သည်။ ၁၆၁၅ ခုနှစ်တွင် ဗင်းနစ်သို့ ကော်ဖီရောက်ရှိလာခဲ့ပါသည်။ ဗင်းနစ်ရှိ ဒေသခံခရစ်ယာန်ဘုန်းတော်ကြီးများသည် ကော်ဖီကို မူးယစ်သေစာတစ်မျိုးဖြစ်၍ သောက်သုံးရန်မသင့်ဟု ပြစ်တင်ရှုတ်ချခဲ့ပါသည်။ ထိုအခါ ဘုန်းတော်ကြီးများနှင့် ပြည်သူများအကြား အငြင်းပွားမှုကို ပုပ်ရဟန်းမင်းကြီး Clement VIII က ကြားဝင်ဖျန်ဖြေပေးခဲ့ရပါသည်။ ပုပ်ရဟန်းမင်းကြီးက ဆုံးဖြတ်ချက်မချမှတ်ခင် ကော်ဖီကို မြည်းစမ်းသောက်သုံးကြည့်ရာ စိတ်ကျေနပ်မှုကိုဖြစ်ပေါ်စေခဲ့သဖြင့် ကော်ဖီကိုသောက်သုံးရန် ထောက်ခံအားပေးခဲ့ပါသည်။

မည်သို့ပင်အငြင်းပွားမှုများ ရှိခဲ့သော်လည်းပဲ အင်္ဂလန်၊ ဩစတြေးလျ၊ ပြင်သစ်၊ ဂျာမနီ၊ ဟော်လန် စသည့်နိုင်ငံများ၏ မြို့တော်အသီးသီးတွင် ကော်ဖီဆိုင်များသည် အချိန်တိုအတွင်းမှာပင် တိုးချဲ့ဖွင့်လှစ်လာခဲ့ကြပါသည်။ ယနေ့ကမ္ဘာပေါ်တွင် စီးပွားဖြစ် ကော်ဖီအမြောက်အမြားထွက်ရှိသောနိုင်ငံများမှာ ဘရာဇီး၊ ကိုလံဘီယာ၊ ဟာဝိုင်ယီ၊ ကော်စတာရီကာ ဒိုမီနီကန်၊ အီကွေဒေါ၊ အီသီယိုးပီးယား၊ ဂွါတီမာလာ၊ ဟေတီ၊ ဟွန်ဒူးရက်စ်၊ အင်ဒိုနီးရှား၊ ဂျမေကာ၊ ကင်ညာ၊ မာလဝီ၊ မက္ကဆီကို၊ Nicaragua၊ Popua New Guinea၊ Tanzania၊ ယူဂန်ဒါ၊ ဗင်နီဇွဲလား၊ ဇမ်ဘီယာ၊ ဇင်ဘာဘွေ၊ ပြင်သစ် စသည်ဖြင့် နိုင်ငံပေါင်း ၈၀ ခန့်ရှိပါသည်။

ကော်ဖီစေ့မှ ကော်ဖီတစ်ခွက်ရရှိရန်အတွက် အချိန်အများကြီးဖြတ်သန်းလာရပါသည်။ ဦးစွာပထမ ကော်ဖီစေ့ကို အပင်ပျိုးပေးရပါသည်။ ထိုပျိုးပင်ကလေးများကို မြေဆီလွှာပြုပြင်ထားသော စိုက်ခင်းသို့ရွှေ့ပြောင်းစိုက်ပျိုးပေးရပါသည်။ ရေကြိုက်သောအပင်အမျိုးအစားဖြစ်ပါသည်။ ပျိုးပင်လေးများ ၂ နှစ်ခွဲခန့်ကြာသောအခါ ပန်းပွင့်ပါသည်။ ထိုပန်းပွင့်မှ အနီရောင်ကော်ဖီအသီးကို သီးပေးပါသည်။ အနီရောင်အသီး၏ အလည်ခေါင်တည့်တည့်တွင် အစိမ်းရောင်ကော်ဖီစေ့ နှစ်လုံးစီပါရှိကြပါသည်။ အနီရောင်သီးများသည် ရင့်မှည့်လာချိန်တွင် နီညိုရောင်အဖြစ်ပြောင်းလဲသွားရာ ခူးဆွတ်နိုင်ပါပြီ။ ခူးဆွတ်ပြီးသောကော်ဖီသီးများကို နေဖြင့် အခြောက်ခံကြသလို စက်ဖြင့်လည်း အခြောက်ခံကြပါသည်။ ခြောက်သွားသောအသီးများကို စက်ဖြင့် အခွံချွတ်ကြပါသည်။ ထို့နောက် ရရှိလာသော ကော်ဖီစေ့များကို အရွယ်အစား၊ အဆင့်အတန်းခွဲကာ ဂုံလျှော်အိတ်ထဲထည့်၍ အစိမ်းရောင်ကော်ဖီ (ခေါ်) ကော်ဖီကုန်ကြမ်းများအဖြစ် နိုင်ငံတကာသို့ သင်္ဘောဖြင့်တင်ပို့ရောင်းချကြပါသည်။

ယေဘုယျအားဖြင့် အစိမ်းရောင်ကော်ဖီစေ့များကို လှော်စက်ထဲထည့်ကာ ၅၅၀ ဒီဂရီဖာရင်ဟိုက်အထိ အပူပေးလှော်ရပါသည်။ ကော်ဖီစေ့များသည်အညိုရောင်သို့ပြောင်းသွားကာ အစေ့သည် အတန်ငယ်ဖောင်းကြွလာပြီး ရနံ့လည်းမွှေးလာပါသည်။ ကော်ဖီစေ့များလတ်ဆတ်လေလေ ရနံ့မွှေးလေလေဖြစ်ပါသည်။ လှော်ထားသောထိုကော်ဖီစေ့များသည် ပါးစပ်ဖြင့်ကျွတ်ကျွတ်ကိုက်ဝါး၍ရသောအခြေအနေသို့ ပြောင်းလဲလာပါက ၎င်းတို့ကိုလှော်စက်ထဲမှ ချက်ချင်းထုတ်ယူပြီးနောက် အအေးခံပေးရပါသည်။ ထို့နောက်အမှုန့်ကြိတ်စက်ထဲထည့်ကာ ကော်ဖီမှုန့်ရအောင် ကြိတ်ချေပေးရပါသည်။

သို့သော် လူတစ်ကိုယ်အကြိုက်တစ်မျိုးစီရှိတတ်ပေရာ ကော်ဖီကိုလှော်သောအခါတွင် မီးအပူရှိန်ကို အလျော့အတင်းချိန်ဆပေးခြင်းအားဖြင့်- (၁) Light Roast (၂) Medium Roast (၃) Medium-dark Roast (၄) Dark Roast ဟူ၍ မတူညီသောအမျိုးအစား ၄ မျိုး ကော်ဖီအရသာတို့ကို စားသုံးသူများစိတ်ကြိုက် ရွေးချယ်နိုင်ပါသည်။ (၁) Light Roast ဖြင့်လှော်ထားသော ကော်ဖီစေ့သည် အညိုရောင်ဖျော့ဖျော့ဖြစ်ပါသည်။ အချိန်အကြာကြီး မလှော်ထားသည့်အတွက် ကော်ဖီစေ့၏မျက်နှာပြင်တွင် အဆီမထွက်ဘဲ ၎င်းကိုကြိတ်ချေ၍ ရရှိလာသော ကော်ဖီမှုန့်၏ အရသာသည်လည်း ခပ်ပျော့ပျော့ဖြစ်ပါသည်။ (၂)Medium Roast ဖြင့်လှော်ထားသော ကော်ဖီစေ့၏ အရောင်မှာ အညိုရောင်ဖြစ်ပါသည်။ Light Roast ကဲ့သို့ပင်၊ ကော်ဖီစေ့၏ မျက်နှာပြင်တွင် အဆီမထွက်သော်လည်းဘဲ အနံ့အရသာကတော့ Light Roast ထက် နည်းနည်းပိုပြင်းပါသည်။ ထိုအရသာမျိုးကိုအမေရိကန်တို့ စွဲလမ်းနှစ်ခြိုက်

## အမေရိကန်ပြည်ထောင်စုရှိ Cornell တက္ကသိုလ်မှ ထုတ်ပြန်ထားတဲ့ လေ့လာတွေ့ရှိမှုအသစ်အရ ကော်ဖီသောက်သုံးသူသည် မျက်လုံးအားတိုးစေပြီး မျက်စိမှုန်. .

ကြသည်ဟု သိရပါသည်။ (၃) Medium Dark Roast ဖြင့် လှော်ထားသောကော်ဖီစေ့၏အရောင်မှာ အညိုရင့်ရောင်ဖြစ်ပြီး ကော်ဖီစေ့၏မျက်နှာပြင်သည် အဆီဝေ့၍ ပြောင်ချောနေပါသည်။ အရသာမှာ အတန်ငယ်ချိုခါးပါသည်။ ထိုအရသာမျိုးကို ကမ္ဘာပေါ်ရှိ ကော်ဖီကြိုက်သူအများစုက ခံတွင်းတွေ့ကြကြောင်း သိရပါသည်။ (၄) Dark Roast ဖြင့်လှော်ထားသော ကော်ဖီစေ့၏အရောင်မှာ အနက်ရောင်ဖြစ်ပြီး အစေ့၏အပေါ်ယံမျက်နှာပြင်သည် အဆီများထွက်ကာ ပြောင်လက်နေပါသည်။ အရသာမှာ ခါးသက်ပါသည်။ ထိုကော်ဖီခါးခါးကို Espresso ကော်ဖီအဖြစ် အီတလီနှင့် ပြင်သစ်နိုင်ငံများတွင် လူကြိုက်များ ရေပန်းစားလျက်ရှိပါသည်။

ကော်ဖီကောင်းတစ်ခွက်ရရှိရန်အတွက် ဝယ်ထားသော ကော်ဖီမှုန့်ကို သင့်အိမ်တွင်စနစ်တကျသိမ်းဆည်းထားတတ်ဖို့လိုပါသည်။ လတ်လတ်ဆတ်ဆတ်ထုတ်လုပ်ထားသော ကော်ဖီမှုန့်ရက်စွဲကို စစ်ဆေးကြည့်ရှုကာ မိမိအိမ်တွင် လေလုံသောဖန်ပုလင်း (သို့မဟုတ်) ကြွေပုလင်းထဲတွင် သိမ်းဆည်းထားရပါမည်။ လေသလပ်ခြင်း၊ ပူလွန်းသောနေရာနှင့် ရေခဲသေတ္တာထဲတွင်သိမ်းဆည်းထားခြင်းက ကော်ဖီ၏အရသာကိုပျက်ပြယ်စေပါသည်။ ကော်ဖီမှုန့်အရည်အသွေး မည်မျှပင်ကောင်းစေကာမူ ထိုကော်ဖီမှုန့်ကို ကျွမ်းကျင်စွာနှပ်တတ်မှသာအရသာရှိသောကော်ဖီကို သောက်သုံးနိုင်မည် ဖြစ်ပါသည်။ ကော်ဖီနှပ်အိုးထဲသို့ ရေအေးအေး ခြောက်အောင်စတွင် ကော်ဖီမှုန်တစ်ဇွန်းမှ နှစ်ဇွန်း (စားပွဲတင်ဇွန်း) ထည့်၍ အပူချိန် ၁၉၅ ဒီဂရီဖာရင်ဟိုက်တွင် ငါးမိနစ်ကြာမျှ နှပ်ပေးရပါမည်။ ထို့ထက်ပို၍ အပူရှိန်ပြင်းပြင်းဖြင့် အချိန်ကြာမြင့်စွာနှပ်ပါက ကော်ဖီ၏အရသာမှာလည်း ပျက်ပြယ်သွားတတ်ပါသည်။ နှပ်ထားသောကော်ဖီကို ၄၅ မိနစ်အတွင်း သောက်သုံးသင့်ပါသည်။ အေးသွားပါက ကော်ဖီ၏အရသာကို ခံစားနိုင်မည်မဟုတ်ပါ။ ထို့ပြင် ကော်ဖီမှုန့်ကို တစ်ကြိမ်သာ နှပ်သင့်ပါသည်။

ဆေးပညာရှုထောင့်မှကြည့်ပါလျှင် ကဖိန်းဓာတ်သည် အနာအကိုက်အခဲများကို သက်သာပျောက်ကင်းစေနိုင်သဖြင့်၊ ၁၅၈၃ ခုနှစ်တွင် ဂျာမန်ဆရာဝန် Leonhard Rauwolf ဆိုသူသည် လူနာများကို ကော်ဖီသောက်ရန် ဆေးညွှန်းပေးခဲ့ကြောင်း မှတ်သားရပါသည်။ ကဖိန်းဓာတ်သည် စိတ်ကိုလန်းဆန်းစေပါသည်။ ဇရာကြောင့်ဖြစ်ပေါ်သော စိတ်ကစဥ့်ကလျားဖြစ်ခြင်း၊ ခြေတုန်လက်တုန်ဖြစ်ခြင်းနှင့် စိတ်ဓာတ်ကျခြင်း စသည်တို့ဖြစ်ပေါ်လာမှုကို နှောင့်နှေးစေပါသည်။ ဂေါက်ရောဂါကို သက်သာစေပြီး ဝမ်းပျော့စေကာ ဆီးကိုလည်းသက်စေပါသည်။ အရေပြားကင်ဆာနှင့် ရင်သားကင်ဆာတို့ကိုလည်း ဟန့်တားပေးနိုင်ပါသည်။ အမေရိကန်ပြည်ထောင်စုရှိ Cornell တက္ကသိုလ်မှ ထုတ်ပြန်ထားတဲ့ လေ့လာတွေ့ရှိမှုအသစ်အရ ကော်ဖီသောက်သုံးသူသည် မျက်လုံးအားတိုးစေပြီး မျက်စိမှုန်ခြင်း၊ ကန်းခြင်း မဖြစ်အောင်ပါ ကာကွယ်ပေးကြောင်း သိရပါသည်။ မျက်လုံးထဲရှိ retina အလွှာမှာ အလင်းရောင်ကို ခံစားတဲ့ပြန်နိုင်သောဆဲလ်ပေါင်း သန်းချီနဲ့ ဖွဲ့စည်းထားခြင်းဖြစ်ကြောင်း၊ အောက်ဆီဂျင်ဓာတ်ချို့တဲ့ခြင်း၊ radical (ခေါ်) unpaired electron များ ထွက်ရှိခြင်းကြောင့် မျက်လုံးအမြင်အာရုံကို ချို့တဲ့စေပြီး အချိန်ကြာလာသည်နှင့်အမျှ ကန်းသွားစေနိုင်ကြောင်း၊ ၎င်းပြဿနာအတွက် ကော်ဖီထဲတွင်ပါရှိသော antioxidant တစ်မျိုးဟာ အောက်ဆီဂျင်ဓာတ်တိုးစေပြီး radical တွေကို ဖယ်ရှားပေးနိုင်ကြောင်း၊ ဒါကြောင့် သေဆုံးသွားတဲ့ retina က အလင်းဆဲလ်တွေကို ပြန်လည်အစားထိုးမယ့်ဆဲလ်တွေ မွေးဖွားပေးစေပြီး အမြင်တိုးတက်လာစေမှာဖြစ်ကြောင်း၊ သို့ပါ၍ ကော်ဖီကို ပုံမှန်သောက်သုံးသူတွေဟာ သောက်သုံးလေ့မရှိသူများနဲ့စာရင် အမြင်အာရုံပိုကောင်းပြီး မျက်လုံးကန်းနိုင်ချေ နည်းပါးသွားကြောင်း သိရပါသည်။

၂၀၁၅ ခုနှစ် နှစ်လယ်ပိုင်းတွင် အီတလီနိုင်ငံ ဘာရီမြို့ရှိ ဆေးဝါးသုတေသနပညာရှင်များက အသက်အရွယ်ကြီးရင့်သူ ၁၄၀၀ အား စမ်းသပ်လေ့လာခဲ့ပြီး အလယ်အလတ်စား ကော်ဖီသောက်သုံးသည့်အလေ့အကျင့်သည် ဦးနှောက်ကျန်းမာရေးကို အထောက်အကူပြုနေကြောင်း တွေ့ရှိခဲ့ပါသည်။ အဆိုပါလေ့လာမှုအား အီတလီ ဘာရီ အယ်လ်ဒိုမော်ရိုတက္ကသိုလ်မှ သုတေသီများက ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး အသက်(၆၅)နှစ်မှ (၈၄)နှစ်အရွယ်ကြား အီတလီသက်ကြီးပိုင်း ၁၄၄၅ ဦး၏ ကော်ဖီသောက်သုံးခြင်းနှင့် အာရုံကြောဆိုင်ရာ ကျန်းမာသန်စွမ်းခြင်း ဆက်နွယ်နေမှုအပေါ် သုံးနှစ်ကြာအချိန်ယူ၍ လေ့လာသွားခဲ့ခြင်းဖြစ်သည်။

လေ့လာမှုအရ နေ့စဉ် ကော်ဖီနှစ်ခွက်သောက်သုံးခြင်းသည် ဦးနှောက်၏စွမ်းအင်ကို တိုးတက်လာစေနိုင်ကြောင်း တွေ့ရှိခဲ့သည်။ အဆိုပါတွေ့ရှိမှုအား ဦးနှောက်အမေ့လွန်ရောဂါနှင့်ပတ်သက်သည့် အယ်လ်ဇိုင်းမားဂျာနယ်တွင် ပုံနှိပ်ဖော်ပြခဲ့သည်။ သုတေသီများက အယ်လ်ဇိုင်းမားနှင့် အခြားအာရုံကြောဆိုင်ရာ ရောဂါများကို ကော်ဖီက တားဆီးပေးနိုင်စွမ်းရှိကြောင်း တွေ့ရှိခဲ့ခြင်းဖြစ်သည်။

သို့သော် လောကနိယာမအရ အကောင်းနှင့်အဆိုး၊ အားနည်းချက်နှင့်အားသာချက်တို့သည် အမြဲတွဲနေတတ်ပါသည်။ American Dietetic Association က လူတစ်ဦးချင်းစီ၏ စားသောက်နှုန်းသည် တစ်နေ့လျှင် ကဖိန်းဓာတ် ၂၀၀-၃၀၀ mg ထက် မပိုသင့်ပါ သို့မဟုတ်ပါက အိပ်ပျက်စေခြင်း၊ အရိုးပါးစေခြင်း၊ ကိုလက်စထရောများစေခြင်း၊ အစာအိမ်နှင့်အူလမ်းကြောင်းအတွင်း ဖုံးလွှာများကိုထိခိုက်စေခြင်း၊ သွားများကိုညိုစေခြင်း၊ သွေးဖိအားတက်စေခြင်းနှင့် အသည်းကို ထိခိုက်စေနိုင်ပါသည်။ ကိုယ်ဝန်ဆောင်မိခင်များ အလွန်အကျွံသောက်သုံးပါက သားလျှောသားပျက်စေခြင်း၊ သံဓာတ်နည်း၊ သွေးအားနည်းရောဂါနှင့် နှလုံးသွေးကြောရောဂါတို့ကို ဖြစ်စေသည်။

ယနေ့ကမ္ဘာပေါ်တွင် သောက်သုံးစရာ Beverage အမျိုးမျိုးရှိကြပါသည်။ ၎င်းတို့အနက် ကော်ဖီသည် ပေါ်ပြူလာအဖြစ်ဆုံးနှင့် အသက်အပိုင်းအခြားမရွေး၊ လူမျိုးဘာသာမရွေး တွင်ကျယ်စွာသောက်သုံးနိုင်သည့် အရည်တစ်မျိုးဖြစ်ပါသည်။ နာမည်ကြီးစာရေးဆရာ (အိုလီဗာ-ဟုမ်းစ်)၏ Over the Teacups ထဲတွင် 'အိပ်ရာထသောက်ရတဲ့ကော်ဖီတစ်ခွက်ကရတဲ့ လန်းဆန်းတက်ကြွမှုနဲ့ ခွန်အားမျိုးကို ညနေခင်းလက်ဖက်ရည်ကနေ ပြန်ထပ်လုပ်မပေးနိုင်ဘူး' ဟု ညွှန်းဆိုထားပါသည်။

မြန်မာပြည်တွင် ကော်ဖီရောက်ရှိလာပုံကိုတိတိကျကျ သမိုင်းအထောက်အထားများဖြင့် ဖော်ပြထားခြင်း မရှိသော်လည်း တောင်ငူခေတ် နတ်ရှင်နောင်လက်ထက်တွင် ပေါ်တူဂီကုန်သည်များသည် အောက်မြန်မာပြည်သို့လာရောက်၍ ကုန်သွယ်ကူးလူးဆက်ဆံလာကြကာ ကော်ဖီနှင့် စပျစ်ဝိုင်များ သောက်သုံးကြသည့်သမိုင်းအတိအကျကိုတော့ လေ့လာတွေ့ရှိရပါသည်။ မည်သို့ပင်ဆိုစေကာမူ ယနေ့မြန်မာနိုင်ငံသားများအပါအဝင် လူသားအားလုံးသည် ကော်ဖီကို နံနက်အိပ်ရာထ၊ နေ့လယ်အဆာပြေနှင့် ညနေခင်းအပျင်းပြေအဖြစ် နှစ်ခြိုက်စွာသောက်သုံးလျက်ရှိကြပါသည်။ ထို့ပြင် ကျောင်းသားကျောင်းသူများကလည်း ခေါင်းကြည်စေရန်အတွက်၊ အချို့လူနာများကလည်း ဆေးသောက်ရလွယ်ကူစေရန်အတွက် စသည့်အကြောင်းအမျိုးမျိုးဖြင့် သောက်သုံးလျက်ရှိကြပါသည်။

နှပ်၍သောက်ရသော ကော်ဖီများသာမကအလွန်ခါးသော Maxwell ကော်ဖီ၊ ကော်ဖီ Latte၊ Ness ကော်ဖီ၊ မိုခါး၊ Cappuccino, Espresso, Creamy, Floating ကော်ဖီ၊ Black ကော်ဖီ၊ Decaf (ခေါ်) ကဖိန်းဓာတ်ပါဝင်မှုအလွန်နည်းသောကော်ဖီ စသည်ဖြင့် တံဆိပ်အမျိုးမျိုးနှင့် နိုင်ငံစုံ Ready Made (2 in 1), (3 in 1) ကော်ဖီများကို ကော်ဖီဆိုင်ထိုင်၍သော်လည်းကောင်း၊ မိမိအိမ်တွင်လည်းကောင်း သောက်သုံးနေကြပါသည်။ မြန်မာပြည်၏ Coffee Shops ဆိုင်များတွင် ကော်ဖီစက်ကိုသုံးကာ၊ အီတလီမှလာသောကော်ဖီစေ့များကို အမှုန့်ကြိတ်၍၊ ယခုဖျော် ယခုသောက်ပုံစံ ခေတ်စားလျက်ရှိပါသည်။

မြန်မာပရိသတ် ခံတွင်းလိုက်စေသည့် ကော်ဖီ ၃၀ မီလီမီတာကို အဆီမပါသောနို့ကရင်မ် ၁၂ မီ လီမီတာ၊ သကြားစားပွဲတင်ဇွန်း နှစ်ဇွန်းဖြင့် အရစ်သုံးရစ်ခွဲကာ စကာစစက်ကိုသုံး၍ အပေါ်မှအမြှုပ်ရိုက်ကာ လိပ်ပြာပုံ၊ အသည်းပုံနှင့် အရုပ်ကလေးများဖြင့် အလှဆင်ထားသော Italy Cappuccino၊ ထိုပုံစံမျိုးဖြင့် အဆီမပါသောနို့ကရမ် ၁၆ မီလီမီတာထည့်ကာ ခွက်ပုံစံပြောင်းထားသော Café Latte၊ ထိုပုံစံမျိုးဖြင့် ချောကလက်တစ်လွှာခင်းထားသော Mocha Coffee၊ ဘလက်ကော်ဖီကဲ့သို့ နို့လုံးဝမပါဘဲ ကော်ဖီအဆီ ၁၀ ဂရမ် ထည့်ထားသော Italy Espresso ကော်ဖီပြင်းပြင်း စသည်တို့ကို သောက်သုံးနေကြပြီဖြစ်သည်။

## လူတစ်ဦးချင်းစီ၏ စားသောက်နှုန်းသည် တစ်နေ့လျှင် ကဖိန်းဓာတ် ၂၀၀-၃၀၀ mg ထက် မပိုသင့်ပါ၊ သို့မဟုတ် . . . .

# ဆည်တော်ကြီးရေလျှောင်တမံမှ ရေများထိန်းညှိလွှတ်ပေးနေ

**မန္တလေး ဩဂုတ် ၁၈**

၂၀၁၅ ခုနှစ် ဩဂုတ်လအတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မန္တလေးတိုင်းဒေသကြီး မြောက်ဘက်ရှိ တောင်တန်းများမှ တောင်ကျရေများ စီးဝင်လာသဖြင့် ဆည်/တမံအချို့နှင့် မြစ်ချောင်းများအတွင်း ရေပြည့်ရေလျှံမှုများ ဖြစ်ခဲ့သည်။

ဆည်တော်ကြီးရေလှောင်တမံ၏ ကန်ရေပြည့်အမှတ်မှာ RL ၄၁၉ ဒသမ ၅ ပေ ဖြစ်ပြီး ဩဂုတ် ၁၄ ရက်တွင် ဆည်တော်ကြီးရေလှောင်တမံ၏ ရေအမှတ်မှာ RL ၄၁၇ ဒသမ ၈၅ ပေထိ ရေဝင်ရောက်မြင့်တက်မှုကြောင့် ရေတံခါးများအား ရေထိန်းညှိဖွင့်လှစ်ခဲ့ရသည်။ ၎င်းအပြင် မိုးရွာသွန်းမှုကြောင့် ချောင်းမကြီးချောင်း (တံငါချောင်း) အတွင်းသို့ စီးဆင်းလျက်ရှိသော သဖန်းကိုင်းချောင်း၊ ဗြိပုံချောင်းနှင့် သဲဖြူချောင်းတို့တွင်လည်း ရေအပြည့်စီးဆင်းလာပြီး ချောင်းမကြီးချောင်း(တံငါချောင်း) အတွင်း ရေအနက်ပေ(၂၁)ပေထိ ဖြစ်ပေါ်ခဲ့သည်။

အဆိုပါရေများသည် မတ္တရာမြို့နယ်အတွင်းရှိ အုတ်တိုက်၊ အထက်တောင်ကိုင်း၊ သပြေသာ၊ သပြေချောင်၊ အင်းတံခါး၊ ဝေါစု၊ ချောင်းကြီးရိုး၊ ကွဲတပ်၊ ပုဂံစု၊ ကျောက်စရစ်(မ)၊ ဝန်စု၊ ရေချောင်းဘို၊ ကျောက်စရစ်(တ) စုစုပေါင်း ကျေးရွာ ၁၃ ရွာနှင့် ကျောက်စရစ်(တ) အုတ်လုပ်ငန်းစခန်း တို့ရှိ အိမ်ခြေ ၈၇၆ အိမ်အတွင်း ရေအမှတ်အမြင့်ဆုံးတစ်ပေမှ နှစ်ပေထိ ရေဝင်ရောက်ခြင်းနှင့် မန္တလေး-မိုးကုတ်ကားလမ်း မိုင်တိုင်အမှတ်(၂၅/၄ မှ ၂၅/၆ ထိ) နှစ်ဖာလုံခန့်တွင် လမ်းအပေါ်ရေအမြင့် တစ်ပေကျော်ခန့် စီးဆင်းဖြစ်ပေါ်ခဲ့သည်။

ဩဂုတ် ၁၆ ရက်ည ၇ နာရီတွင် ဆည်တော်ကြီးရေလှောင်တမံ ရေအမှတ်မှာ RL ၄၁၄ ဒသမ ၄ ပေထိ လျော့ကျသွားပြီး ဆည်တော်ကြီးရေလှောင်တမံ၏ ရေတံခါးများ ထိန်းညှိဖွင့်ထားခဲ့ရာ ချောင်းမကြီးချောင်း (တံငါချောင်း) အတွင်း ရေပြည့်အနက်ပေ ၂၁ ပေရှိရာမှ လက်ရှိရေအနက်ပေ ၁၉ ဒသမ ၈ ပေရှိ၍ ၁ ဒသမ ၂ ပေ လျော့ကျသွားခဲ့ပြီး မန္တလေး-မိုးကုတ်ကားလမ်းပေါ်တွင်လည်း တစ်ဖာလုံခန့်သာ ရေကျော်လျက်ရှိကြောင်း၊ ဩဂုတ် ၁၆ ရက်ညပိုင်းတွင် ဆက်လက်ကျဆင်းလျက်ရှိပြီး ရေဝင်ကျေးရွာများမှာ စိုးရိမ်စရာမရှိကြောင်း တာဝန်ရှိသူများ၏ ပြောကြားချက်အရ သိရသည်။

**ကျော်ဇင်(မုံရွာ)**

# လှိုင်သာယာမြို့နယ် ဥက္ကံကျေးရွာတွင် အခြေခံလူနေမှုမြှင့်တင်ပေးရန်လိုအပ်နေ

**ရန်ကုန် ဩဂုတ် ၁၈**

လှိုင်သာယာမြို့နယ် စက်မှုဇုန်(၃)နှင့် စက်မှုဇုန်(၄)အတွင်းရှိ ဥက္ကံကျေးရွာအုပ်စုတွင် လူနေထိုင်မှုအဆင့်အတန်းမြင့်မားရေးအတွက် အခြေခံလိုအပ်ချက်များရှိနေကြောင်း ရပ်မိရပ်ဖများထံမှ သိရသည်။

ဈေးအနီးတစ်ဝိုက်လမ်းများမှာ နိမ့်ကျသဖြင့် မိုးတွင်းရေနစ်မြုပ်ခြင်း၊ ဈေးအိမ်သာများပျက်စီးနေပြီး ကျန်းမာရေးအတွက် အာမခံချက်မရှိခြင်း၊ ရေမြုပ်နေခြင်း၊ ဈေးအတွင်း သန့်ရှင်းမှုအားနည်းခြင်း စသည့်လိုအပ်ချက်များရှိနေပြီး ထိုဈေးတွင် အတွင်းဘက်တွင် ဆိုင်ခန်း ၁၀၀ ခန့်နှင့် အပြင်ဘက်တန်းဆိုင် ၁၁၀ ကျော်ရှိကြောင်း ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးမှူးထံမှ သိရသည်။

ကျူးကျော်အိမ်များသည် ကျန်းမာရေးအတွက် ယင်လုံအိမ်သာများဆောက်ထားခြင်း မရှိကြောင်း၊ ဥက္ကံဈေးမှာလည်း ပြန်လည်မြှင့်တင်တည်ဆောက်ရန် အိုးအိမ်ဦးစီးဌာနနှင့် စည်ပင်သာယာရေးတို့မှ အလွှဲအပြောင်းများကြားတွင် ဆောင်ရွက်ရန်ညှိနှိုင်းနေကြောင်း သိရသည်။

ရပ်ကွက်အတွင်း အမှိုက်ပုံများ စနစ်တကျစွန့်ပစ်ခြင်းမရှိသကဲ့သို့ အမှိုက်များ လာရောက်သိမ်းဆည်းခြင်းမရှိကြောင်း၊ သုံးရေအတွက် ပိုက်လိုင်းများဖြင့် ရေပေးဝေမှုစနစ်မရှိသဖြင့် ရေဝယ်သုံးနေရကြောင်း၊ အများပြည်သူသုံး အိမ်သာများလည်း မရှိခြင်းကြောင်း၊ လူသွားလမ်း၊ ကားလမ်းများ ချိုင့်ခွက်များဖြစ်ကာ ဆိုးရွားနေကြောင်း၊ ဆေးခန်းအနည်းငယ်သာရှိပြီး ရပ်ကွက်နေပြည်သူများအတွက် စည်ပင်သာယာမှ ဆောင်ရွက်မှုများမရှိကြောင်း သိရသည်။

ရပ်ကွက်အတွင်း အိမ်ခြေစုစုပေါင်း ၂၈၉၉ ရှိပြီး အိမ်ထောင်စု ၅၈၀၃ စုရှိကြောင်း သိရသည်။ ကျူးကျော်အိမ်ထောင်စုပေါင်း ၂၄၉၀ ရှိပြီး၊ လူဦးရေစုစုပေါင်း ၂၂၄၅၈ ဦး မဲပေးခွင့်ရှိသူ ၇၀၀၀ ကျော်ရှိသည်။ အသက် (၁၈) နှစ်အထက်ဦးရေ ၉၇၇၂ ကျော်ရှိပြီး အများစုမှာ စက်ရုံဝန်ထမ်းများနှင့် အရောင်းအဝယ်လုပ်ကိုင်ကြသည်။ လှိုင်သာယာမြို့သည် ယခင်က လယ်မြေများဖြစ်ပြီး ကျေးရွာအုပ်စုကိုးအုပ်စုရှိပြီး ရွာ ၁၃ ရွာဖြင့် ဖွဲ့စည်းထားကြောင်း ရပ်ကွက်၊ ကျေးရွာ ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌထံမှ သိရသည်။

ဧည့်စာရင်းဖြင့်နေထိုင်သူများမှာ ရပ်/ကျေးအဆင့်ဖြစ်သဖြင့် တစ်ပတ်တစ်ခါသာ ဧည့်စာရင်းတိုင်ကြားခွင့်ပြုထားကြောင်းနှင့် သတ်မှတ်ချက်အရ မြို့နယ်အဆင့်တွင် တစ်လဧည့်စာရင်းပေးပြီး ခရိုင်အဆင့်တွင် ခြောက်လဧည့်စာရင်းပေးလေ့ရှိကြောင်း ရပ်ကျေးအုပ်ချုပ်ရေးမှူး ဦးသိန်းလွင်က ပြောသည်။ ကျန်ရှိမဲစာရင်းများကို ဩဂုတ် ၂၃ ရက်တွင် ထပ်မံကြေညာကာ ကပ်သွားမည်ဟု ရပ်/ကျေးရွေးကောက်ပွဲကော်မရှင်ရုံးမှ သိရသည်။ **ဖိုးသန့်**

# အင်္ဂပူမြို့နယ်အတွင်းရှိ ကျေးရွာများမှ ရေဘေးသင့်အိမ်ထောင်စုဝင်များအား ထောက်ပံ့ပစ္စည်းများ ပေးအပ်

**အင်္ဂပူ ဩဂုတ် ၁၈**

ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ်ဦးသိန်းအောင်သည် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် အလှူရှင်များလိုက်ပါလျက် ဩဂုတ် ၁၆ ရက် နံနက် ၁၀ နာရီက အင်္ဂပူမြို့နယ် အုတ်တွင်းကျေးရွာအုပ်စု တပ်စုကျေးရွာတွင် ရေဘေးသင့်ပြည်သူများနှင့်တွေ့ဆုံ၍ ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်ခဲ့သည်။

ယင်းသို့ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ပေးအပ်ပွဲကို တပ်စုကျေးရွာဘုန်းတော်ကြီးကျောင်းတွင် ပြုလုပ်ခဲ့ရာ ဝန်ကြီးချုပ်က အုတ်တွင်းကျေးရွာအုပ်စုရှိရေဘေးသင့်အိမ်ထောင်စု ဝင် ၁၃၂ စုအား အားပေးစကားပြောကြားခဲ့ကြောင်း သိရသည်။

ယင်းနောက် တိုင်းဒေသကြီးအစိုးရအဖွဲ့၊ ဧရာဝတီဖောင်ဒေးရှင်းနှင့် ခိုင်သစ်ကုမ္ပဏီတို့မှ လှူဒါန်းသော ထောက်ပံ့ပစ္စည်းများအား ဝန်ကြီးချုပ်နှင့် အလှူရှင်များက ပေးအပ်လှူဒါန်းရာ ရေဘေးသင့်ပြည်သူများက လက်ခံရယူခဲ့ကြကြောင်းသိရသည်။

ယင်းနောက် ဝန်ကြီးချုပ်နှင့်အဖွဲ့သည် အင်္ဂပူမြို့နယ်အတွင်းရှိ သက္ကယ်ပြင်(မဲ)၊ ပန်းတင်နှင့် မကျီးကုန်းကျေးရွာအုပ်စုများသို့သွားရောက်ပြီး ရေဘေးသင့်မိသားစုဝင်များနှင့် တွေ့ဆုံအားပေးစကားပြောကြားကာ ထောက်ပံ့ပစ္စည်းများပေးအပ်ခဲ့သည်။

**မန်းကျော်(ပြန်/ဆက်)**

# ပြည်သူတို့၏လိုအပ်ချက်များ ကြန့်ကြာမှုမရှိစေရန် ပြည်သူ့ဝန်ဆောင်မှုရုံး လှိုင်လင်မြို့၌ဖွင့်



**လှိုင်လင် ဩဂုတ် ၁၈**

ပြည်သူတို့၏လိုအပ်ချက်များကို အချိန်ကြန့်ကြာမှုမရှိစေရန်၊ လုပ်ငန်းများဆောင်ရွက်ရာတွင် တစ်နေရာတည်းတွင် one stop shop ဆောင်ရွက်နိုင်ရန် ပြည်သူ့ဝန်ဆောင်မှုရုံးများဖွင့်လှစ်ရာ လှိုင်လင်ခရိုင် လှိုင်လင်မြို့နယ်တွင် ဩဂုတ် ၁၇ ရက် နံနက် ၉ နာရီခွဲက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စုပေါင်းရုံးရှေ့တွင် ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ ပြည်သူ့ဝန်ဆောင်မှုရုံးတွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ စည်ပင်သာယာရေးဌာန၊ အခွန်ဦးစီးဌာန၊ လယ်စီစာရင်းအင်းဌာန၊ လျှပ်စစ်ဌာနနှင့် ပြည်သူ့ကျန်းမာရေးဌာနတို့ပါဝင်ကြောင်း သိရသည်။

**မိုးလွင်ဦး(လှိုင်လင်)**

# အင်းတော်မြို့နယ်အတွင်းရှိ လမ်း၊ တံတားများအတွက် တပ်မတော်မှ ဘိလပ်မြေများထောက်ပံ့

**ကသာ ဩဂုတ် ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ်အတွင်း ရေကြီးရေလျှံမှုများကြောင့် ပျက်စီးခဲ့သော လမ်း၊ တံတားများပြုပြင်ရန် တပ်မတော်က ဘိလပ်မြေများကို ဩဂုတ် ၁၆ ရက်တွင် အင်းတော်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးတွင် ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများမှ အင်းတော်မြို့နယ်အတွင်း ပျက်စီးသွားသော လမ်း၊ တံတားများပြုပြင်ရန် ဘိလပ်မြေအိတ် ၂၀၀(၁၀) တန်အား တပ်မတော်ယာဉ်သုံးစီးဖြင့် လာရောက်လှူဒါန်းရာ အင်းတော်မြို့နယ် အထောက်အကူပြုကော်မတီဝင်များက လက်ခံရယူခဲ့ကြောင်း သိရသည်။

ရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့သော စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ကန့်ဘလူမြို့နယ်၊ ကျွန်းလှမြို့နယ်၊ ကောလင်းမြို့နယ်နှင့် အင်းတော်မြို့နယ်ရှိ လမ်း၊ တံတားများပြုပြင်ရန်အတွက် တပ်မတော် (ကြည်း၊ ရေ၊ လေ)မိသားစုများမှ ဘိလပ်မြေ ၁၀၀ တန်အား ထောက်ပံ့လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ကိုနိုင်(အင်းတော်)**



## စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း(၅/၂၀၁၅)

၁။ မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းအတွက် Aviation Lubricating Oil and Grease (4)Items [Open Tender No.MPPE/AV(LUB)/T/2(2015-2016)]ကို အမေရိကန်ဒေါ်လာ(CIF Yangon)ဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများတင်သွင်းကြပါရန် ဖိတ်ခေါ်ပါသည်။

၂။ တင်ဒါပုံစံစတင်ရောင်းချမည့်ရက် -၁၉-၈-၂၀၁၅ရက်

၃။ တင်ဒါပိတ်မည့်ရက်နှင့်ပိတ်မည့်အချိန် -၁၅-၉-၂၀၁၅ရက် (၁၂း၀၀)နာရီ

၄။ အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက ဖုန်းနံပါတ်-၀၆၇-၄၁၁၄၈၇သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**စီမံရေးဌာန**
**မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း**
**စွမ်းအင်ဝန်ကြီးဌာန၊ ရုံးအမှတ်(၆)၊ နေပြည်တော်**

---

**တရုတ်**
ကားပြောရုံပဲဆိုရင် Sayar.Yang
(တရုတ်)စာမတတ်လည်းပြောလို့ရတယ်။
**Great Wall** ၈တန်း၆ပြ ၊ ၈တန်းပြန်

**ENGLISH Conversation Practice**
ပြောလိုပြီးပြောမတတ်သူ
ပြောတတ်ပြီးပြောမထွက်သူအတွက်
စကားပြောလေ့ကျင့်သင်တန်း
TAMWE - 540714, 09 5183636
09 49 285182

---

**ASIA KING 09-43114301,09-420221257**
+ ကျောက်စိမ်းစေတီ၊ မန္တလေးမဟာမြတ်မုနိ၊ (နေပြည်တော်)
နေ့ချင်းပြန် (အပတ်စဉ်-သောကြာ၊ စနေ) Package- 40000
+ ရွှေတောင်ပြန်း မင်းနှစ်ပါးပွဲ၊ အထက်ဘုရားစုံဖူး... Aug 23/24
+ (၆၃)ကြိမ်မြောက် အဘအောင်မင်းခေါင် ထွက်ရပ်ပူဇော်ပွဲ နှင့်အထက်ဘုရားစုံ
ကြိုတင်လက်မှတ်ရောင်းပြီ။ ကားမျိုးစုံစီးလုံးဌားစိတ်တိုင်းကျစီစဉ်ပေးသည်။

---

**အ.ထ.က(၁) မင်္ဂလာတောင်ညွန့်(ယခင်ကန်တော်လေးစတိတ်)**
**ဒသမ အကြိမ်မြောက် ဖြတ်ဆရာပူဇော်ပွဲကျင်းပရေးနှင့်**
**ကျောင်းသားဟောင်းအသင်းသားစုံညီအစည်းအဝေးဖိတ်ကြားလွှာ**

အ.ထ.က(၁)မင်္ဂလာတောင်ညွန့်(ယခင်ကန်တော်လေးစတိတ်)ဒသမ အကြိမ်မြောက် ဖြတ်ဆရာပူဇော်ပွဲကျင်းပရေးအစည်းအဝေးနှင့် ကျောင်းသားဟောင်းအသင်းသားစုံညီအစည်းအဝေး(၂၀၁၅)အား အောက်ပါအတိုင်းကျင်းပမည်ဖြစ်ပါ၍ အသင်းဝင်ကျောင်းသားဟောင်းများနှင့် အသင်းဝင်သည်ဖြစ်စေ၊ မဝင်သည်ဖြစ်စေ ကျောင်းသားဟောင်းများတက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

နေ့ရက် - ၂၃-၈-၂၀၁၅ (တနင်္ဂနွေနေ့)
အချိန် - ၁၂း၃၀ နာရီ
နေရာ - အ.ထ.က(၁) မင်္ဂလာတောင်ညွန့်(ဖြတ်မင်္ဂလာခန်းမ)
ကျောင်းသားဟောင်းအသင်း၊ အ.ထ.က(၁)မင်္ဂလာတောင်ညွန့်
(ယခင်ကန်တော်လေးစတိတ်)

---

**ချမ်းမိုင်သစ္စာ** 562829,09-73198239 569782,09-450006779
• ရွှေတောင်ပြိုးပွဲတော်(သီးသန့်) (၂/၃) ကားမျိုးစုံ စီးလုံးငှား စီစဉ်ပေးပါသည်။
• ရွှေတောင်ပြိုးပွဲတော်၊ မန္တလေး၊ ပြင်ဦးလွင် (၃/၄)
• ရွှေတောင်ပြိုး၊ မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ မုံရွာ (၄/၅)
• ရွှေတောင်ပြိုး၊ မန္တလေး၊ စစ်ကိုင်း၊ မုဂံ၊ မုံရွား (၄/၅)
ချောင်းသာ (အပတ်စဉ် သောကြာ)

---

**လ-၂/ထ-၅ မြောက်ဥက္ကလာပ**

၂၀၁၅ ခုနှစ်၊ဒီဇင်ဘာလတွင်ရွှေရတု မဂ္ဂဇင်းထုတ်မည်ဖြစ်ပါသဖြင့် စာမူများ အောက်တိုဘာ (၃၁)ရက်အတွင်း ပို့ကြပါရန်-ဆရာ၊တပည့်အဟောင်းအသစ်တို့အား နှိုးဆော်ပန်ကြားအပ်ပါသည်။
ပေးပို့ရန်-
၁။ ဦးသောင်းစိန်(ကျောင်းအုပ်) 09 -3018527
၂။ ဦးသက်နိုင် (ဆရာ) 09-420160629
၃။ ဦးဝင်းမောင်(ငြိမ်း) 09-254274550

**အ.ထ.က(၅)၊ သန္တာလမ်း၊မ/ဥက္ကလာပ။**

---

**သင့်သွေးဖြင့် အသက်ကယ်ပါ**









## စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)
## (၁၃/၂၀၁၅)

၁။ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းအတွက် အောက်ဖော်ပြပါ ရေနံတူးဖော်/ထုတ်လုပ်မှုဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများအား နိုင်ငံခြားငွေ (အမေရိကန်ဒေါ်လာ)/မြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပ်နှံဆောင်ရွက်လိုပါသည်။

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် | မှတ်ချက် |
|---|---|---|---|
| (၁) | OS-001(15-16) | 24" Offshore Domestic Gas Pipeline (Nearshore Section) Acousitc Survey | US$ |
| (၂) | Container-(2/2015) | ကွန်တိန်နာသယ်ယူပို့ဆောင်ခြင်းလုပ်ငန်း (ရန်ကုန်ဆိပ်ကမ်းများမှ သာကေတ ကမ်းလွန်ရေနံအခြေစိုက်စခန်းသို့ အသွား/အပြန်) (၁-၁၀-၂၀၁၅ မှ ၃၁-၃-၂၀၁၆)အထိ | Ks |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ကြော်ငြာပါသည့်နေ့မှစ၍ ရုံးချိန်အတွင်း စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်တွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ အဆိုပါ အိတ်ဖွင့်တင်ဒါများကို ၁၄-၉-၂၀၁၅ ရက် ၁၆း၃၀ နာရီတွင် နောက်ဆုံးထား၍ ကမ်းလွန်ရေနံနှင့်သဘာဝဓာတ်ငွေ့ဌာနနှင့်ပစ္စည်းစီမံဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်သို့ **(လူကိုယ်တိုင်)** လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။

**မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း**
ဖုန်း-၀၆၇-၄၁၁၀၉၇၊ ၄၁၁၂၀၆၊ ၀၆၇-၄၁၁၃၃၁

NAY LIN AUNG
FINANCE & ACCOUNTANCY ACADEMY
APPROVED LEARNING PARTNER ACCA Gold
ACCA (UK) Part - I (F2,F3)
For September Intake 2015
Enrol Now
အမှတ်(၁၈)၊(၃အေ-၆ဘီ)၊သပြေညို(၂)တိုက်၊ဦးထွန်းလင်းခြံလမ်း၊လှည်းတန်း၊ကမာရွတ်မြို့နယ်။
၀၁ -၅၀၄၇၃၇၊ ၅၁၂၉၀၀၊ ၀၉ ၄၅၀၀၂၆၄၆၊ ၀၉ ၇၃၁၀၈၄၀၉၊ ၀၉ ၅၁၇၀၁၁၅

နိုင်ငံတကာကျောင်းများမှ ကျောင်းသားကျောင်းသူများ သိထားသင့်သော
CROWN EDUCATION Yangon . Myanmar
"ပညာရေးစနစ်နှင့်တက္ကသိုလ် ပညာရေးလမ်းကြောင်းများ"
KAPLAN HIGHER EDUCATION ACADEMY

- ပြည်ပမှာကျောင်းတက်ဖို့ iGCSE, GCE 'A', SAT တွေကို ဘယ်အချိန်မှာ ပြင်ဆင်သင့်သလဲ၊ ဘာတွေကွာခြားလဲ
- Grade 9, 10 (Sec 3, Sec 4) ရောက်ပြီဆို ဘယ်ပညာရေးလမ်းကြောင်းတွေကို ပြင်ဆင်ထားသင့်သလဲ
- စင်ကာပူအစိုးရတက္ကသိုလ် (NUS - NTU - SMU) များသို့ ဝင်ခွင့်လျှောက်ထားခြင်း
- iGCSE / SAT အမှတ်များတင်ပြစရာမလိုအပ်ဘဲ (၂)နှစ်ခွဲအတွင်း အင်္ဂလန်၊ ဩစတြေးလျတို့မှ ပေးအပ်မည့်ဘွဲ့ကို စင်ကာပူတွင် သင်ယူနိုင်မည့်အခွင့်အရေး
- (၉)တန်းအောင်မြင်ပြီးသူများ iGCSE မလိုအပ်ဘဲ Murdoch University, Northumbria University, University of Portsmouth, Royal Holloway University of London, University of Essex နှင့် University College Dublin(Ireland) ၏ ဘွဲ့များကို စင်ကာပူတွင် အချိန်တိုအတွင်း ရယူနိုင်မည့်အခွင့်အရေး

ဟောပြောမည့်သူ
ဦးအောင်ကျော်ဆန်း (Educational Consultant)
British Council Education UK Agents Certificate Distinction

ဟောပြောမည့်သူ
ဒေါ်ခိုင်ခိုင်လင်း (Country Manager)
Kaplan Higher Education Academy)

22 Aug
10:00 am - 12:00 noon
CROWN Education Office



REGISTER NOW : 09 730 40 688, 09 732 732 77, 09 311 88 733

ဗန်း ဓမ္မ သံဃ
ရှိုင်းဝေဟင်
Travels & Tours Co.,Ltd
မြောင်းမြဘုရားစုံဖူးခရီးစဉ်
(Aug 21-ည) (11:00)နာရီ
Aircon Express စရိတ်ငြိမ်း၊ ၃၀၀၀၀/-
Ph: 09-43118420, 095012525, 09-31124054

ဒဂုံမြို့သစ်
အရှေ့ပိုင်း
ဆိပ်ကမ်းမြို့နယ်
တောင်ပိုင်း၊မြောက်ပိုင်း
များရှိမြေကွက်များကို
ဈေးကောင်းပေးဝယ်သည်၊
09-6809893
09-6819020




ဖုန်းခေါ်ဆိုခ အနည်းဆုံး
၂၀ကျပ်/မိနစ်
အခုပဲ ငွေဖြည့်ပြီး တစ်မိနစ် ၂၀ကျပ်နဲ့
ပြည်တွင်းဖုန်းအားလုံးကို ခေါ်ဆိုလိုက်ပါ။
ooredoo
ကြည်လင်ပြတ်သားတဲ့ အသံနှင့်
အခုပဲ ဖလန်းဖလန်းကို ရယူစို့

## အထူးကျေးဇူးတင်ရှိခြင်း

**ဦးချစ်အောင်**

**အသက်(၇၁)နှစ်**

**ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း)**

**လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန**

၉-၈-၂၀၁၅ရက်တွင်ကွယ်လွန်သွားသော ဦးချစ်အောင်၏ နာရေးကိစ္စအဝဝတွင် ပြီးစီးသည်အထိအဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသော လ. ဝ. က မှ အရာရှိများနှင့်ဝန်ထမ်းများအားလည်းကောင်း၊ စာရင်းစစ်ချုပ်ရုံးမှ ဝန်ထမ်းများ၊ ကြည့်မြင်တိုင်မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံးမှ အုပ်ချုပ်ရေးမှူးနှင့်ဝန်ထမ်းများအားလည်းကောင်း၊ ဝိုင်းဝန်းကူညီပေးကြသော သူငယ်ချင်းမိတ်ဆွေများနှင့်ရပ်ဝေးရပ်နီးမှ ညီအစ်ကိုမောင်နှမဆွေမျိုးမိတ်သင်္ဂဟများနှင့်ကျေးဇူးတင်ထိုက်သူများအားလုံးကို ကျေးဇူးဥပကာရတင်ရှိပါကြောင်း ကျန်ရစ်သူမိသားစုမှ ကျေးဇူးအထူးတင်ရှိပါသည်။

**ကျန်ရစ်သူမိသားစု**

---

**အမည်ပြောင်း**

ဦးထွန်းထွန်းနိုင်၏ သားဖြစ်သူ အထက(၁)ဒဂုံ၊ သတ္တမတန်းမှ မောင်ဖိုးသောကြာအား မောင်သန့်စင်ဖြိုးဟု ပြောင်းလဲခေါ်ပါရန်။

**မောင်သန့်စင်ဖြိုး**

---

ကျောက်တန်းမြို့၊တောတိုက်မြကမ္ဘာအေးသိလရှင်စာသင်တိုက်၊
သိရိမင်္ဂလာမြကံသာဗိမာန်ဒါယိကာ၊
သုခမ္မသိင်္ဂီ ဒေါ်စမ်းစမ်း ၏ချစ်ခင်ပွန်း၊ ချစ်စု၊ ဖူးဖူး၊
ချောချော (Win & San Diamonds and Fine Jewellery)
တို့၏ဖခင် ဦးဝင်းနိုင်၊
မိသားစုနှင့်ခွဲခွာ၍ဘဝတစ်ပါးပြောင်းသွားသော ဘုရား၊
သိမ်၊ ကျောင်း၊ ဗိမာန်၊ ရဟန်း ဒါယိကာကြီး ဦးဝင်းနိုင်
ကောင်းရာသုဂတိ ရောက်ရှိပါစေသော်ဝ်။

ဆရာကြီး ဒေါ်ဝဏ္ဏစာရီ၊ ဒေါ်စန္ဒမာလာ
နှင့် တပည့်ဆရာလေးများ။

---

## ဂမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

**ဦးအေးဖေ (၈၇)နှစ်**

**ကြည်း-၆၄၈၅၊ ဗိုလ်သင်တန်း အမှတ်စဉ်(၈)**

**သံအမတ်ကြီး(ငြိမ်း)**

ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူ - ဒေါက်တာဒေါ်ခင်ဆွေမြင့်တို့၏အစ်ကို ဦးအေးဖေသည် ၉-၈-၂၀၁၅ရက် မွန်းလွဲ ၁၂း၃၀ နာရီတွင် ရန်ကုန်မြို့၌ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဂမ်းနည်းကြေကွဲရပါသည်။

**ဦးတင်ထွန်းအောင် + ဒေါ်မြမြဖြိုး**
Youth Force Group of Companies

---

**စာအုပ်စာပေလူ့မိတ်ဆွေ**

---

**ဦးကျင်မောင်(ခ)ကောင်ကျင်ဖို့**

**အသက်(၉၄)နှစ်**

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ အနော်ရထာလမ်း၊ (၁၄)လမ်းထိပ်၊ အမှတ်(၁၈၅)၊ ပထမထပ်နေ (ဦးပု-ဒေါ် ညွန့်မေ)တို့၏သား၊ ဒေါ်မြစိန်၏ခင်ပွန်း၊ ဦးကျင်ထွန်း-(ဒေါ်ရင်ရင်)၊ ဦးလှရွှေ-ဒေါ်ရှုရင် (U.S.A)၊ ဒေါက်တာမောင်မောင် လင်း(W.H.O)-ဒေါက်တာယုံးရင်၊ (ဦးဖုန်းရွှေ)၊ ဦးစံရွှေ (Ok Myanmar)-ဒေါ်အေးအေးငြိမ်း၊ ဦးခင်ရွှေ-ဒေါ်ခင် အေးမိုး၊ ဦးညွန့်ရွှေ၊ ဒေါက်တာမြင့်ရွှေ (ပါရမီသွားနှင့်ခံတွင်းဆေးခန်း)-ဒေါ်ဘေဘီစန်းကြည်၊ (ဒေါ်အေးအေးမာ) တို့၏ဖခင်၊ မြေး၁၀ယောက်၊ မြစ်တစ်ယောက်တို့၏အဘိုးသည် ၁၄-၈-၂၀၁၅ (သောကြာနေ့) နံနက် ၅နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအား ရည်စူး၍ ၂၀-၈-၂၀၁၅(ကြာသပတေးနေ့) နံနက် ၈နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်း ကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ဆရာကြီးဦးအေးလွင် (၈၂)နှစ်**

**စက်မှု(၁) အငြိမ်းစား**

**ရွှေတိဂုံစေတီတော်ဘာသာရေးအသင်းများအကျိုးဆောင်အဖွဲ့နာယက**

**မနောစိတ္တပုပ္ပါဒ်အသင်းနာယက၊ ဥက္ကဋ္ဌ**

ပဲခူးမြို့နေ (ဦးအောင်ဖေ-ဒေါ်ဖွား)တို့၏သား၊ (ဦးချို-ဒေါ်ကြည်)၊ (ဦးအုန်းမြင့်)၊ ဒေါ်အေးမြင့်တို့၏ညီ/မောင်၊ (ဦးလှမြင့်)၏အစ်ကို၊ ရန်ကုန်မြို့၊ တောင် ဥက္ကလာပမြို့နယ်၊ ကောလိယ(၃၁)လမ်း၊ (၁၃)ရပ်ကွက်၊ အမှတ်(၃၃၆)နေ (ဒေါ်ခင်မမလေး)၏ခင်ပွန်း၊ (ဦးမင်းအောင်မွန်)-ဒေါ်သီတာလွင်တို့၏ဖခင်၊ မောင်အောင်ခန့်ကျော် (အဋ္ဌမတန်း-A၊ အထက-၁၊ သင်္ဃန်းကျွန်း)၏အဘိုး ဆရာကြီးဦးအေးလွင်သည် ၁၅-၈-၂၀၁၅ရက် မွန်းတည့် ၁၂နာရီတွင် ရွှေဂုံတိုင် အထွေထွေရောဂါကုဆေးရုံ SSC ၌ ကွယ်လွန်သွားပါသဖြင့် ၁၉-၈-၂၀၁၅ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ပစ္စည်းလေးပါး သာသနာ့ဒါယကာကြီး**

**ဦးဝင်းနိုင်(၅၈)နှစ်**

**Win & San (Diamonds and Fine Jewellery)**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၁၀)ရပ်ကွက်၊ အောင်မင်းခေါင်ဘုရားလမ်း၊ အမှတ်(၃၆/စီ)နေ သုခမ္မသိင်္ဂီဒေါ်စမ်းစမ်း(Win & San Diamonds and Fine Jewellery)၏ ချစ်လှစွာသောခင်ပွန်း၊ မချမ်းငြိမ်းဆု၊ မဖူးပွင့်ခိုင်၊ မချောခိုင်ခိုင်ဆက်တို့၏ ကျေးဇူးရှင်ဖခင်သည် ၁၄-၈-၂၀၁၅ရက် နံနက်၈း၁၀နာရီတွင် Thai နိုင်ငံ Bangkok မြို့ Bangkok Hospital ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**သုခမ္မမဏိဇောတရေ ဦးသန်းဝင်းနှင့်ဇနီးဒေါ်မြမြဝင်း**

**အဘိဓမ္မဓရ သုခမ္မမဏိဇောတရေ ဦးမျိုးဆက်၊ မသီသီမြ(စိမ်းလန်းမြေ)**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ပစ္စည်းလေးပါးသာသနာ့ဒါယကာကြီး**

**ဦးဝင်းနိုင်**

**အသက်(၅၈)နှစ်**

**Win & San(Diamonds and Fine Jewellery ပိုင်ရှင်**

Win & San(Diamands and Fine Jewellery ပိုင်ရှင်ဖြစ်သူ ဦးဝင်းနိုင်သည် ၁၄-၈-၂၀၁၅ရက် နံနက် ၈း၁၀နာရီတွင် ထိုင်းနိုင်ငံ Bangkok Hospital ဆေးရုံ၌ ကွယ်လွန်သွားပါကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဒေါက်တာဇေယျာညွန့်-ဇနီး ဒေါ်အိသန္တာဘိုမိသားစု**

**Asia Luxury Group Co.,Ltd**

---

# အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ပစ္စည်းလေးပါး သာသနာ့ဒါယကာကြီး**

## ဦးဝင်းနိုင်

## အသက်(၅၈)နှစ်

**Win &San (Diamonds and Fine Jewellery)**

သုခမ္မသိင်္ဂီဒေါ်စမ်းစမ်း(Win & San Diamonds and Fine Jewellery)၏ ချစ်လှစွာသောခင်ပွန်း ဦးဝင်းနိုင်သည် ၁၄-၈-၂၀၁၅ရက် နံနက် ၈း၁၀နာရီတွင် Thai နိုင်ငံ Bangkok မြို့ Bangkok Hospital ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးကျော်မင်းအောင်-ဒေါ်တင်မမ၊ ဦးအိုင်ထွန်း-ဒေါ်နန်းခင်ညွန့်**
**ဦးကျော်သူ-ဒေါ်မီမီဦး၊ ဦးထွန်းတင်-ဒေါ်တင်တင်ဆွေ**
**ဦးမြင့်စိုး-ဒေါ်သန်းသန်းစု၊ ဦးစိုးအောင်-ဒေါ်မာလာသန်း**
**ဦးမင်းသိန်း-ဒေါ်ယုလဲ့ထွန်း၊ ဦးဝင်းလွင်-ဒေါ်စန်းစန်းလွင်**
**ဦးတင့်လွင်-ဒေါ်မေရီခြူး၊ ဦးအောင်ဇေယျာလွင်-ဒေါ်ကလျာပြည့်ဝေသျှန်**

Hot Line No-0930500100

# ရေဘဝဲ (၃) ရေယာဉ် မော်လမြိုင် – ကလို့ ခရီးလမ်းပြန်လည်ပြေးဆွဲ

**ရန်ကုန် ဩဂုတ် ၁၈**

ပြည်တွင်းရေကြောင်းပို့ဆောင်ရေး သံလွင်ဌာနခွဲမှ ရေဘဝဲ(၃)ရေယာဉ်သည် သံလွင်သင်္ဘောကျင်း၌ ပြုပြင်ပြီးစီးခဲ့ပြီး ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၏ စစ်ဆေးချက်အရ ပြန်လည်ပြေးဆွဲခွင့်ပြုခဲ့သဖြင့် ဩဂုတ် ၁၇ ရက်မှစပြီး မော်လမြိုင်-ကလို့ ခရီးလမ်းတွင် ပုံမှန်ပြန်လည်ပြေးဆွဲခဲ့သည်။

ယင်းကဲ့သို့ ရေယာဉ်ခရီးလမ်း ပြန်လည်ပြေးဆွဲပေးခဲ့သဖြင့် ချောင်းဆုံ၊ ဘီလူးကျွန်းဒေသခံ ပြည်သူများအနေဖြင့် ဘေးအန္တရာယ်ကင်းရှင်းပြီး လုံခြုံစိတ်ချရသော ဇက်ကူးတို့ရေယာဉ်ဖြင့် ခရီးသွားလာနိုင်ကြပြီဖြစ်သဖြင့် အထူးဝမ်းသာလျက်ရှိကြပြီး ကုန်စည်ကူးသန်းရောင်းဝယ်မှုများလည်း အဆင်ပြေစွာ ဆောင်ရွက်နိုင်ကြပြီဖြစ်ကြောင်း သိရသည်။ **(ကြေးမုံ)**




ယနေ့ မာတိကာ

အစဉ်အမြဲသတိရှိ
စာမျက်နှာ - ၂

အမှန်တကယ်လိုအပ်သည့်နေရာတွင် လိုအပ်သလိုပံ့ပိုးပေးနိုင်မည့် အကျိုးရှိသော အကူအညီဖြစ်ရန် လိုပါသည်
စာမျက်နှာ - ၄

ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားများ အထူးသတိပြုနေထိုင်သွားလာကြရန် ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံရုံးမှ သတိပေးနှိုးဆော်ထား
စာမျက်နှာ - ၆


## ဆိုင်ကလုန်းမုန်တိုင်း ဂိုနီနှင့် အက်ဆာနာတို့ မြန်မာနိုင်ငံသို့ ဝင်ရောက်မည့် အခြေအနေနည်းပါး

**နေပြည်တော် ဩဂုတ် ၁၈**

ပစိဖိတ် သမုဒ္ဒရာတွင် ဆိုင်ကလုန်းမုန်တိုင်း ဂိုနီ (Cyclone Goni)နှင့် အက်ဆာနာ (Atsana)တို့ ဖြစ်ပေါ်နေသော်လည်း မြန်မာနိုင်ငံသို့ ဝင်ရောက်နိုင်မည့်အခြေအနေ နည်းပါးသည်ဟု ခန့်မှန်းထားကြောင်း သိရသည်။ သို့ရာတွင် အဆိုပါမုန်တိုင်းကြောင့် မြန်မာနိုင်ငံအထက်ပိုင်းဒေသများ၌ မိုးပိုလာနိုင်သည်ဟု ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန အရေးပေါ်အခြေအနေစီမံခန့်ခွဲမှုဗဟိုဌာန၏ ဩဂုတ် ၁၈ ရက် မွန်းလွဲပိုင်း သတင်းထုတ်ပြန်ချက်အရ သိရသည်။ **(သတင်းစဉ်)**

# ၃၁ နှစ်တာကာလအတွင်း ပထမဆုံးအကြိမ် စပိန်စူပါဖလား ဘီဘာအိုဆွတ်ခူး




© AFP/Getty Images

ဘာစီလိုနာအသင်းနှင့် ဘီဘာအိုအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့သည့် စပိန်စူပါဖလားပြိုင်ပွဲတွင် ဘီဘာအိုအသင်းက ဘာစီလိုနာအသင်းအား နှစ်ကျော့ပေါင်းရလဒ် ငါးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိကာ ၃၁ နှစ်တာကာလအတွင်း ပထမဆုံးအကြိမ်အဖြစ် စပိန်စူပါဖလားကို ဘီဘာအိုအသင်းက ဆွတ်ခူးအောင်ပွဲခံနိုင်ခဲ့ပြီဖြစ်သည်။

ဘီဘာအိုအသင်းသည် ပထမအကျော့အိမ်ကွင်းယှဉ်ပြိုင်ကစားခဲ့ရစဉ်က ဘာစီလိုနာအသင်းအား လေးဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့ပြီး ဒုတိယအကျော့ဘာစီလိုနာအသင်း၏ အိမ်ကွင်းနူးကမ့်၌ ယှဉ်ပြိုင်ကစားခဲ့စဉ်တွင် တစ်ဖက် တစ်ဂိုးစီသရေရလဒ် ထွက်ပေါ်ခဲ့သည်။

ဘာစီလိုနာအသင်းနှင့် ဘီဘာအိုအသင်းတို့၏ စပိန်စူပါဖလားဒုတိယအကျော့တွင် ဘာစီလိုနာအသင်းသည် တိုက်စစ်ပိုင်းတွင် မက်ဆီ၊ ဆွာရက်ဇ်၊ ပက်ဒရို စသည့် ကစားသမားများဖြင့် ပွဲထွက်လာခဲ့ပြီး ပွဲကစားချိန်

စာမျက်နှာ ၁၄ ကော်လံ ၅ သို့


NZM
# နေဇင်မင်းကုန်စည်ပို့ဆောင်ရေး
www.nzm-logistics.com
info@nzm-logistics.com

ရန်ကုန် ⟷ မန္တလေး ⟷ မူဆယ်နှင့်မြန်မာပြည်အနှံ့သို့ ကုန်စည်ပို့ဆောင်ပေးခြင်းနှင့် ဂျူတီဝန်ဆောင်မှုများကို ဆောင်ရွက်ပေးလျက်ရှိပါသည်။



ရန်ကုန်ရုံး
မန္တလေးရုံး
ကျယ်ဂေါင်ရုံး


themirror.npt@gmail.com
www.facebook.com/themirrordaily